ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်

# ရာဇဝတ် ဂျာနယ်

Crime News Journal

ကူညီပါရစေ

မြို့တော်အတွင်း ဒုစရိုက်သမားများအတွက် နေရာမရှိစေရ။
ပြည်သူ့လုံခြုံမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန်ဆောင်ရွက်ပါမည်။
ပြည်သူလူထုမှ ပူးပေါင်းပါဝင် ကူညီကြပါ။
ထူးခြားမှုသတင်းနှင့် ဖြစ်စဉ်များအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန်။

| | | |
|---|---|---|
| ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ | - | [illegible] |
| အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | [illegible] |
| အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | [illegible] |
| မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | [illegible] |
| တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | [illegible] |

အတွဲ(၂၂)၊ အမှတ်(၃၈) ၄ ရက်၊ ဇူလိုင်လ၊ ၂၀၁၈ ခုနှစ်

## ဦးလေးဖြစ်သူနဲ့ ပွဲစားတွေက သန်လျင်မြို့နယ်တွင် အသက်(၂၀)အရွယ် မိန်းကလေးတစ်ဦးကို မူဆယ်နယ်စပ်၌ အိမ်အကူ၊ ဈေးရောင်းလုပ်ကိုင်ရမည်ဟု လိမ်လည်ပြောဆိုပြီး တရုတ်မယားအဖြစ် ရောင်းစားလိုက်ကြတဲ့ကိစ္စ

PAGE 11



## မလေး မူးယစ်အမှု ထိပ်တန်းသံသယတရားခံဟာ လူကုန်ကူးဂိုဏ်းခေါင်းဆောင်လို့လည်း စွပ်စွဲခံနေရ

PAGE 6

## တို့ဆေးဖြင့် လိမ်သွားသူဟု နာမည်ကျော်နေသော အမျိုးသမီးတစ်ဦးကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့တို့မှ ဖော်ထုတ်ဖမ်းဆီးလိုက်ပြီ

PAGE 4



## အမျိုးသမီးတစ်ဦးရဲ့လက်ကိုဆွဲမိသူ ရာအိမ်မှူး တရားစွဲခံရ

PAGE 11





## အမျိုးသမီးတစ်ဦးပါတဲ့ ငွေစက္ကူအတုပြုလုပ် သုံးစွဲသူလေးဦး ဝုသိမ်တွင် ဖမ်းမိ

PAGE 12



## သိပ်ချစ်တဲ့ လင်မယား ဒီလိုဖြစ်သွားတာ ကြားရ ဖတ်ရသူတိုင်း စိတ်မကောင်းဖြစ်နေ ကြ

PAGE 8

## Myanmar I dol ပြိုင်ပွဲဝင်နေသူ နီလန်း၏ချစ်သူ ဘာကြောင့်မှန်းမသိ ကြိုးဆွဲချ သေဆုံး

PAGE 17

## နမ ဖြစ်သူ နှင့် ရန်ဖြစ် လုံးထွေးသတ်ပုတ်နေသည့်ခင်ပွန်းဖြစ်သူအား အစ်ကိုဖြစ်သူက ဓားဖြင့် ခုတ်သတ်



PAGE 21





PAD
GINVIMIN
NATURAL KOREA GINSENG EXTRACT
LECITHIN, ALOE EXTRACT
MULTI VITAMIN
MINERAL

စွမ်းအားမြှင့်တင်
ဂျင်ဗီမင်
Mya Reg: 2106AA1144
ကိုရီးယားဂျင်ဆင်း
လက်စီသင်
ရှားစောင်းလက်ပတ်
ဗီတာမင် နှင့် သတ္တုဓါတ်
အမျိုးပေါင်း(၂၀)ကျော် ပါဝင်သည်။

အရွယ်ရောက်သူ ကျား၊ မ မရွေး
သက်ကြီးရွယ်အိုများအားလုံး သောက်သုံးနိုင်ပါသည်။



YANGON : No. G 31-33, East Aung San Stadium, Mingalar Taung Nyunt Township. Tel : 09 4286 21266, 09 7986 21266, 09 4430 18855
MANDALAY : No. B-3 (2), 62 Street, Industrial Zone (1), Pyay Gyi Tagon Township. Tel : 02-5154694, 09 91016515, 09 20 60017

www.free4reader.com



## အင်းစိန် မြစ်ကမ်းဘေးမှာတင်နေတဲ့ အလောင်းတစ်လောင်းတွေ့ရှိ

၁၃-၆-၂၀၁၈ ရက်နေ့ နံနက် ၈ နာရီခွဲအချိန်ခန့်တွင် ဒုရဲအုပ်ရဲဇော်ဦး တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် လူတစ်ဦး လိုင်မြစ်အတွင်း သေဆုံးပုပ်ပွမျောလာပြီး အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ မြစ်ကမ်းဘေးတွင်တင်နေကြောင်း 199 သတင်းအရ မြို့မစခန်းမှူး ဒုရဲမှူး ကိုကိုထွေး ဦးစီးတပ်ဖွဲ့ဝင်များမှ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ ပတ္တမြားသဘောကျင်းအနီး လှိုင်မြစ်ကမ်းစပ် ရေကျချိန်၌ အသက်(၃၀)နှစ်ခန့်၊ အမျိုးသားအလောင်းတစ်လောင်းအား ပြင်ပဒဏ်ရာမရှိဘဲ ပုပ်ပွသေဆုံး၍ တင်ကျန်နေသည်ကို တွေ့ရှိရ၏။

၎င်း၏ ပခုံးနှင့် ချိုင်းကြားတွင်လည်း အညိုရောင်ခရီးဆောင်အိတ်လွယ်လျက် အိတ်တွင် ငြိမ်းဇော်လင်း အမည်ပါ ၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းလက်မှတ်မူရင်း (၁)စောင်၊ ငြိမ်းဇော်လင်း အမည်ပါ ယာဉ်မောင်းလိုင်စင် (၁)ခု၊ Huawei အမျိုးအစား အဖြူရောင် လက်ကိုင်ဖုန်း(၁)လုံး၊ မန်မိုရီကတ် (၂)ခု၊ နေကာမျက်မှန် (၁)လက်၊ သွားတိုက်ဆေး (၁)ဘူး၊ သွားတိုက်တံ (၁)ခု၊ ငွေနှင့်/ခက်ရင်းတစ်စုံ၊ မှတ်ဆိတ်မွေးရိတ် ဓား(၁)ချောင်း၊ Arone တံဆိပ်ပါ အပြာရောင် လျှာထိုးဦးထုပ် (၁)လုံးတို့အား တွေ့ရှိ၍ အလောင်းအား အင်းစိန်ဆေးရုံသို့ ပို့အပ်ခဲ့ရာ PR-30 ဖြင့် လက်ခံစစ်ဆေးခဲ့ကြောင်း သိရသည်။

သေဆုံးမှုကို ဒုရဲအုပ် ရဲဇော်ဦးမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် အင်းစိန်မြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၃၇/၂၀၁၈)ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး ကိုကိုထွေးမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်းထွဋ်

### ထင်ပေါ်ကျော်ကြားသူတို့၏ ပြောစကား ကြားချင်သူများအတွက်

# ဂျာနယ် FACEBOOK ဖွင့်ပေးလိုက်တာပါ

**အပြင်မှာ လူပြောများနေတဲ့ မင်းသမီး နန်းခင်ဇေယျာ နွားနို့နဲ့ရေချိုးတယ် ဆိုတဲ့ကိစ္စသူက ဒီလိုပြောပါတယ်**

သရုပ်ဆောင်သက်တမ်းရလာခဲ့ပြီး နောက်ပိုင်းမှာ ပုံမှန်ကာရိုက်တာမျိုးတွေကနေ ခွဲထွက်ပြီး ဟဲဗီးဆန်တဲ့ သရုပ်ဆောင်မှုမျိုးတွေကို ရိုက်လာတယ်လို့ ပြောသူ နန်းခင်ဇေယျာက ပေါ့ပေါ့ပါးပါးနဲ့တစ်ခါမှ သရုပ်မဆောင်ဖူးတဲ့ ဇာတ်အိမ်မျိုးလည်း သရုပ်ဆောင်ချင်တယ်လို့လည်း ပြောပါတယ်။

"နန်းခင် ပြိုင်ပွဲပြီးကလည်းက သရုပ်ဆောင်အလုပ်တွေကို လုပ်လာခဲ့တာဆိုတော့ ပြောရရင် ကာရိုက်တာက တော်တော်လေးတော့ စုံနေပြီလို့ ပြောရမှာပေါ့။ ဒါပေမဲ့ ဟဲဗီးဖြစ်တဲ့ ဇာတ်လမ်းမျိုးတွေတော့ မရိုက်ဖူးသေးတော့ အခုနောက်ပိုင်းမှာ ဟဲဗီးဖြစ်တဲ့ ကာရိုက်တာမျိုးတွေ လုပ်ကြည့်ချင်လာတယ်။ ပြီးပေါ့ ပေါ့ပေါ့ပါးပါးနဲ့ တစ်ခါမှသရုပ်မဆောင်ဖူးတဲ့ ဇာတ်အိမ်မျိုးကိုလည်း သရုပ်ဆောင်ချင်တယ်လို့ ပြောပါတယ်။ အခုလက်ရှိကတော့ ဒါရိုက်တာ စတီးနဲ့ သစ္စာတရားရဲ့ အမိန့်တော်ဆိုတဲ့ ကားရိုက်နေပါတယ်"လို့ ပြောပါတယ်။

နန်းခင်ရဲ့ အသားအရေက အရင်က ထက်ပိုပြီးကောင်းလာလို့ တချို့ပရိသတ်တွေက နန်းခင်ကို နွားနို့နဲ့ရေချိုးတယ်လို့ ပြောသကြတဲ့အပေါ် "အခု မချိုးပါဘူး။ နန်းခင် Miss ပြိုင်တုန်းကတော့ နွားနို့နဲ့ ချိုးခဲ့ဖူးပါတယ်။ ကိုယ်က အသားအရေ လုံးဝမကောင်းဘူးလေ။ အသားအရေ ခြောက်လို့ပါ။ အခုနောက်ပိုင်းတော့ အသားအရေ စိုလာပါတယ်။ တစ်ခါတလေ အိမ်မှာ နွားနို့ကျိုထားပြီး ချဉ်သွားတဲ့နွားနို့ကို မပစ်ဘဲ တစ်ကိုယ်လုံးကို လိမ်းလိုက်တာမျိုးတော့ လုပ်တယ်။ နွားနို့မှာက တကယ်ကောင်းတဲ့ ပရိုတင်းတွေ အများကြီးပါတယ်လေ။ အဲလိုလုပ်လို့ အခုဆို အသားအရေ ကြည်လာတယ်"တဲ့။

နောက်ပိုင်းမှာ အလှအပအတွက် ခွဲစိတ်ပြုပြင်တာတွေ ခေတ်စားလာတဲ့အပေါ် သူမရဲ့ အမြင်ကို မေးကြည့်တော့ "အရင်တုန်းက ပြုပြင်ဖို့ဆိုရင် နိုးကြောင် နိုးဝှက် လုပ်ကြရတယ်။ မြန်မာပြည်မှာက ဒါမျိုးလည်း သိပ်မရှိသေးတော့လေ။ တချို့ဆိုရင် နှာခေါင်းပြင်ကြတယ်။ ပြင်တဲ့ဆရာမှားသွားလို့ နှာခေါင်းတွေ ရွဲ့တာစောင်းတာမျိုးတွေ ရှိတယ်။ အခုနောက်ပိုင်းတော့ ပိုကောင်းလာပါတယ်။ ဒါပေမဲ့ လုပ်ပြီးမှ လုပြီးသားနေရာတွေ ထပ်ပြီး ရုပ်ဆိုးသွားတာတွေ ရှိတတ်လို့ လုပ်မယ်ဆိုရင်တော့ ပညာရှင်တွေနဲ့ သေသေချာချာ တိုင်ပင်ပါ၊ ဆွေးနွေးပါ"လို့ သူမရဲ့ အမြင်ကို ပြောကြောင်း News Watch ထဲမှာ ပါလာပါပြီ။

**သရုပ်ဆောင် ထားထက်ထက်က သူ့ဆန္ဒကို ခုလိုပြောပါတယ်**

**သက်ငယ်မုဒိမ်းကျူးလွန်သူတွေကို ထောင်အနည်းဆုံး နှစ်(၆၀) နှစ်(၈၀) ချစေချင်ပါသတဲ့**

ခုတလော သက်ငယ်မုဒိမ်းကိစ္စ လွှတ်တော်အထိရောက်လာပြီး ပြင်ပတွင် အမျိုးမျိုးပြောနေကြရာ သက်ငယ်မုဒိမ်းနှင့် ပတ်သက်ပြီး လိုက်ပါကူညီဆောင်ရွက်ပေးလျက်ရှိတဲ့ သရုပ်ဆောင် အလှမယ် ထားထက်ထက်က ဒီလိုပြောပါတယ်…





**မေး - သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီးတော့ သေဒဏ်ပေးဖို့လွှတ်တော်မှာ အဆိုတင်သွင်းပေမဲ့လည်း ကျရှုံးသွားတယ်ပေါ့နော်။ အဲဒီအပေါ်မှာ ဘယ်လိုထင်မြင်မိလဲ…**

ဖြေ - ထားထက်တို့ကလည်း သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီးတော့ ပွဲတွေလုပ်ခဲ့တယ်။ အဲဒီမှာလည်း ပြောခဲ့တယ်။ အဓိကက သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီးတော့ သေဒဏ်ပေးစေချင်တာ မဟုတ်ဘူး။ အမှုတွေက မတူဘူး။ တစ်ခုနဲ့တစ်ခုက အမျိုးမျိုးရှိတယ်လေ။ သေဒဏ်ပေးဖို့လိုအပ်တဲ့ သက်ငယ်မုဒိမ်းမှုမျိုး လူသတ်မှုမျိုးဆိုရင်တော့ သေဒဏ်ပေးစေချင်တယ်။ တချို့ဟာတွေကျတော့ သေဒဏ်ပေးလို့မရတဲ့အမှုတွေ အမျိုးမျိုးရှိတဲ့အခါကျတော့လေ။ ဒါကတော့ ဥပဒေအကြောင်းအရ သေချာနားမလည်တဲ့အခါကျတော့ ထားထက်တို့လိုချင်တာကိုပဲ ပြောလို့ရတာပေါ့နော်။ သက်ငယ်မုဒိမ်းမှုဖြစ်တယ်။ သေမှုပါဖြစ်တယ်ဆိုရင်တော့ ထားထက်က သေဒဏ်ပေးစေချင်တယ်။ အသက်မပြည့်သေးတဲ့သူနဲ့ အသက်ပြည့်ပြီးတဲ့သူတွေနှစ်ဦးက နှစ်ဦးစလုံးရဲ့ သဘောဆန္ဒအရ ကျူးလွန်ပြီးတော့မှ အသက်မပြည့်သေးတဲ့ မိန်းကလေးရှင်ဘက်က သက်ငယ်မုဒိမ်းမှုဆိုပြီးတော့ တရားစွဲလာတာကိုတော့ သေဒဏ်ဆိုပြီးတော့ ပေးလို့မရဘူးပေါ့နော်။ ဒါဆိုရင်တော့ တရားမျှတမှု မရှိဘူးလို့ မြင်တယ်။ အဲဒါကြောင့် သက်ငယ်အမှုအမျိုးမျိုးတွေထဲကမှ ဖြစ်ပေါ်လာတဲ့ အမှုခြေအနေပေါ်မူတည်ပြီးတော့ ကြီးလေးတဲ့ပြစ်ဒဏ်မျိုးကို ထားထက်ကတော့ ချမှတ်စေချင်တယ်။ သေမှုပါဖြစ်တယ်ဆိုရင်တော့ ကြီးလေးတဲ့ပြစ်ဒဏ်ပေးစေချင်တယ်။ အဲဒါကလည်း ကြာပြီ။ ထားထက်တို့ ပွဲလုပ်တုန်းကလည်း ရှေ့နေကြီးတွေရှိတယ်။ သူတို့ဆိုရင် နှစ်ပေါင်းအတော်ကြာပြီပေါ့နော်။ သက်ငယ်မုဒိမ်းမှုကို သေဒဏ်ပေးဖို့ တောင်းဆိုလာတာ ခဏခဏ ပယ်ချခံနေရတာပေါ့နော်။

**မေး - သက်ငယ်မုဒိမ်းမှုတွေက အခုနောက်ပိုင်းဆိုရင် ဆွေမျိုးရင်းချာထဲကတောင် အမှုတွေဖြစ်ပေါ်နေတယ်ဆိုတော့ အဲဒီအတွက်ကိုရော ဘယ်လိုတွေ ဆောင်ရွက်သင့်တယ်လို့ ထင်လဲ…**

ဖြေ - ဆွေမျိုးရင်းချာထဲက ကျူးလွန်တာမျိုးတွေလည်း ရှိတယ်။ အဲဒါကျတော့ ထားထက်ကလေ ဖြစ်စေချင်တာ Sex Education ပိုင်းနဲ့ ပတ်သက်ပြီးတော့ Education ပိုင်းမှာပါ ပါစေချင်တယ်။ မိဘတွေကလည်း မရှက်မကြောက်ဘဲနဲ့ ပြောပြသင့်တယ်။ ဒါမှ ကလေးတွေလည်း အသိပညာဗဟုသုတရမယ်။ တာဝန်ရှိတဲ့သူတွေဘက်ကလည်း နယ်တွေဘက်ကိုဆင်းပြီးတော့ ပွဲတွေလုပ်ပေးဖို့လိုတယ်။ အသိပညာကြွယ်ဝဖို့ပေါ့နော်။ Sex နဲ့ ပတ်သက်တဲ့ အသိပညာမြင့်တက်လာအောင်လုပ်ဖို့ လိုတာပေါ့နော်။ ထားထက်တစ်ယောက်တည်းရဲ့ အမြင်နဲ့ဆိုရင်တော့ ကိုယ့်မိသားစုထဲက ဖြစ်မယ်။ ကျူးလွန်တဲ့သူရဲ့အဖေအမေ နေရာကဆိုရင် ကိုယ့်ရဲ့ကလေးကို မုဒိမ်းမှုကျူးလွန်လိုက်တယ်ဆိုရင် သူတို့နေရာက စဉ်းစားကြည့်မယ်ဆိုရင်တော့ သေဒဏ်ပေးစေချင်တယ်။ ဒါမျိုးက လက်ခံလို့ရတဲ့အရာ မဟုတ်ဘူးလေ။ (၁၀)နှစ်အောက် ကလေးတွေ(၁၄)နှစ်အောက် ကလေးတွေကို ကျူးလွန်တာလေ။ ခွင့်မလွှတ်နိုင်ဘူးလေ။

**မေး - ထားထက်တို့လည်း သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီးတော့ လိုက်ပါဆောင်ရွက်နေတဲ့အပိုင်းတွေရှိတဲ့အခါကျတော့ ကျူးလွန်ခံရတဲ့ ကလေးအတွက် ဘယ်လောက်ထိ စိတ်ဓာတ်ပျက်ပြားသွားတာတွေ မြင်တွေ့ရလဲ…**

ဖြေ - ထားထက်တို့ သက်ငယ်မုဒိမ်းမှုကျူးလွန်တာကို လိုက်ပါဆောင်ရွက်တဲ့နေရာမှာဆိုရင် (၁၂)နှစ်၊ (၁၃)နှစ်ပိုများတယ်။ အဲဒီအရွယ်လေးတွေရဲ့ မိဘဆွေမျိုးထဲကနေပြီးတော့ မုဒိမ်းမှုကျူးလွန်ခံရပြီဆိုရင် သူတို့ကိုယ်တိုင်ကိုက ကလေးဖြစ်နေတဲ့အခါကျတော့ ကလေးက ကလေးပြန်မွေးရတဲ့အခြေအနေတွေ ဖြစ်လာတယ်။ စိတ်ခံစားချက်မှာဆိုရင်လည်း ရှေ့ဆက်ဘဝကို မလျှောက်လှမ်းချင်တော့ဘူး။ မျှော်လင့်ချက်က မရှိတော့ဘူး။ ကျောင်းမတက်ချင်တာတွေ၊ လူမှုပတ်ဝန်းကျင်ကို မတိုးဝင်ရဲတော့တာတွေ ဖြစ်လာတာပဲလေ။ ဘေးကလူက အားပေးနေပေမဲ့လည်း သူတို့ခံစားချက်က လုံးဝကို မရတော့တာလည်း ရှိတယ်။ အခုနောက်ပိုင်း သက်ငယ်မုဒိမ်းမှု ကျူးလွန်တာက အရင်ကထက် ပိုများလာတယ်။

**မေး - သက်ငယ်မုဒိမ်းမှုကို သေဒဏ်ပေးမယ်ဆိုရင် ကလေးတွေကို အစဖျောက်ပစ်မှာကိုလည်း စိတ်ပူကြတယ်ဆိုတော့ ဘယ်လိုမြင်လဲ…**

ဖြေ - ထားထက်တို့ ပွဲတွေလုပ်တယ်။ ကိုမောင်မောင်အေးတို့နဲ့ပေါ့နော်။ အဲဒီမှာဆိုရင် "သက်ငယ်မုဒိမ်းလျှော့ချရေး၊ လိင်အကြမ်းဖက်မှု ပပျောက်ရေးကြီးလေးတဲ့ ပြစ်ဒဏ်ချမှတ်ရေး"ဆိုတဲ့ ပွဲမှာဆိုရင်လည်း အဓိကရည်ရွယ်ချက်က သက်ငယ်မုဒိမ်းမှုကို သေဒဏ်ပေးဖို့ သွားထားတာမဟုတ်ဘူး။ ဘာလို့ အဲဒီလိုမျိုးမသွားထားတာလဲဆိုတော့ သေဒဏ်ရှိတဲ့အတွက် ကလေးတွေကို အစဖျောက်လိုက်မှာကို ကြောက်တာ။ ပိုပြီးဆိုးလာမှာကို ကြောက်တာ။ အဲဒါကျတော့ ဥပဒေပိုင်းက ပိုပြီးတော့ နားလည်မှာပေါ့နော်။ သေဒဏ်ပေးသင့်တဲ့ အရာမျိုးဆိုရင်တော့ သေဒဏ်ပေးသင့်တယ်။ ထားထက်တို့ လိုချင်တာကလည်း နှစ်ရှည်ပေါ့နော်။ နှစ် ၈၀၊ နှစ် ၆၀ အနည်း ဆုံးချမှတ်စေချင်တာ။ လွတ်ငြိမ်းချမ်းသာခွင့်မရှိဘဲ။ ဘယ်အစိုးရတက်လာတက်လာ၊ ဘယ်လူကြီးပဲ တက်လာတက်လာ လွတ်ငြိမ်းချမ်းသာခွင့်မရှိတဲ့ ထောင်ဒဏ်တစ်သက်တစ်ကျွန်း အလုပ်ကြမ်းနဲ့ အဲဒီလိုချစေချင်တယ်။ သေဒဏ်ချမှတ်တာထက်စာရင် အဲဒီလိုချစေချင်တာ အဲဒီလိုလုပ်လိုက်ရင်လည်း ပိုပြီးတော့ ထိရောက်မယ်လို့ ထင်တယ်"

FB

www.free4reader.com



# မယုံလည်း ပုံပြင်မဟုတ်တဲ့ တကယ့်ဖြစ်ရပ်များ




**ဤစာမျက်နှာပါ သတင်းဖြစ်ရပ်များသည် ယုံချင်စရာမဟုတ်သော်လည်း ပုံပြင်မဟုတ်တဲ့ တကယ့်ဖြစ်ရပ်များကို သက်သေခံပုံများနှင့် ဗဟုသုတအဖြစ် ဖော်ပြထားပေးခြင်း ဖြစ်ပါသည်။**

**အံ့ဖွယ်သတင်း**
စုစည်းမှုအယ်ဒီတာ

(၁)

**ဆင်တွေနဲ့ ဖွဲ့ထားတဲ့ ဆင်ဘောလုံးအသင်းနဲ့ လူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားတဲ့ပွဲ**

ထိုင်းနိုင်ငံက ဘောလုံးပြိုင်ပွဲတစ်ခုမှာ ဆင်တွေနဲ့ ဖွဲ့စည်းထားတဲ့ ဘောလုံးအသင်းနဲ့ ကျောင်းသားတွေပါဝင်တဲ့ ဘောလုံးအသင်းတို့ ထူးထူးခြားခြား ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။

အယုဒ္ဓယမြို့မှာ ကျင်းပတဲ့ အဲဒီဘောလုံးပြိုင်ပွဲကို ဗီဒီယိုရိုက်ကူးထားပြီး အွန်လိုင်းပေါ်မှာ ရှုမြင်ချက်အရ ဆင်ကိုးကောင်ပါတဲ့အသင်းနဲ့ ကျောင်းသားလေးတွေ ပါဝင်တဲ့ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီဘောလုံးပြိုင်ပွဲကို တရားဝင်ခွင့်ပြုချက်မရှိဘဲ ကစားတဲ့အတွက် ဘန်ကောက်ရဲတပ်ဖွဲ့က








အဲဒီကစားပွဲပေါင်း ၆၀၁ ပွဲမှာ လူပေါင်း ၇၆၃ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့တယ်လို့ ဆိုပါတယ်။

(၂)

**အမျိုးသမီး(၂၅၀၅)ဦး ကိုယ်လုံးတီးရေကူးပြီး ဂင်းနက်စ်စံချိန်တင်**

အိုင်ယာလန်နိုင်ငံမှာ နှစ်စဉ်ကျင်းပတဲ့ ကိုယ်လုံးတီးရေကူးပွဲ စီစဉ်တင်ဆက်သူတွေရဲ့ အဆိုအရ ယခုနှစ်မှာ အမျိုးသမီး (၂၅၀၅)ဦးက ကိုယ်လုံးတီးရေကူးပြီး ဂင်းနက်စ်စံချိန်တင်လိုက်တယ်လို့ ဆိုပါတယ်။

ကိုယ်လုံးတီးရေကူးပွဲကို မာဂါရာမိုးကမ်းခြေမှာ နှစ်စဉ်ကျင်းပလေ့ရှိပြီး အမျိုးသမီးတွေက ကမ်းခြေမှာ အဝတ်အစားတွေချွတ်ပြီး ငါးမိနစ်လောက် ဆင်းစိမ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

(၃)

**သမ္မတရွေးကောက်ပွဲတွေ နိုင်ငံရေးပွဲတွေမှာ အရှုံးအနိုင်ဟောတာမှန်တဲ့ နာမည်ကြီး ဝက်ဗေဒင်ဆရာက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုလည်း ဒီလိုဟောသတဲ့**

အားကစားပွဲရလဒ်တွေအပြင် သမ္မတရွေးကောက်ပွဲနဲ့ အခြားသော နိုင်ငံရေးဖြစ်ရပ်တွေကို ကြိုတင်ဟောကိန်းထုတ်ရာမှာ မားကပ်အမည်ရှိတဲ့ ကိုထူးခြားဝက်ကြီးဟာ ၁၀၀ ရာခိုင်နှုန်းမှန်အောင် ဟောကိန်းထုတ်နိုင်ခဲ့တယ်လို့ မားကပ်ရဲ့ ပိုင်ရှင်က ပြောကြားခဲ့ပါတယ်။

အခုဆိုရင် ဝက်ထူးခြားမားကပ်က ကမ္ဘာ့ဖလားပွဲမှာ ဆီမီးဖိုင်နယ်အထိ ရောက်ရှိမယ့် အသင်းလေးသင်းကို ရွေးချယ်ပေးခဲ့ပါတယ်။

ရွေးချယ်ပုံရွေးချယ်နည်းကတော့ ပန်းသီးပေါ်မှာ နိုင်ငံအသင်းအလံတွေကို တပ်ထားပြီး ဝက်ထူးခြားမားကပ်ရဲ့ ပတ်ပတ်လည်မှာ ချထားတယ်။ မားကပ်က ရွေးချယ်ပြီး ကိုက်စားလိုက်တဲ့ ပန်းသီးရဲ့ အသင်းက ဆီမီးဖိုင်နယ်တက်မယ်လို့ ဆိုလိုက်တာ ဖြစ်ပါတယ်။

လက်ရှိမားကပ်ရွေးချယ်ပေးထားတဲ့ အသင်းလေးရှိပါတယ်။ အဲဒီလေးသင်းကတော့ ဘယ်လ်ဂျီယံ၊ အာဂျင်တီးနား၊ နိုင်ဂျီးရီးယားနဲ့ ဥရုဂွေးတို့ပဲ ဖြစ်ပါတယ်။

ထို့အပြင် ကျား၊ ဆင်၊ ကြောင်၊ ခြသေ့၊ ခွေး၊ ပင်ဂွင်ငှက်တို့ကလည်း ဒီဗလားပွဲကို ကြိုတင်ဟောစာတမ်းထုတ်ပေးကြသတဲ့။



**Flocke (ပင်ဂွင်)**

ဂျာမနီနိုင်ငံမှ အသက်လေးနှစ်အရွယ် ပင်ဂွင်ငှက်လေး Flocke အား ဂျာမနီနှင့် မက္ကဆီကို အသင်းတို့ ပွဲမတိုင်မီ ရွေးချယ်မှုပြုလုပ်စေရာ မည်သည့်အသင်းကိုမျှ ရွေးချယ်ခြင်းမရှိသဖြင့် သရေရလဒ်အဖြစ်သာ ခန့်မှန်းထားသည်။ Flocke အား ဂျာမနီ နိုင်ငံအရှေ့တောင်ပိုင်း Luebbenau မြို့ရှိ Spreewelten Bad အပန်းဖြေစခန်း၌ မွေးမြူထားခြင်းဖြစ်ပြီး ဂျာမနီအလံနှင့် မက္ကဆီကိုအလံများ ကပ်ထားသည့် ဘောလုံးနှစ်လုံးအား ရွေးချယ်စေရာ ၎င်းက မည်သည့် ဘောလုံးကိုမျှ မရွေးချယ်ဘဲ လှည့်ထွက်သွားခဲ့သည်။ ထို့ကြောင့် သရေရလဒ်အဖြစ် ခန့်မှန်းခဲ့သော်လည်း လက်ရှိချန်ပီယံ ဂျာမနီအသင်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် မှားယွင်းသွားပြီ ဖြစ်သည်။



**Seppi (ခွေး)**

ခြေတိုခွေးအမျိုးအစားတွင် ပါဝင်သည့် ခွေးကလေး Seppi သည် ဂျာမနီနိုင်ငံတောင်ပိုင်း Passau မြို့တွင် နေထိုင်လျက်ရှိသည်။ ၎င်းအား ဂျာမနီ-မက္ကဆီကို အုပ်စုအဖွင့်ပွဲအတွက် ကြိုတင်ရွေးချယ်စရာ Seppi က ဂျာမနီအသင်း(၂-၁)ဂိုးဖြင့် အနိုင်ရမည်ဟု ဟောကိန်းထုတ်ခဲ့သည်။ ဂျာမနီနှင့် မက္ကဆီကိုအလံတပ်ထားသည့် ဂိုးပိုက်တစ်ခုစီ၏ရှေ့တွင် အစာခွက်ချထားပြီး ရွေးချယ်စေရာ ၎င်းက ဂျာမနီအလံရှိသည့်အစာခွက်ကို နှစ်ကြိမ်စားပြီး မက္ကဆီကို အလံရှိသည့် အစာခွက်တွင်မူ တစ်ကြိမ်သာ စားခဲ့သည်။



**Fedor (ကျား)**

ဂျာမနီနိုင်ငံ မူအန်စတာမြို့ရှိ တိရစ္ဆာန်ရုံမှ Fedor ဟု အမည်ရသည့် ကျားက ဂျာမနီ-မက္ကဆီကိုပွဲအတွက် ကြိုတင်ရွေးချယ်ရာ ဂျာမနီအသင်းအလံတပ်ထားသည့် အစာပုံးကို ရွေးချယ်ခဲ့သည်။ ၎င်းအား အစာကျွေးချိန်တွင် ဂျာမနီအလံကပ်ထားသည့်ပုံး၊ မက္ကဆီကိုအလံတပ်ထားသည့်ပုံးနှင့် သရေရလဒ်အတွက် ဘောလုံးပုံကပ်ထားသည့် စသည့်ဖြင့် သုံးခုချထားရာ Fedor က ဂျာမနီအလံတပ်ထားသည့်ပုံးကိုသာ ဦးစွာရွေးချယ်ခဲ့သည်။ သို့သော် ၎င်း၏ ရွေးချယ်မှုမှာ မှားယွင်းသွားပြီး လက်ရှိချန်ပီယံဂျာမနီအသင်းသည် မက္ကဆီကိုအသင်းအား မထင်မှတ်ဘဲ (၀-၁)ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ၎င်းသည် ဆွီဒင်၊ တောင်ကိုရီးယားအသင်းတို့နှင့် ကစားမည့်ပွဲမတိုင်ခင်လည်း ရွေးချယ်မှုများပြုလုပ်မည်ဖြစ်သည်။

**Achilles (ကြောင်)**

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ နာမည်ကျော် Hermitage ပြတိုက် မြေအောက်ခန်းတွင် နေထိုင်သည့် ကြောင်ထီးလေးဖြစ်သည်။ ခန္ဓာကိုယ်တစ်ခုလုံး အဖြူရောင်အမွေးများဖြင့် ဖုံးလွှမ်းထားသည့် Achilles သည် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ဖြစ်သည့် အိမ်ရှင် ရုရှားအသင်းအား မှန်ကန်စွာရွေးချယ်နိုင်ခဲ့သည်။ ၎င်း

>>> စာမျက်နှာ(၁၀)သို့



www.free4reader.com



## ဦးလေးဖြစ်သူနဲ့ ပွဲစားတွေက သန်လျင်မြို့နယ်တွင် အသက်(၂၀)အရွယ် မိန်းကလေးတစ်ဦးကို မူဆယ်နယ်စပ်၌ အိမ်အကူ၊ ဈေးရောင်းလုပ်ကိုင်ရမည်ဟု လိမ်လည်ပြောဆိုပြီး တရုတ်မယားအဖြစ် ရောင်းစားလိုက်ကြတဲ့ကိစ္စ

**ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် အသက်(၂၀)အရွယ် မိန်းကလေးတစ်ဦးကို မူဆယ်နယ်စပ်၌ အိမ်အကူ၊ ဈေးရောင်းလုပ်ကိုင်ရမည်ဟု ဦးလေးဖြစ်သူနှင့်ပွဲစားများက လိမ်လည်ပြောဆိုပြီး တရုတ်မယားအဖြစ် ရောင်းစားမှုဖြစ်ပွားခဲ့ကြောင်း ဇွန် ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရ၏။**

သန်လျင်မြို့နယ်တွင် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီက မ×××(၂၀)နှစ်၏ နေအိမ်သို့ ဦးလေးဖြစ်သူ စောမြင့်သိန်း ရောက်ရှိလာပြီး မူဆယ်နယ်စပ်တွင် အိမ်အကူ၊ ဈေးရောင်းလုပ်ကိုင်လျှင် စရိတ်ငြိမ်း တစ်လငါးသိန်းရရှိမည်ဖြစ်ကာ အနည်းဆုံး ခြောက်လလုပ်ကိုင်ရမည်ဖြစ်ကြောင်းနှင့် ဦးလေးဖြစ်သူနှင့် တစ်ရပ်ကွက်တည်းနေထိုင်သူ မသီတာဆိုသည့် အမျိုးသမီးက တာဝန်ယူပို့ဆောင်ပေးမည်ဟု ပြောကြားခဲ့ကြောင်း သိရ၏။

ဦးလေးဖြစ်သူ၏ ပြောစကားကြောင့် မ××××(၂၀)နှစ်နှင့် သူမ၏မိခင်တို့သည် ဦးလေးဖြစ်သူ စောမြင့်သိန်း၊ မသီတာတို့နှင့်အတူ မူဆယ်မြို့သို့ လိုက်သွားခဲ့ပြီး ရွှေလီမြို့ထဲရှိ တည်းခိုခန်းတစ်ခုတွင် နေထိုင်ခဲ့ကြောင်း သိရသည်။

တည်းခိုနေစဉ် ပွဲစားကျော်ကျော်နှင့် မရှမ်းမတို့ လင်မယားရောက်လာပြီး မ×××(၂၀)နှစ်အား တရုတ်အမျိုးသားတစ်ဦးနှင့် တစ်နှစ်လက်ထပ်ပေါင်းသင်းပါက ကျပ်သိန်း ၃၀ ရမည်ဖြစ်ကြောင်းနှင့် တစ်နှစ်ပြည့်ပါက နေအိမ်ပြန်ပို့ပေးမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

မ×××(၂၀)နှစ်သည် မူဆယ်သို့ လိုက်လာရခြင်းမှာ တရုတ်အမျိုးသားနှင့် လက်ထပ်လိုခြင်းမဟုတ်ကြောင်း ပြောကြားသည့်အတွက် တရုတ်နှင့် မယူလျှင် ရန်ကုန်မှခေါ်လာခဲ့သည့်စရိတ်များနှင့် တည်းခိုခန်းခများ ချက်ချင်းပေးရမည်ဟု အကျပ်ကိုင်ပြောကြားခဲ့ပြီး ဦးလေးဖြစ်သူ စောမြင့်သိန်းကလည်း လက်ထပ်ရန်တိုက်တွန်းပြောဆိုသဖြင့် တရုတ်အမျိုးသားနှင့် ပေါင်းသင်းရန် မ×××(၂၀)နှစ်က သဘောတူခဲ့ကြောင်း သိရသည်။

ထို့နောက် သုံးရက်အကြာတွင် မူဆယ်နယ်စပ် ရွှေလီမြို့ရှိ တည်းခိုခန်းသို့ တရုတ်အမျိုးသားသုံးဦးရောက်ရှိလာပြီး ကျော်ကျော်၊ မရှမ်းမ၊ မသီတာဆိုသူတို့နှင့် စကားပြောဆိုကာ ကျပ်သိန်း(၃၀)ကို မ×××(၂၀)နှစ်၏ မိခင်သို့ပေးကာ ၎င်းကို တရုတ်နိုင်ငံ ဟူနန်မြို့သို့ ခေါ်ဆောင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် တရုတ်အမျိုးသားသုံးဦးက မ×××(၂၀)နှစ်အား အမည်မသိ တရုတ်အမျိုးသားတစ်ဦးထံ ထပ်မံရောင်းစားခဲ့ပြီး ယင်းအမျိုးသားနှင့် တစ်လခန့် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း။ မ×××(၂၀)နှစ်မှာ နေမကောင်းဖြစ်၍ ဆေးခန်းပြစဉ် အပျိုမဟုတ်ဘဲ ကလေးမွေးခဲ့ဖူးကြောင်း တရုတ်အမျိုးသားက သိရှိသဖြင့် ၎င်းက အမည်မသိ တရုတ်တစ်ဦးထံ ပြန်ပို့ရာမှ မ×××(၂၀)နှစ်က တရုတ်ရဲစခန်းသို့ ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် တရုတ်ရဲစခန်းက မ×××(၂၀)နှစ်ကို မြန်မာနိုင်ငံသို့ လွှဲပြောင်းခဲ့ပြီး နေရပ်ပြန်လည် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ သန်လျင်မြို့မရဲစခန်းသို့ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းသော်လည်း ဆက်သွယ်၍ မရခဲ့ချေ။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကမူ အမှုဖြစ်စဉ်မှန်ကန်ကြောင်း အတည်ပြုပြီး ကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် နှစ်နိုင်ငံ ချိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကောင်မလေးရဲ့ ဦးလေးအပါအဝင် လေးယောက်ပေါ့။ သူတို့ပိုက်ဆံလည်းရခဲ့တယ်။ ဒီအမှုမှာ ဦးလေးပါနေတဲ့အတွက် သူတို့က အမှုမဖွင့်ချင်ကြဘူး။ ဒါကို ရဲက တရားလိုလုပ်ပြီး အမှုဖွင့်ရတာပေါ့။ သူတို့လေးယောက်ကို ဖမ်းမမိသေးဘူး။ ဖမ်းမိဖို့အတွက် ကျွန်တော်တို့ မူဆယ်နဲ့ ချိတ်ရမယ်။ သူတို့ရဲ့ ပုံသဏ္ဍာန်ရယ်၊ ဟိုဘက်က လိပ်စာတို့ အနီးစပ်ဆုံးရရင် ဖမ်းမိနိုင်ပါတယ်"ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယင်းအမှုတွင် တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ရန် စေခိုင်းပြီး ငွေကြေးခေါင်းပုံဖြတ်ကြသည့် စောမြင့်သိန်း၊ မသီတာ၊ ကျော်ကျော်နှင့် မရှမ်းမတို့ လေးဦးအား သန်လျင်မြို့မရဲစခန်းမှ (ပ)၁၈၀၇/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈(က)ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

DE

## အချုပ်သားအချို့ တံခါးတွန်းဖွင့်ထွက်ပြေးလို့ ရဲတပ်ဖွဲ့က တားဆီးပစ်ခတ်ရာ တစ်ဦးသေဆုံး တစ်ဦးဒဏ်ရာရ

**မူဆယ်မြို့မရဲစခန်း အချုပ်မှ အချုပ်သားအချို့ အချုပ်ခန်းတံခါးအား တွန်းဖွင့်ထွက်ပြေးရာ ရဲတပ်ဖွဲ့က တားဆီးပစ်ခတ်သဖြင့် အချုပ်သားတစ်ဦး သေဆုံးသွားကြောင်း မူဆယ်မြို့မရဲစခန်းမှ သိရ၏။**

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်၊ မူဆယ်မြို့မရဲစခန်းအချုပ်ခန်း၌ ထိုနေ့ မွန်းလွဲပိုင်းက အချုပ်သားအချို့ တံခါးတွန်းဖွင့်ထွက်ပြေးမှု ဖြစ်ပွားခဲ့ပြီး ပြန်လည်ဖမ်းဆီးရမိရေးအတွက် တာဝန်ကျရဲတပ်ဖွဲ့ဝင်များက တားဆီးပစ်ခတ်ရာ အချုပ်သား တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကာ ကျန်အချုပ်သားများအား ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရ၏။

မူဆယ်မြို့မရဲစခန်း အချုပ်ဆောင်အမှတ်(၉) အပေါ်ထပ်တွင် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က အချုပ်သားများအား ထမင်းကန်ထရိုက် ဦးကြည်လွင်က ထမင်းပို့နေစဉ် အလုပ်ကျကင်းသမား ဒုတပ်ကြပ် စောဝင်းခိုင်ထွေးနှင့် တပ်သား စည်သူသိန်းတို့နှစ်ဦးအား အချုပ်ခန်းအတွင်းမှ အချုပ်သားစိုင်းလုဝင်းက ရေနွေးပူဖြင့်ပက်ခဲ့ကြောင်း။ ရဲတပ်သား စည်သူသိန်း ရေနွေးပူဒဏ်ရာရရှိနေစဉ် အချုပ်ခန်းအတွင်းရှိ အချုပ်ခန်းတံခါးအား တွန်းဖွင့်၍ အချုပ်သား(၃၉)ဦးအနက် ခုနစ်ဦးတို့သည် အချုပ်ခန်းတံခါးကို တွန်းဖွင့်၍ အချုပ်ဆောင်အောက်သို့ လှေကားမှ ပြေးဆင်းသွားခဲ့ကြောင်း၊ ရှေ့ကင်းတာဝန်ကျ တပ်ကြပ်ကြီး ကျော်စိုးဦးက ၎င်းကိုင်ဆောင်သည့် M-22 သေနတ်ဖြင့် သုံးချက်ဟန့်တားပစ်ခတ်ရာ အချုပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ကျန်အချုပ်သားများအား အချုပ်ခန်းအတွင်း ပြန်လည်ထိန်းသိမ်းထားနိုင်ခဲ့ကြ၏။

ထိုသို့ရဲတပ်ဖွဲ့က တားဆီးပစ်ခတ်မှုကြောင့် အချုပ်သား စိုင်းလုဝင်း(၄၀)နှစ်၊ နမ့်ခမ်းမြို့နေသူမှာ ခါးရှေ့ဝမ်းဗိုက်ကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက် (စိုးရိမ်ရ)ရရှိခဲ့ပြီး ထွန်းလင်း(၂၉)နှစ်၊ နမ္မတူမြို့နေသူမှာ ယာခြေဖနောင့် ကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်(မစိုးရိမ်ရ) ရရှိခဲ့သည်။ ဒဏ်ရာရ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အချုပ်သားနှစ်ဦးတို့အား မူဆယ်ဆေးရုံသို့ တင်ပို့ခဲ့ရာ အချုပ်သား စိုင်းလုဝင်းမှာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။

စိုင်းလုဝင်းသည် နမ့်ခမ်းမြို့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်စွဲဆိုခံရပြီး ပြီးခဲ့သည့် ဇွန် ၁၄ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ထောင်ဒဏ်(၁၄)နှစ် ကျခံရန် အမိန့်ချမှတ်ထားသော အချုပ်သားဖြစ်ကြောင်း မူဆယ်မြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးထံမှ သိရ၏။

**သတင်းငှက်**



## အမျိုးသမီးတစ်ဦး ဘာစိတ်ကူးပေါက်သလဲမသိ တိုက်ပေါ်က ခုန်ချသေကြောင်းကြံ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်တွင် ဇွန် ၂၀ ရက် နံနက် ၁၁ နာရီခွဲတွင် သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ အောင်သပြေအရှေ့(၂)လမ်းတွင် အမျိုးသမီးတစ်ဦး တိုက်ပေါ်မှ ခုန်ချသေကြောင်းကြံစည်မှု ဖြစ်ပွားကြောင်း သတင်းအရ သာကေတနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ခဲ့ကြ၏။

ထိုသို့သေကြောင်းကြံစည်သူမှာ အမှတ်(၃၃/က)လေးလွှာ အောင်သပြေအရှေ့(၂)လမ်း၊ (၇/အရှေ့)ရပ်ကွက်နေ အိမ်အကူလုပ်ကိုင်သူ ဘီးလင်းမြို့နယ်၊ တောင်စွန်းတိုက်နယ် ကော့ကဒွတ်ကျေးရွာနေ မဆွေဇင်ထွန်း(ခ)ဇင်မာထွေး(၁၇)နှစ်ဖြစ်ပြီး နေအိမ်တိုက်ခန်းအတွင်း HAPPY တံဆိပ်ပါ ပိုးသတ်ဆေးသောက်၍ အနောက်ဘက်မီးဖိုခန်းရှိ ဘေစင်ရှေ့ပြတင်းပေါက်မှ ခုန်ချခဲ့ကြောင်း အိမ်ရှင် မခိုင်ဂျူးဇင်၏ ပြောပြချက်အရ သိရသည်။

၎င်းတွင် ခါးနာကျင်ဒဏ်ရာရရှိကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် (အတွင်းလူနာ)အဖြစ် တက်ရောက်ကုသလျက်ရှိသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ သာကေတမြို့မရဲစခန်းမှ (ပ)၄၃၄/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၉ ဖြင့် အမှုဖွင့်ထားကြောင်း သိရ၏။

**ကေတမြေ ဝင်းမြင့်**

## မန္တလေးမြို့ အနိုပ်တော်ရပ်ကွက် ရေစစ်ကန် အရှေ့ဘက် ရေကန်စပ်တွင် ပုပ်ပွ သေဆုံးလျက် တွေ့ရတဲ့ အမျိုးသား အလောင်းကိစ္စ စုံစမ်းနေပြီ

မန္တလေးမြို့ အနိုပ်တော်ရပ်ကွက်၊ ရေစစ်ကန်အရှေ့ဘက်ရေကန်စပ်တွင် အမျိုးသားတစ်ဦး အသားရေရှိရှုံပြီး ပုပ်ပွသေဆုံးလျက်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အနိုပ်တော်ရပ်ကွက်၊ (၅၇)လမ်းနှင့် လမ်း(၆၀)ကြား၊ ရေစစ်ကန်အရှေ့ဘက်ရေကန်စပ်တွင် ဇွန် ၂၀ ရက် နံနက် ၁၁ နာရီကျော်က လူသေအလောင်းတစ်လောင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရေစစ်ကန်အရှေ့ဘက်ရေကန်စပ် ဗေဒါကြားတွင် အသက်(၃၅)နှစ်ခန့် အမျိုးသားတစ်ဦး အနက်ရောင်တီရှပ်အင်္ကျီကို ခေါင်းအုံးကာ အစိမ်းရောင်ဆွယ်တာ အင်္ကျီအား နံဘေးတွင် ချထားလျက် ဗေဒါပင်များကြားတွင် အသားအရေရှိရှုံပြီး သေဆုံးလျက် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရ၏။

"အလောင်းတွေ့တာ ငါးမျှားတဲ့ကောင်လေးတွေ တွေ့တာပါ။ သေတာက လေးရက်လောက်ရှိလောက်ပြီထင်တယ်။ မျက်လုံးတွေလည်း မပါတော့ဘူး။ ပုပ်ပွနေပြီ။ သေဆုံးတဲ့ အနေအထားက ရေကန်ဘေးမှာ အင်္ကျီကိုခေါင်းခုပြီး အိပ်နေတဲ့ပုံဖြစ်နေတယ်"ဟု ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည့် နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခု သေဆုံးသူ ဘယ်ကလဲဆိုတော့ သိရပါပြီ"ဟု အမှတ်(၁)နယ်မြေရဲစခန်းမှ ရဲတစ်ဦးက ပြောကြားသည်။ သေဆုံးသူအား မန္တလေးဆေးရုံကြီးသို့ ပို့အပ်ခဲ့ရာ PR-02 ဖြင့် လက်ခံစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါသေဆုံးမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်/မဟုတ် ဆက်လက်စစ်ဆေးသွားမည်ဖြစ်ပြီး (အမှတ်-၁)နယ်မြေရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၃/၂၀၁၈)ဖြင့် ကနဦးရေးဖွင့်ကာ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မောင်မောင်ဒီအီး**

## အမျိုးသမီးတစ်ဦးရဲ့ လက်ကိုဆွဲမိသူ ရာအိမ်မှူး တရားစွဲခံရ

ပဲခူးတိုင်းဒေသကြီး(အရှေ့) ဖြူးမြို့နယ်၊ ကညွတ်ကွင်း၊ ရေပြာကျေးရွာနေ မမိုးမိုး(၄၂)နှစ်သည် ၁၂-၆-၂၀၁၈ ရက်နေ့ ညနေ ၅ နာရီအချိန် နေအိမ်တွင်ရှိနေစဉ် ရေပြာကျေးရွာ ရာအိမ်မှူး ဦးထွေးကြည် (၅၀)နှစ်၊ ရပ်မိရပ်ဖဖြစ်သူ ဦးကျော်မြင့် (၅၇)နှစ်၊ ဆယ်အိမ်မှူးဖြစ်သူ ဦးဝင်းမြင့်(၅၀)နှစ်တို့နှင့်အတူ ရဲတပ်ဖွဲ့ဝင်(၂)ဦးသည် မမိုးမိုး၏ နေအိမ်ခြံရှေ့သို့ ရောက်ရှိလာပြီး ဦးထွေးကြည်၊ ဦးဝင်းမြင့်၊ ဦးကျော်မြင့်တို့(၃)ဦးမှာ နေအိမ်ထဲသို့ ဝင်ရောက်၍ မမိုးမိုး၏အစ်ကိုဖြစ်သူ ဦးမြင့်ဝေရှိသလားဟု မေးမြန်းရာ မမိုးမိုးမှမရှိကြောင်း ပြန်လည်ပြောဆိုစဉ် ရာအိမ်မှူး ဦးထွေးကြည်မှ မမိုးမိုးအား "ထွက်မပြေးနဲ့"ဟု လက်ကိုဆွဲ၍ ချုပ်ကိုင်ခဲ့ကြောင်း မမိုးမိုးမှ ဇွန်လ ၁၆ ရက်နေ့ ညနေ ၅ နာရီအချိန်တွင် ကညွတ်ကွင်းနယ်မြေရဲစခန်းသို့ တိုင်တန်းသဖြင့် ကညွတ်ကွင်းနယ်မြေရဲစခန်းမှ (ပ)၁၁၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၅၄/ ၄၄၇/၁၁၄ အရ အမှုဖွင့်ဆောင်ရွက်ထားလျက်ရှိပြီး အမှုအား ရဲအုပ် စိုးသက်မောင်မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမှုအား နောက်ကျ၍ တိုင်ကြားရခြင်းမှာ ဦးထွေးကြည်၊ ဦးဝင်းမြင့်၊ ဦးကျော်မြင့်တို့သည် လူမှုရေးအရ လာရောက်တောင်းပန်ခြင်းမရှိသည့်အတွက် နောက်ကျတိုင်ကြားရခြင်းဖြစ်ကြောင်း သိရသည်။

ကျော်ဦး(ကျောက်တံခါး)

www.free4reader.com



## လုယက်မှုကျူးလွန်သူ ထောင်(၅)နှစ်ကျသွားပြီ

ဒလမြို့နယ်တရားရုံးမှ ၁၅-၆-၂၀၁၈ ရက်နေ့တွင် လုယက်မှုကျူးလွန်သူအား ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အလုပ်နှင့်ထောင်ဒဏ်(၅)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ၄-၄-၂၀၁၈ ရက်နေ့ ညနေ ၄ နာရီအချိန်က မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ် သက်နိုင်အေးနှင့် တပ်ဖွဲ့ဝင်များ နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ကျွန်စစ်သားရပ်ကွက်၊ မဏိပူရလမ်းနေ နိုင်လင်းထွန်း(ခ)ဘယ်ကျော်(၂၆)နှစ်အား ၎င်းရပ်ကွက်၊ ပန်းဝါလမ်းတွင် မိန်းမစီးအနက်ရောင်စက်ဘီးတစ်စီး၊ Samsung Galaxy Note 2 ဖုန်းတစ်လုံးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိ၍ ရပ်တန့်စေလျက် စစ်ဆေးခဲ့သည်။

၎င်းသည် ၃-၄-၂၀၁၈ ရက်နေ့ နံနက် ၄ နာရီခွဲက အ・လ・က ကျောင်းရှေ့ ဝါးတဲပေါ်တွင် အောင်ကျော်ကျော်ဆိုသူ တဲပေါ်အိပ်နေစဉ် နိုင်လင်းထွန်း(ခ)ဘယ်ကျော်က တဲပေါ်တက်ရောက်၍ မျက်နှာကို ခြေနင့်ကန်ပြီး ခေါင်းကိုတုတ်နှင့်ရိုက်ကာ ငွေကျပ်(၃၀၀၀)၊ လက်ကိုင်ဖုန်းနှင့် စက်ဘီးအား လုယူထွက်ပြေးသွားကြောင်း တိုင်ကြားထားသည့် (ပ)၃၂၄/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်ထားသော တရားခံဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ရဲအုပ် သက်နိုင်အေးမှ အမှုကို တည်ဆောက်၍ ၂-၅-၂၀၁၈ ရက်နေ့တွင် မြို့နယ်တရားရုံးသို့ တရားစွဲတင်ခဲ့ရာ ရုံးတော်မှ ရာကြီးမှုအမှတ် ၆၀၂/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၂ အရ လက်ခံကြားနာစစ်ဆေးခဲ့ရာ နိုင်လင်းထွန်း(ခ)ဘယ်ကျော်သည် ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သဖြင့် ဇွန် ၁၅ ရက်နေ့က အလုပ်နှင့်ထောင်ဒဏ်(၅)နှစ် ကျခံစေရန် ထိရောက်ဟန့်တားသည့် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

၀၁၇

## ဖြစ်မှဖြစ်ရလေ ရှေ့နေတောင် အတုရှိသတဲ့ မြို့နယ်တရားသူကြီးက လိမ်လည်မှုဖြင့် အမှုဖွင့်

တရားလွှတ်တော်ရှေ့နေအဖြစ် အမှုများ လိုက်ပါဆောင်ရွက်နေသူတစ်ဦးအား မြို့နယ်တရားသူကြီးက စုံစမ်းချိန်တွင် တရားလွှတ်တော်ရှေ့နေလိုင်စင်မရှိဘဲ လိမ်လည်အတုပြုလုပ်၍ အမှုများလိုက်နေသည်ဟုဆိုကာ လိမ်လည်မှုဖြင့် အမှုဖွင့်ခဲ့သည့်ဖြစ်စဉ်တစ်ခု ဒဂုံမြောက်ပိုင်းမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါအမှုတွင် တိုင်တန်းခံရသူ တရားလွှတ်တော်ရှေ့နေ ဦးခင်ဇော်လတ် (လိုင်စင်အမှတ်-၁၀၁၂၅) (စုံစမ်းဆဲ)သည် ဒဂုံမြောက်ပိုင်းမြို့နယ် တရားရုံးတွင် ရာဇဝတ်ကြီးမှု အမှတ် ၄၄၂/၂၀၁၅၊ ၅၂၉/၂၀၁၅၊ ၆၆၀/၂၀၁၅ နှင့် ရာဇဝတ်အထွေထွေမှုအမှတ် ၉၅/၂၀၁၆ တို့တွင် တရားခံ၏ ရှေ့နေအဖြစ်လည်းကောင်း၊ ရာဇဝတ်ကြီး အမှတ် ၂၄၃/၂၀၁၆ အမှုတွင် တရားလို၏ ရှေ့နေအဖြစ်လည်းကောင်း ရှေ့နေကိုယ် စားလှယ်များအား တင်ပြ၍ အမှုလိုက်ပါဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

"ဒဂုံမြောက်စခန်းမှာ အမှုဖွင့်ထားတာ ဟုတ်ပါတယ်။ အမှုအခြေအနေအသေးစိတ်ကိုတော့ အမှုစစ်အရာရှိပဲ သိပါတယ်။ သူ့ကို ဆက်သွယ်လိုက်ပါ"ဟု ဒဂုံမြောက်ရဲစခန်းမှ တာဝန်ကျရဲအရာရှိတစ်ဦးက ဇွန် ၁၉ ရက်တွင် ပြောသည်။

ဒဂုံမြောက်ပိုင်းမြို့နယ် မြို့နယ်တရားသူကြီး ဦးအောင်စန်းမောင်က ဦးခင်ဇော်လတ်၏ ရှေ့နေလိုင်စင်နှင့်ပတ်သက်၍ အရှေ့ပိုင်းခရိုင်တရားရုံးသို့ စုံစမ်းခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။ အရှေ့ပိုင်းခရိုင်တရားရုံးသို့ စုံစမ်းချက်အရ ဦးခင်ဇော်လတ်သည် တရားလွှတ်တော်ရှေ့နေ တစ်ဦးမဟုတ်ကြောင်း သိရှိခဲ့သည့်အတွက် အမှန်တကယ် ရှေ့နေတစ်ဦးမဟုတ်ဘဲ ရှေ့နေတစ်ဦးကဲ့သို့ လိမ်လည်၍ အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ရှေ့နေကိုယ်စားလှယ်စာတွင် တရားလွှတ်တော်ရှေ့နေလိုင်စင်အမှတ်ကို မမှန်မကန်ဖော်ပြပြီး လိမ်လည်အတုပြုလုပ်ထားသည့် စာရွက်စာတမ်းများအား အစစ်အမှန်ကဲ့သို့ အသုံးပြုခြင်းများ ပြုလုပ်ခဲ့သူအား ဥပဒေအရ အရေးယူပေးရန် တိုင်တန်းခဲ့သည်ဟု သိရသည်။

ထို့ကြောင့် ဒဂုံမြောက်မြို့မရဲစခန်းမှ (ပ)၁၂၀၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈/၄၇၁ တို့ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ အမှုစစ်အရာရှိ ရဲအုပ် အောင်ကိုဝင်းအား ဆက်သွယ်ခဲ့သော်လည်း ပြန်လည်ဆက်သွယ်ရန် ချိန်းဆိုခဲ့သည်။

ရန်ကုန်သား

## အမျိုးသမီးတစ်ဦးပါတဲ့ ငွေစက္ကူအတုပြုလုပ်သုံးစွဲသူလေးဦး ပုသိမ်တွင်ဖမ်းမိ

ဇွန်လ ၂၂ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငွေစက္ကူအတုပြုလုပ်သုံးစွဲသူ လေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ထိုဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ (၈)ရပ်ကွက်၊ ဧယျာဝတီ(၄)လမ်းထိပ်ရှိ BT စားသောက်ဆိုင်တွင် ငွေစက္ကူအတုသုံးစွဲနေကြောင်း သတင်းအရ ရဲတပ်ဖွဲ့မှ ထိုနေ့ ညပိုင်းက သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်အတွင်း ရောက်လာသည့် ပုသိမ်မြို့ (၈)ရပ်ကွက်နေ ညီညီအောင်(၂၅)နှစ်နှင့် ၎င်း၏ မိတ်ဆွေဖြစ်သူ ပုသိမ်မြို့(၇)ရပ်ကွက်နေ အောင်နိုင်ဝင်း(၂၉)နှစ်တို့အား တွေ့ရှိရ၍ ရှာဖွေရာ အောင်နိုင်ဝင်း၏ ခါးကြားရှိ ကြွပ်ကြွပ်အိတ်ထုပ်အတွင်းမှ ကျပ်ငါးထောင်တန် ငွေစက္ကူအတု ၉၉ ရွက်နှင့် ကျပ်တစ်သောင်းတန် ငွေစက္ကူအတု ၁၂ ရက်ကို တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရ၏။

ထိုဖမ်းမိသူနှစ်ဦး၏ စစ်ဆေးချက်အရ ငွေစက္ကူအတုများကို ပုသိမ်မြို့(၁)ရပ်ကွက်၊ ကမ်းနားလမ်း၊ စဥ့်အိုးဖိုရပ်နေ သန့်ဇော်ကို(၃၁)နှစ်နှင့် ဇနီး နန့်စန်းစန်းဖောင်(၁၉)နှစ်တို့ထံမှ ရရှိကြောင်း သိရသဖြင့် သွားရောက်ဖမ်းဆီးရာ ထိုနေအိမ်၌ ငွေစက္ကူအတု ပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ တစ်သောင်းတန်အတု ကျပ် ၂၆၀၀၀၀ အား တွေ့ရှိဖမ်းမိကြောင်း ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်စိုးက "ငွေစက္ကူအတုပြုလုပ်ရာမှာ အသုံးပြုတဲ့ ကွန်ပျူတာ လက်ပ်တော့တစ်လုံး၊ Color Printer တစ်လုံး၊ စကင်ဖတ်စက်တစ်လုံး၊ ဆက်စပ်ပစ္စည်းများနဲ့အတူ ငွေတုတစ်သောင်းကျပ်တန် ၁၀ ရွက်၊ ငါးထောင်ကျပ်တန် ၁၂ ရွက်နဲ့ သန်းဇော်ကို အိတ်ကပ်ထဲက တစ်သောင်းတန်နှစ်ရွက်၊ ငါးထောင်တန် ၁၆ ရွက်ကို ထပ်မံသိမ်းဆည်းရမိကြောင်း ပြောပြ သိရ၏။

ငွေစက္ကူများကို မှုခင်းရဲတပ်ဖွဲ့(CID)မှ ပဏာမစိစစ်ခဲ့ရာ နိုင်ငံခြားစက္ကူအမျိုးအစားဖြစ်ပြီး စက္ကူသားချောနေခြင်း၊ အတုသည်အစစ်ထက် အလျား၊ အနံ တစ်မီလီမီတာစီတိုခြင်း၊ အရောင်မှိန်ခြင်း၊ လုံခြုံရေး ကြိုး အရောင်အပြောင်းလဲမှုမရှိဘဲ ခရမ်းရောင်သာ ပါရှိခြင်း၊ ကာလပရင်တာနည်းဖြင့် တုပထားခြင်း၊ လျှို့ဝှက်ချက်များ မပါရှိခြင်းတို့ တွေ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရ၏။

၎င်းတို့အား ငွေစက္ကူအတုပြုလုပ်သုံးစွဲမှုနှင့်ပတ်သက်ပြီး ပုသိမ်မြို့နယ်၊ ပုသိမ်နယ်မြေရဲစခန်းမှ (ပ)၂၈၅/၂၀၁၈၊ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံဗဟိုဘဏ်ဥပဒေ ပုဒ်မ ၁၀၅/၁၀၆ ဖြင့် သန့်ဇော်ကိုပါ လေးဦးအား အမှုဖွင့်အရေးယူထားကြောင်း ဒီမိုကရေစီသတင်းအရ သိရ၏။

DM

## ဖခင်က သမီးကို အတင်းအဓမ္မပြုကျင့်

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ အရှေ့တောင်နှစ်မိုင်ခန့်အကွာ ×××ရပ် ကွက်နေ မ××××သည် ၂၂-၅-၂၀၁၈ ရက်နေ့ ညနေ ၅နာရီခွဲအချိန်က ကောလင်းမြို့နယ် ရဲစခန်းမှူး ဒုရဲမှူးငွေမျိုးမြင့်နီ တာဝန်ထမ်းဆောင်နေစဉ် ဖခင်က သမီးအား အတင်းအဓမ္မ ပြုကျင့်ကြောင်း အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖြစ်စဉ်မှာ လွန်ခဲ့သော (၁-၁-၂၀၁၇) က မ××××နှင့် ညီမများဖြစ်ကြသော မ×××(၁၅)နှစ်၊ မ×××(၁၁)နှစ်၊ မ×××(၉)နှစ်တို့နှင့်အတူ ဖခင်ဖြစ်သူ သိန်းမြင့်ဦးတို့မှာ နေအိမ်ခေါင်းရင်းတွင် အိပ်ပြီး မ××× နှင့်ညီမများမှာ အိပ်ခန်းအတွင်း အိပ်ကြသည်။

တစ်ညတွင် သိန်းမြင့်ဦး အရက်မူးလာပြီး မ×××(၁၈)နှစ်အား အလိုမတူဘဲ သားမယားအဖြစ် တစ်ကြိမ်ပြုကျင့်ခဲ့သည်။

နောက်နေ့ နှစ်နာရီအချိန်ခန့်တွင် အလိုမတူဘဲ သားမယားအဖြစ် ဒုတိယအကြိမ် ထပ်မံကျူးလွန်ခဲ့ရာ မ×××မှာ ဖခင် သိန်းမြင့်ဦးအား ကြောက်ရွံ့လာခဲ့ပြီး ကန့်ဘလူမြို့နယ်၊ ××××ကျေးရွာနေ ကို×××နှင့် အိမ်ထောင်ပြုခဲ့သည်။

အင်းလယ်ကြီးကျေးရွာတွင် တစ်လခန့်နေထိုင်ခဲ့ပြီးနောက် ခင်ပွန်းဖြစ်သူကို ခေါ်ဆောင်၍ ကောလင်းမြို့ ×××ရပ်ကွက်ရှိ နေအိမ်သို့ ပြန်လာနေထိုင်ကြသည်။

လွန်ခဲ့သော ၉ ရက်က ခင်ပွန်းဖြစ်သူ ကို××××မှာ အလုပ်လုပ်ရန် ဖားကန့်သို့ တက်သွားရာ ဖခင်ဖြစ်သူ သိန်းမြင့်ဦး၏ သားမယားအဖြစ် ပြုကျင့်ခံရမည် စိုးသောကြောင့် ကောလင်းရဲစခန်းသို့ လာရောက်တိုင်ကြားခြင်းဖြစ်သည်။

သိန်းမြင့်ဦးသည် သမီးရင်း မ×××အပေါ် နှစ်ကြိမ်တိတိ အရက်အလွန်အကျွံသောက်ပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းကြောင့် သက်သေ ဦးလေး ဦး××××၊ ဒေါ်လေး ဒေါ်××××၊ ညီမများအား သက်သေပြုပြီး သိန်းမြင့်ဦးက အိမ်ထောင်သည် ဇနီး ဒေါ်××××က နောက်ထပ်အိမ်ထောင်ပြုမှုအပေါ် မကျေနပ်၍ ကျူးလွန်ကြောင်း သိရသဖြင့် သိန်းမြင့်ဦး(၄၁)နှစ်၊ ××××ရပ်ကွက်၊ ကောလင်းမြို့အား ကောလင်းမြို့နယ်ရဲစခန်းမှ (ပ)၁၂၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ အရေးယူထားသည်။

ကိုကိုညီမ်း(ကောလင်း)

## အောင်လံမြို့ တရော်ကုန်းရပ်ကွက် ကွက်သစ်(၆)လမ်း နေအိမ်တစ်လုံးတွင် ရွှေထည်ပစ္စည်းများ ပျောက်ဆုံးမှုဖြစ်ပွား

၂၀-၆-၂၀၁၈ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် တရားလို ဒေါ်ညွှန့်ညွှန့်စန်းသည် မိန်းမကိုင်လက်ဆွဲပိုက်ဆံအိတ်အဖြူအပြာအတွင်းတွင် ထည့်ထားသော ပန်းရောင်ကာတွန်းရုပ်ပုံပါ မိန်းမကိုင်လက်ဆွဲပိုက်ဆံအိတ်ငယ်အတွင်းသို့ ဘားတိုက်သံကြိုးပုံ ရွှေဆွဲသီးပါ ဆွဲကြိုးတစ်ကုံး တန်ဖိုးငွေကျပ်(၄၂၀၀၀၀)၊ တီကျစ်ရွှေဆွဲကြိုးတစ်ကုံး၊ တန်ဖိုးငွေကျပ်(၁၃၇၀၀၀၀) စိန်ဆွဲတစ်ခု တန်ဖိုးငွေကျပ်(၅၀၀၀၀၀)၊ ရွှေလက်ကောက် ၅ မူးသားခန့်လေးကွင်း တန်ဖိုးငွေကျပ်(၁၉၀၀၀၀၀)၊ ပြောင်းရွှေမှုံလက်ကောက်တစ်ကျပ်သား တစ်ကွင်း တန်ဖိုးငွေကျပ်(၉၅၀၀၀၀)၊ ပုတီးမှုံရွှေလက်ကောက် ၆ ပဲသား တစ်ကွင်းတန်ဖိုးငွေကျပ်(၃၅၀၀၀၀)၊ စိန်ပွင့်များပါ ရွှေလက်ဟန်းချိန်းတစ်ကွင်း တန်ဖိုးငွေကျပ်(၇၀၀၀၀၀) စိန်တောင်လေ့ကားပုံပါ ရွှေလက်ကောက်တစ်ကွင်း တန်ဖိုးငွေကျပ်(၂၂၀၀၀၀)၊ စိန်တစ်ပွင့်မင်္ဂလာစုံ တွဲလက်စွပ်နှစ်ကွင်း တန်ဖိုးငွေကျပ်(၈၀၀၀၀၀) စုစုပေါင်း(၁၀၉၉၀၀၀၀)၊ ဒေါ်ညွှန့်ညွှန့်စန်းအမည်ပါ မှတ်ပုံတင်တစ်ခု၊ ဒေါ်ညွှန့်ညွှန့်စန်း အမည်ပါ ပင်စင်ကတ်တစ်ခု ဒေါ်သိမ့်သိမ့်ဆွေဇင်အမည်ပါ မှတ်ပုံတင်တစ်ခုနှင့် လူမှုဖူလုံရေးကတ်တစ်ခုတို့အား ထည့်ပြီး နေအိမ်ညှော်ခန်းအတွင်း တီဗွီစင်ရှေ့ကြမ်းပြင်တွင် ချထားခဲ့ပြီးနောက် တရားလိုသည် အိမ်ရှေ့မျက်နှာချင်းဆိုင်ရှိ ဦးလှရွှေနေအိမ်တွင် ရောက်နေသော သမီးဖြစ်သူ မသိမ့်သိမ့်ဆွေဇင်အား နေအိမ်ပြန်လွှတ်၍ ၎င်းမှာ ဦးလှရွှေအိမ်တွင် မြေးဖြစ်သူ မရွှန်းပီတိနှင့်အတူ နေခဲ့ကြောင်း။ ည ၉ နာရီအချိန် တရားလို၏ သားမက်ဖြစ်သူ ဦးစည်သူထွန်းမှာ ဆေးဆိုင်ဖွင့်ရာမှ ပြန်လည်ရောက်ရှိလာ၍ တရားလိုနှင့် မြေးဖြစ်သူတို့ နေအိမ်သို့ ပြန်လာခဲ့ပြီး ည ၁၁ နာရီအချိန် အိမ်ရာဝင်ခဲ့ရာ ၂၁-၆-၂၀၁၈ ရက်နေ့ ညဦးသန်းခေါင်ကျော်အချိန် အိပ်ရာမှနိုးလာ၍ ပိုက်ဆံအိတ်အား ရှာဖွေရာ မတွေ့ရှိတော့ဘဲ ပျောက်ဆုံးနေသဖြင့် အရေးယူပေးပါရန် တိုင်တန်းသဖြင့် (ပ)၅၅၆/၂၀၁၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

အမှုစစ် ရဲအုပ် ထွန်းထွန်းလင်း နယ်ထိန်းခေါင်းဆောင်၊ အောင်လံမြို့မရဲစခန်းမှ အမှုအား လက်ခံစစ်ဆေးပြီး အခင်းဖြစ်အရပ် စစ်ဆေးခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ တရားခံဖမ်းဆီးနိုင်ရေးအတွက် နယ်တပ်ဖွဲ့ဝင်များနှင့် လိုက်လံစုံစမ်းစစ်ဆေးလျက်ရှိပြီး သက်သေခံပစ္စည်း သိမ်းဆည်းနိုင်ရန်နှင့် ကျန်ရဲလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိန်းဇော်(အောင်လံ)

www.free4reader.com







# ဥပဒေနှင့်အညီ ခုခံချေပခွင့်

**ဖွဲ့စည်းပုံအခြေခံဥပဒေ**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၃ မှာ "မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ၊ နစ်နာဆုံးရှုံးမှု မရှိစေရ"လို့ ပြဋ္ဌာန်းထားပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၅ မှာလည်း "ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့် ရှိစေရမည်"လို့ ပြဋ္ဌာန်းပါရှိပါတယ်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃(ဂ)မှာလည်း "အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး"ဆိုပြီး ပြဋ္ဌာန်းပါရှိပါတယ်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၀(၁)မှာ "ရာဇဝတ်တရားရုံးတစ်ရုံးတွင် ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရသူ မည်သူမဆို သို့မဟုတ် ဆိုခဲ့သည့် တရားရုံးတစ်ရုံးတွင် ဤကျင့်ထုံးဥပဒအရ အမှုစွဲဆိုခြင်းခံရသူ မည်သူမ ဆိုရှေ့နေဖြင့် ခုခံချေပပိုင်ခွင့်ရှိတယ်"လို့ ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့် တရားရုံးကို ရာဇဝတ်မှုဖြင့် တရားစွဲတင်ပို့ခံရတဲ့ စွပ်စွဲခံရသူများအားလုံးအား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ တရားစီရင်ရေးဥပဒေအရလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေအရလည်းကောင်း၊ အမှုများကို ဥပဒေနှင့်အညီ ချေပနိုင်တဲ့ အခွင့်အရေး ပြည့်ပြည့်ဝဝရရှိဖို့ လိုအပ်ပါတယ်။

**ပြန်ခေါ်သက်သေကိစ္စ**

ရာဇဝတ်မှုဖြင့် စွဲဆိုတဲ့ အမှုအမျိုးအစားထဲက ဝရမ်းမှုများမှာ စွပ်စွဲခံရသူများဘက်က တရားလိုပြသက်သေများကို ပြန်လှန်စစ်မေးရန် အခွင့်အလမ်းသုံးကြိမ်ရှိပါတယ်။

**ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်**

**ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၂(၁)** - ရာဇဝတ်တရားသူကြီးရှေ့သို့ တရားခံရောက်ရှိသည့်အခါ သို့မဟုတ် တရားခံတင်ပို့သောအခါ ရာဇဝတ်တရားသူကြီးသည် တိုင်တန်းသူရှိခဲ့လျှင် ဆက်လက်စစ်ဆေးကြားနာရမည်။ ထို့အပြင် တရားလိုဘက်က တင်ပြသော သက်သေခံချက်ကို ရယူရမည်။ တရားခံက တိုင်တန်းသူနှင့် တရားလိုပြသက်သေများကို ပြန်လှန်စစ်မေးခွင့်ရရှိစေရမည်။

(Shall have The right to cross-examine) လို့ ပြဋ္ဌာန်းထားပါတယ်။

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆** မှာကတော့ "အကယ်၍ တရားခံက ဖြေကြားရန် ငြင်းဆိုလျှင်၊ သို့မဟုတ်၊ ဖြေကြားလျှင် သို့မဟုတ် စစ်ဆေးစီရင်ရန် တောင်းဆိုလျှင်၊ သက်သေခံချက်ရယူပြီးသည့် တရားလိုဘက်သက်သေ တစ်ဦးတစ်ယောက်ကို ပြန်လှန်စစ်မေးရန် ၎င်းတွင် ဆန္ဒရှိ/မရှိ၊ အကယ်၍ ၎င်းတွင် ပြန်လှန်စစ်မေးရန် ဆန္ဒရှိလျှင်၊ မည်သည့်သက်သေကို ပြန်လှန်စစ်မေးလိုကြောင်း တရားခံအား ချက်ချင်းတင် ပြစေရမည်။ အကယ်၍ တရားခံက ယင်းကဲ့သို့ ဆန္ဒရှိကြောင်း တင်ပြလာလျှင် ၎င်းက အမည်စာရင်းပေးသည့် သက်သေများကို ပြန်ခေါ်ပေးရမည်" လို့ ပြဋ္ဌာန်းပါရှိပါတယ်။

(The witnesses named by him, shall be re-called, and after cross-examination) လို့ ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါတယ်။

**နောက်တစ်ခုက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၇(၁) အရ ပြန်ခေါ်စစ်ဆေးတဲ့ကိစ္စပါ။**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁)မှာ"တရားခံအနေဖြင့် မိမိဘက်က ချေပရမည့်အဆင့်သို့ ရောက်ရှိ၍ သက်သေတစ်ဦးတစ်ယောက်ကို စစ်ဆေးရန် သို့မဟုတ် ပြန်လှန်စစ်ဆေးရန်အတွက် ဆင့်ခေါ်မေးရန်လည်းကောင်း၊ လျှောက်ထားခဲ့လျှင် စာတန်းအမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ အခြားပစ္စည်းကိုဖြစ်စေ တင်ပြစေရန်အတွက် ဆင့်ဆိုပေးရန်လည်းကောင်း

> ဦးခင်ဇော်(တရားလွှတ်တော်ရှေ့နေ-ပဲခူး)
> အငြိမ်းစားဥပဒေအရာရှိ အဆင့်-၂

လျှောက်ထားခဲ့လျှင် ရာဇဝတ်တရားသူကြီးက ဆင့်စာထုတ်ပေးရမည်။ အကယ်၍ တရားခံက ယင်းသို့ ဆင့်ဆိုပေးရန် လျှောက်ထားခြင်းမှာ အနှောင့်အယှက်ပြုရန် သို့မဟုတ် ကြန့်ကြာစေရန် သို့မဟုတ် တရားမျှတစွာ ဆုံးဖြတ်နိုင်ရေးကို ထိခိုက်စေရန်ကိစ္စ အလို့ငှာ ပြုလုပ်သည်ဟု ယုံကြည်ပါက ယင်းလျှောက်ထားချက်ကို ရာဇဝတ်တရားသူကြီးက ငြင်းဆိုနိုင်သည်။ ထိုသို့ငြင်းဆိုသည့်အခါ မည်သည့်အတွက် ငြင်းဆိုရကြောင်း ရေးသားမှတ်တမ်းတင်ထားရမည်။

**စီရင်ထုံးများက ညွှန်းတဲ့အခွင့်အရေး**

တရားလိုပြသက်သေများကို ပြန်ခေါ်စစ်ဆေးခွင့်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁)အရ ပေးထားတာဖြစ်ပြီး တရားခံက မိမိအတွက် သက်သေခံခွင့်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၂)အရ ပေးထားတာဖြစ်ကြောင်း၊ ဤပြဋ္ဌာန်းချက်များသည် မလုပ်မနေရ ပြဋ္ဌာန်းချက်များဖြစ်ကြောင်း၊ ၎င်းတို့ကို လိုက်နာရန် ပျက်ကွက်ခြင်းသာ တရားဥပဒေတိမ်းစောင်းမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အမှုကိုပျက်ပြယ်စေသည်လို့ မှတ်ယူရမည်ဖြစ်ကြောင်း (၁၉၄၈-ရန်ကုန်-စာ-၈၆၃၊ မောင်အုံဘွယ်ပါ ၂ နှင့် ပတစ)အမှုမှာ ထုံးဖွဲ့ဆုံးဖြတ်ထားပါတယ်။

ပြန်ခေါ်သက်သေအဖြစ် စစ်ဆေးပြီးတဲ့တရားလိုပြသက်သေများကို ပြန်ခေါ်စစ်ဆေးလိုကြောင်း အမည်စာရင်းတင်ပြတဲ့အခါမှာ စွဲချက်မတင်မီက သက်သေများကို ပြန်လှန်စစ်ဆေးခဲ့ရုံမျှဖြင့် တရားခံ၏ အခွင့်ရေးကို ထိခိုက်ခြင်းမရှိစေရပါဘူး။ တရားခံအနေဖြင့် ပြန်ခေါ်စစ်မေးရန် အခွင့်အရေးရှိကြောင်း၊ အကြောင်းယုတ္တိများ ပြသရန်လည်း မလိုအပ်ကြောင်း၊ အမှုမှာ စွပ်စွဲခံတဲ့တရားခံများက တစ်ဦးထက်ပိုမိုပါရှိနေပါကလည်း တရားခံတစ်ဦးစီကို ပြန်ခေါ်သက်သေစစ်မေးရန် အခွင့်အရေးကို တစ်ဦးစီအား အပြည့်အဝပေးရမယ်ဖြစ်ကြောင်း၊ အမှုစစ်ဆေးနေတဲ့ တရားသူကြီးက ပြန်လှန်စစ်မေးရာမှာ အလွန်အကျွံကြားဖြတ်မေးမြန်းကာ တစ်ဖက်သတ် ဖိနှိပ်မေးမြန်းတာတွေ ရှောင်ကြဉ်ရမည့်အကြောင်း ယခင်ကအစစ်ခံထွက်ဆိုခဲ့တဲ့ ထွက်ချက်ကိုပဲကြည့်ပြီး မေးရမယ်လို့ မေးခွန်းကန့်သတ်တာမျိုးတွေ မလုပ်သင့်ကြောင်း ပြန်လှန်မေးမြန်းရာမှာ ရှေ့နေကို ဘယ်မေးခွန်းမေးမှာလဲ၊ မေးခွန်းကိုပြောကြားဖို့ ရှေ့နေကို အကျပ်မကိုင်သင့်ကြောင်း၊ စတဲ့တရားခံတစ်ဦးရဲ့ ထုချေပိုင်ခွင့်အခြေခံဖြစ်တဲ့ ပြန်လှန်မေးမြန်းတဲ့ ဥပဒေပါ အခွင့်အရေးတွေကို ပြည့်ပြည့်ဝဝပေးဖို့ တရားရုံးများမှာ တာဝန်ရှိကြောင်း အကျယ်တဝင့် ထုံးဖွဲ့ထားတဲ့စီရင်ထုံးတွေက RGN Law Seris စီရင်ထုံးတွေမှာ တစ်ဝကြီး ရှာဖွေဖတ်ရှု နိုင်ပါတယ်။ စီရင်ထုံးတစ်ခုခြင်း မဖော်ပြဘဲ ပေါင်းပြီး ရေးသားတင်ပြလိုက်ရတာပါ။

ပြစ်မှုတွေမှာ သက်သေထင်ရှားပြသရန် တာဝန်က တရားလိုအပေါ် လုံးဝတာဝန်ရှိပါတယ်။ တရားခံဘက်က တင်ပြတဲ့ပျော့ကွက်တစ်စုံတစ်ရာအပေါ် အားကိုးပြီး တရားလိုဘက်က ဟာကွက်တွေကို သက်သေခံချက်အနေဖြင့် ဖြည့်စွက်ဖာထေးခြင်းမပြုနိုင်ပါဘူး။ သည်အကြောင်းကို (၁၉၆၄၊ မတစ ရုံးချုပ် စာ ၃၉၆ ပတစ နှင့် ဦးအေးကြည်)မှာ ထုံးဖွဲ့ပါတယ်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၇(၁)အရ ဝရမ်းမှုတွေမှာ တရားခံဘက်က ပြသတဲ့ ခံပြသက်သေတွေကို အတင်းအကျပ် ဆင့်ခေါ်နိုင်ရန် တရားရုံးများကို လုပ်ပိုင်ခွင့်ပေးထားတာ ဖြစ်ပါတယ်။ တရားခံပြသက်သေများဟာ သောင်းကျန်းသူကြီးစိုးတဲ့ နေရာဒေသမှာ ရှိနေလို့၊ ဆင့်ခေါ်ဖို့ အခက်အခဲဖြစ်ပြီး ဆင့်စာကို အတည်မပြုနိုင်တဲ့ အခြေအနေမျိုးမှာတောင် တရားခံရဲ့ စစ်ဆေးရန် ရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးကို တရားခံအား ငြင်းပယ်ရန် မသင့်ကြောင်း (၁၉၅၂ ခုနှစ် တရားလွှတ်တော် စာ ၂၆၂၊ မောင်လှမောင်နှင့် အပေါင်းပါများနှင့် ပတစ)မှာ ထုံးဖွဲ့ထားပါတယ်။

ဒါတွေအားလုံးကို လေ့လာဖတ်ရှုရင် ရာဇဝတ်မှုများမှာ စွပ်စွဲခံရတဲ့ တရားခံများအနေဖြင့် ဥပဒေအရ ခုခံချေပခွင့်ကို အပြည့်အဝရရှိရမှာ ဖြစ်ပါတယ်။ တရားခံများရဲ့ ခုခံချေပခွင့်ကိုလည်း အပြည့်အဝရရှိအောင် တရားစီရင်ရာမှာ မျှတသော တရားစီရင်ရေး၊ လက်လှမ်းမီသမျှ ရရှိအောင် တရားရုံးများက ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေး ဖို့လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ဆရာဦးမြ (ညွှန်ကြားရေးမှူး တရားရုံးချုပ်)ရဲ့ စာညွှန်း**

ဆရာဦးမြရဲ့ သောင်းပြောင်းထွေလာ ဥပဒေပြဿနာအမှတ်(၉)မှာလည်း ပြန်ခေါ်သက်သေ ခေါ်ယူခြင်းနဲ့ ပတ်သက်လို့ အကျယ်တဝင့်မှတ်သားစရာ ရေးသားတာ တွေ့ရပါတယ်။

"တရားခံဘက်မှ စစ်ဆေးပြီးသော တရားလိုပြသက်သေများကို **ပြန်ခေါ်စစ်ဆေးခြင်းသည် (အမှန်ကိုဖော်ထုတ်ရာ၌)** များစွာအထောက်အကူ ဖြစ်စေသည်။ သို့ကြောင့်လည်း ယင်းအခွင့်အရေးကို ဥပဒေတွင် အသိအမှတ်ပြုထားခြင်း ဖြစ်သည်။ တစ်ဖက်တွင် တရားခံဘက်မှ ပြန်ခေါ်သက်သေစစ်ဆေးခွင့်ကို အလွဲသုံးစားပြုသည်ဟု စွပ်စွဲလိုကြသည်။ မှန်သင့်သလောက် မှန်ပါသည်။ မြန်ဆန်ရေးသမားများက ထိုအခွင့်မျိုး မပေးသင့်ဟု ဆိုလာကြသည်။ သက်သေစစ်တုန်းက ပြန်လှန်မေးခွင့် ရသားပဲ၊ အခွင့်အရေး ထပ်ပေးဖို့ မလိုပါဘူး။ အပိုပါဟု ဆိုကြသည်။ ပြန်ခေါ်သက်သေ စစ်ဆေးတော့မှ တရားခံဘက်က ဆင်သော ဇာတ်လမ်းသည် နောက်မှအကြံရ၍ ဖန်တီးယူတာပါဟု စွပ်စွဲသည်အထိ အတင့်ရဲလာသည်။ တရားခံဖြစ်ဖူးမှ ထိုအခွင့်အရေး အဖိုးတန်ပုံကို ကောင်းစွာသဘောပေါက်ကြပေလိမ့်မည်။ သက်သေများကို ပြန်လည်ခေါ်ယူစစ်ဆေးခြင်း၏ အကျိုးကျေးဇူးများ အများအပြားရှိသည်။ ထိုအခွင့်အရေးကို ဖြတ်တောက်ပစ်လျှင် မှန်မှန်ကန်ကန် တရားစီရင်ခြင်းကို အနည်းနှင့်အများ ထိခိုက်မည် ဖြစ်သည်။ တစ်ဖက်တွင် တရားခံဘက်မှလည်း အမှုကြန့်ကြာစေရန် ဖန်တီးသည့်အနေဖြင့် အဆိုပါ အခွင့်အရေးကို အလွဲသုံးစားမသုံးသင့်၊ အကျိုးဖြစ်ထွန်းစေသည့် ပြဋ္ဌာန်းချက် (a heal hy provision) ကို နှစ်ဦးနှစ်ဝ မျှမျှတတ ကျင့်သုံးကြဖို့ လိုသည်လို့ မှတ်ချက်ပြုထားကြောင်း တွေ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် ပြန်ခေါ်သက်သေခေါ်ယူ စစ်ဆေးခြင်းဟာ အမှန်ကန်ပေါ်ပေါက်ဖို့နဲ့ ဥပဒေနှင့်အညီ ခုခံချေပပိုင်ခွင့်အတွက် အရေးကြီးတယ်ဆိုတာကိုတော့ ငြင်းလို့ရမနိုင်ပါဘူး။ ဥပဒေက စွပ်စွဲခံရသူအတွက် ပေးထားတဲ့အခွင့်အရေးတစ်ရပ်ပါ။

တရားလိုသက်သေတွေအားလုံး စစ်ဆေးပြီးကာမှ စွပ်စွဲခံရသူဘက်က မိမိခုခံချေပရမယ့် အဓိကအချက်အလက်တွေ တွေ့မြင်ရလာတာတွေ ရှိပါတယ်။ ခုခံချေပချက်ဆိုတာ စွပ်စွဲခံရသူက မိမိရှေ့နေကို ညွှန်ကြားရမှာ သဘာဝအလျောက် မေ့တာပဲဖြစ်ဖြစ်၊ ဥပဒေမတတ်ကျွမ်းလို့ဘဲ ဖြစ်ဖြစ်၊ တစ်ခါတစ်ရံ အမှုသည်ကိုယ်တိုင်က ပညာ၊ ဗဟုသုတ၊ အတွေ့အကြုံနည်းပါးလို့ပဲဖြစ်ဖြစ် မညွှန်ကြားခဲ့တာတွေရှိတတ်ပါတယ်။ တရားလိုကစပြီး လိုပြသက်သေတွေ စစ်ဆေးဖို့၊ နောက်ဆုံးလိုပြသက်သေကို စစ်တဲ့အခါမှ အမှုအတွက်အဓိကကျတဲ့ ခုခံချေပရမယ့်အချက်၊ စစ်ဆေးပြီးတဲ့တရားလိုနှင့် လိုပြသက်သေတွေက ရုံးရှေ့မထွက်သွားတဲ့အချက်တွေဟာ နောက်ဆုံးစစ်တဲ့လိုပြသက်သေကျမှ အမှတ်မထင်ပေါ်လာတာတွေလည်း ရှိတတ်ပါတယ်။ ဒါကလည်း တရားခံရှေ့နေအဖြစ် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ရင်းနဲ့ကျမှ အတွေ့အကြုံရလာတဲ့ အခွင့်အရေးတွေပါ။ ဒါကြောင့် ရုံးတော်က အရင်စစ်ခဲ့တဲ့လိုပြတွေတုန်းက ပြန်လှန်မေးမြန်းခွင့်ရပြီးပြီဆိုတဲ့ အတွေးနဲ့ ပြန်ခေါ်သက်သေကို အမှုမြန်မြန်စစ်ဆေးဖို့ အကြောင်းတစ်ရပ်တည်းနဲ့လည်း ငြင်းပယ်လို့မရပါဘူး။ စကားဦးသန်းပြီး ပိတ်သလိုလည်း မပြောသင့်ပါဘူး။ ခုခံချေပချက်က အရေးကြီးတယ်ဆိုတာ ကိုယ်တိုင်တွေ့ ထိခံစားရမှ ပိုမိုသိလာနိုင်တဲ့ မျှော်လင့်ချက်မျိုးပါ။

ဦးခင်ဇော်(တရားလွှတ်တော်ရှေ့နေ-ပဲခူး)
အငြိမ်းစားဥပဒေအရာရှိ အဆင့်-၂

❖ ❖ ❖

www.free4reader.com



# မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေ

## MYANMAR OFFICIAL SECRETS ACT

မောင်ဉာဏ်စိန်

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေ အကြောင်းကို သိသူနည်းကြပေသည်။ အစိုးရအမှုထမ်း အချို့အနေဖြင့် ကြားဖူးနားဝ ရှိကြမည်ဖြစ်သော်လည်း တိတိကျကျ ဂဃနဏ အနေဖြင့် သိမည်မထင်ပေ။ အရပ်သူ အရပ်သားအနေဖြင့် ဤဥပဒေကိုသိရန် ပို၍ ဝေးလှကြပေသည်။ မသိ၍လည်း အပြစ်တင်ရန်မဟုတ်ပေ။ ဤဥပဒေဖြင့် တရားစွဲဆိုမှုမျိုးမှာ တစ်နှစ်တွင် တစ်ကြိမ်ပင် တွေ့ကြုံရန် ခဲယဉ်းသောကြောင့် ဖြစ်ပေသည်။

Ignorance of law is no excuse ဟူသော စကားတစ်ရပ် ရှိပေသည်။ "ဥပဒေကို မသိနားမလည် ခြင်းသည် ခွင့်လွှတ်ရန်မဟုတ်"ဟူသော စကားဖြစ်ပေသည်။ ဥပဒေကို လူတိုင်းနားလည်သင့်ပေသည်။ ဥပဒေကို နားမလည်၍ ပြစ်မှုကို အမှတ်မထင် ကျူးလွန်မိတတ်ကြသောကြောင့် ဖြစ်သည်။ ဤကဲ့သို့ ကျူးလွန်မိ၍ တရားရုံးသို့ တရား စွဲဆိုခံရသောအခါမျိုးတွင် "မသိနားမလည်လို့ပါ"ဟု ခုခံချေပ၍ ရမည်မဟုတ်ပေ။ ဤကဲ့သို့မျှ ချေပလိုက်ရုံ ဖြင့် စွဲဆိုထားသော ပြစ်မှုမှ တရားရှင်လွှတ်ပေးခြင်း၊ တရားသေလွှတ်ပေးခြင်းတို့ ရရှိနိုင်မည်မဟုတ်ပေ"လူတိုင်းအဖို့ တရားဥပဒေ (Law for everyone) ဟူသော စကားတစ်ရပ်လည်း ရှိသည်မဟုတ်ပါလော။ နားလည်ရန်၊ လေ့လာထားရန် မလွယ်ကူသည့်တိုင် စာနယ်ဇင်းသမားများအနေဖြင့်မူ လေ့လာထားသင့်၊ နားလည်ထားသင့်ကြပေသည်။

လွန်ခဲ့သော (၄)နှစ်ခန့်က ဤဥပဒေကို အနည်းငယ်စိတ်ဝင်စားလာကြသည်။ ၂၀၁၄ ခုနှစ်ခန့်တွင် Unity ဂျာနယ်က အယ်ဒီတာချုပ် ဦးတင့်ဆန်းနှင့် အပေါင်းပါများကို ဤဥပဒေဖြင့် အရေးယူခဲ့ဖူးပြီး ပြစ်ဒဏ်လည်းပေးခဲ့သောကြောင့် ဖြစ်သည်။ ယခုတော့လည်း လွတ်သွားကြပြီ ထင်ပေသည်။ မကြာမီက လည်း ရိုက်တာသတင်းထောက် ကိုသက်ဦးမောင်(ခ) ကိုဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့အား ဤဥပဒေဖြင့် အရေးယူမှု ရှိခဲ့သည်။ ရိုက်တာသတင်းဌာန၏ သတင်းထောက်များဖြစ်ခဲ့၍ ပြည်တွင်း ပြည်ပသို့ ဂယက်ရိုက်ခတ်ခဲ့သည်။ ဤအမှုနှင့် ဆက်စပ်ပြီး ဒုရဲမှူး မိုးရန်နိုင်ဆိုသူက တရားရုံးတွင် တရားလိုပြ သက်သေအဖြစ် ထွက်ဆိုခဲ့ရာတွင် ဤအမှုမှာ ထောင်ချောက်ဆင်၍ ဖမ်းသောအမှုဟူ၍ ထွက်ဆိုခဲ့သောကြောင့် ပို၍ဂယက်ရိုက်ခဲ့ပေသည်။ "မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေ"ကို ပို၍ သိချင်လာကြသည်။

မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေကို Myanmar Official Secrets Act ဟု ခေါ်ပေသည်။ မြန်မာနိုင်ငံ ဥပဒေ၊ အတွဲ II၊ စာမျက်နှာ ၁၈၂ တွင် ပါရှိပေသည်။ ဤဥပဒေကို စတင်ပြဋ္ဌာန်းခဲ့သော ခုနှစ်မှာ ၂-၄-၁၉၂၃ ဖြစ်၍ ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေး စောစောပိုင်းကာလဖြစ်ပေသည်။ ဒိုင်အာခီ အုပ်ချုပ်ရေးခေတ်ကဖြစ်သည်။ ဥပဒေသက်တမ်းအားဖြင့် (၉၅)နှစ်ရှိနေပြီ ဖြစ်ပေသည်။ ထိုအချိန်က မြန်မာနိုင်ငံမှာ အိန္ဒိယပြည်၏ ပြည်နယ်တစ်ခုတွင် ပါဝင်နေဆဲဖြစ်၍ အိန္ဒိယနှင့်မြန်မာနိုင်ငံအပါအဝင် အိန္ဒိယတိုက်ငယ်တစ်ခုလုံးအတွက် ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့သောဥပဒေဟု ယူဆရသည်။

ဤဥပဒေတွင် ပုဒ်မ ၃(၁)သည် အရေးကြီးသော ပုဒ်မ ဖြစ်သည်။ ယင်းပုဒ်မတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

ပုဒ်မ ၃(၁) မည်သူမဆို နိုင်ငံတော်လုံခြုံရေးဖြစ်စေ၊ နိုင်ငံအကျိုးကိုဖြစ်စေ၊ ထိခိုက်စေသော ရည်ရွယ်ချက်ဖြင့် -

(က) ပိတ်ပင်ထားသည့် အရာတစ်ခုခုကို ချဉ်းကပ်ခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း၊ ကျော်ဖြတ်ခြင်းပြုလျှင် ထိုနေရာအနီးအနားတွင် ရှိနေလျှင် သို့မဟုတ် ထိုနေရာသို့ဝင်လျှင်သော်လည်းကောင်း။

(ခ) ရန်သူအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အသုံးဝင်စေရန် ကြံရွယ်၍ သို့မဟုတ် တွက်ချက်၍ ပုံကြမ်း (Sketch)၊ အစီအစဉ် (Plan)၊ နမူနာပုံစံ (Specimen) သို့မဟုတ် မှတ်စုတို ပြုလုပ်လျှင် သော်လည်းကောင်း။

(ဂ) ရန်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ အသုံးဝင်စေရန် ကြံရွယ်၍ အစိုးရလျှို့ဝှက်သင်္ကေတ (Code)၊ ကင်းစကားဝှက် (Password)၊ ပုံကြမ်းအစီအစဉ်၊ နမူနာပုံစံ၊ ဆောင်းပါး၊ မှတ်စု သို့မဟုတ် အခြားစာရွက်စာတမ်း၊ အမှတ်အသား သို့မဟုတ် သတင်းကို ရယူခြင်း၊ စုဆောင်းခြင်း၊ ရေးမှတ်ခြင်းပြုလျှင် သို့မဟုတ် သူတစ်ပါးဆက်သွယ်သိရှိစေလျှင်သော်လည်းကောင်း။

ထိုပြစ်မှုသည် တပ်မတော်လုပ်ငန်း လက်နက်တိုက်၊ ကြည်းတပ်၊ ရေတပ်၊ လေတပ်တည်ရှိရာ၊ ချထားရာ၊ နေရာတစ်ခုခု၊ ကြည်းတပ်၊ ရေတပ်၊ လေတပ်ဆိုင်ရာ မိုင်း၊ မိုင်းတွင်း၊ အလုပ်ရုံ၊ သင်္ဘောကျင်းစခန်း၊ သင်္ဘောနှင့် လေယာဉ်တစ်ခုခုနှင့် သက်ဆိုင်လျှင် ထောင်ဒဏ်(၁၄)နှစ်အထိ ချမှတ်ခြင်းခံရမည်။ အခြားပြစ်မှုနှင့် သက်ဆိုင်လျှင် ထောင်ဒဏ်(၃)နှစ်အထိ ချမှတ်ခြင်းခံရမည်။

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအရ ပုဒ်မ၃(၁)(က)၊ (ခ)၊ (ဂ)ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့လျှင် ကျူးလွန်ခဲ့သောပြစ်မှုသည် ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ တစ်ခုခုနှင့် သက်ဆိုင်နေလျှင်၊ ထောင်ဒဏ်(၁၄) နှစ်အထိ ချမှတ်နိုင်ခြင်း ခံရမည်ဖြစ်ကြောင်း သိရှိနိုင်သည်။ အခြားပြစ်မှုနှင့် သက်ဆိုင်လျှင်ကား ထောင်ဒဏ်(၃)နှစ်အထိသာ ချမှတ်ခြင်းခံရမည်ဖြစ်သည်။ အနည်းဆုံး ပြစ်ဒဏ်ကိုကား သတ်မှတ်ထားသည်ကို မတွေ့ရပေ။

ဤဥပဒေကိုလေ့လာရာတွင် ပုဒ်မ ၃(၂)ပါ ပြဋ္ဌာန်းချက်ကို အထူးအလေးထား၍ လေ့လာသင့်သည်။ ပုဒ်မ၃(၂)တွင် ဤပုဒ်မအရ ထောင်ဒဏ်(၁၄) နှစ်အထိ ချမှတ်နိုင်သောပြစ်မှုတစ်ခုခုကို စွဲဆိုရာတွင် စွပ်စွဲခံရသူက နိုင်ငံလုံခြုံရေးကိုဖြစ်စေ၊ အကျိုးကိုဖြစ်စေ ထိခိုက်စေရန် ရည်ရွယ်ချက်ကို ထင်ရှားအောင် သက်သေပြရန်မလို၊ ထိခိုက်စေမည့်ပုံပေါ်လျှင် ထိခိုက်စေသည့် ရည်ရွယ်ချက်ဖြင့်ပြုလုပ်သည်ဟု မှတ်ယူနိုင်ပြီး ပြစ်မှုထင်ရှားစီရင်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဖော်ပြပါကိစ္စရပ်မျိုးတွင် ပြစ်မှုကျူးလွန်ကြောင်း၊ တရားလိုဘက်က သက်သေပြရန်ထက် ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း၊ စွပ်စွဲခံရသူဘက်က သက်သေအထောက်အထားများဖြင့် ခုခံချေပရန်က ပို၍ တာဝန်ကြီးကြောင်း သိရှိနိုင်ပေသည်။ ဤသည်မှာလည်း အထူးဥပဒေအတော်များများတွင် ကျင့်သုံးလေ့ရှိသော အသားကျပြီးဖြစ်သော၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ပင် ဖြစ်သည်။

ထို့ကြောင့် ဥပဒေပညာကို လူတိုင်းလေ့လာထားသင့်ကြောင်း၊ ဥပဒေပညာကို တန်ဖိုးထားသင့်ကြောင်း ဥပဒေနှင့်အညီ နေထိုင်ခြင်းသည် ဘေးကင်းကွာကြောင်း သတိပေးရေးသားလိုက်ရပေသည်။

မောင်ဉာဏ်စိန်

# ကံကြမ္မာအရွှေ့အပြောင်းမှာ ဉာဏ်မပါလို့ကတော့ သေကြရမှာပဲဖြစ်လို့ သတိထားကြ

မောင်မောင်စိုးနိုင်

ဘဝဆိုတာ မုန်တိုင်းတွေနဲ့ပြည့်နေတာပဲဆိုတဲ့ ခံယူချက်နဲ့ စာရေးသူတို့ ကြီးပြင်းလာခဲ့တာဖြစ်ပါတယ်။ ခရီးသွားရင် ကိုယ့်မိဘ၊ ကိုယ့်ဘုရားကို ရှိခိုးဦးချပြီးမှ သွားသည်။ ကိုယ့်ဒေသရွာတော်အရှင်သခင်နတ်များကို အရိုအသေပေးပြီးမှသွားသည်။ နံနက်စောစောခရီးသွားသည့်ကားကကြပ်နေလျှင် ဖြစ်ပေါ်လာမည့်အန္တရာယ် ကင်းဖို့အတွက် အဲဒီကားကိုမစီး နောက်လာမည့် ချောင်တဲ့ကားမှစီးသည်။ ထို့ကြောင့်ပင် စာရေးသူတို့အသက်(၇၃)နှစ်ရှိပြီ၊ ဘာအန္တရာယ်မှ မကြုံခဲ့ဖူးဘူး။ မဖြစ်မမြင်ရသော ကံကြမ္မာဆိုတာ ဉာဏ်အသိသတိရှိရှိဖြင့် သွားလာတတ်ဖို့ လိုသည်။ ယနေ့ဆိုင်ကယ်ဈေးကလည်း တစ်သိန်းကျော်လေးဆိုတော့ အိမ်တိုင်းဆိုင်ကယ်တွေရှိကြသည်။ ဆိုင်ကယ်စီး၍ သေဆုံးသူပေါင်း(သိန်း)နဲ့ချီရှိနေသည်။ အထူးသဖြင့် ကျေးလက်ဒေသက လူငယ်တွေများသည်၊ လမ်းစည်းကမ်းမသိခြင်း၊ ဆိုင်ကယ်ကျွမ်းကျင်မှုမရှိခြင်း၊ အရက်သေစာသောက်ခြင်းတို့ကြောင့် ဖြစ်သည်။

လွန်ခဲ့သော နှစ်ပိုင်းကပဲ လမ်းစည်းကမ်းသိသည်၊ ယာဉ်စည်းကမ်းသိသည်၊ နေပြည်တော်မှ တရားရုံးက ပြန်လာတဲ့ ရဲမေနှစ်ယောက် ဆိုင်ကယ်နှင့်ရှစ်ဘီးကားကြီးနဲ့ တိုက်မိကြလို့ ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ ကံကြမ္မာအရွှေ့အပြောင်းမှာ ဉာဏ်သတိမရှိလို့ဆိုရမှာပဲ။ ယနေ့ဖြစ်ရပ်ကတော့ ဆိုင်ကယ်နှင့် သေဆုံးမှုဟာ မကြုံဖူးသေးတဲ့ဖြစ်ရပ်မို့ ဆိုင်ကယ်စီးကြသူတွေရော၊ လမ်း နှင့်ပတ်သက်တဲ့တာဝန်ရှိသူတွေရော အပြုသဘောနှင့် ရေးပါရစေ။ ပြစ်တင်ဝေဖန်မှု မဟုတ်ပါဘူး။ နောက်နောင်တွင် ဒီလိုအဖြစ်မျိုး မကြုံဖို့ပါပဲ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ကောင်းဆင့်ကျေးရွာက အသက်(၄၂)နှစ်အရွယ် မဌေးဌေးဝင်းနှင့် အသက်(၆၂)နှစ်အရွယ် ဒေါ်မြရွှေတို့၏ ကြေကွဲစရာဖြစ်ရပ်လေးပါပဲ။

ဖြစ်ပုံက ကောင်းဆင့်ကျေးရွာ တောပြင်မှာနေတဲ့ ဒေါ်မြရွှေသည် ကောင်းဆင့်ကျေးရွာမှ ဒေါ်ဌေးဌေးဝင်းတို့အိမ် အလယ်သွားရောက်ခဲ့သည်။ ထမင်းစားသောက်ပြီး ဒေါ်မြရွှေအပြန်မှာ ဒေါ်ဌေးဌေးဝင်းက ဆိုင်ကယ်ဖြင့် လိုက်ပို့ခဲ့ရာ ကောင်းဆင့်ရွာဦးတံတားအဝင်မှာ ကတ္တရာလမ်းနှင့်တံတားအဆက်လမ်းမှာ ဖုထစ်ဖြစ်နေရာ ဆိုင်ကယ်နောက်မှစီးနင်းလိုက်ပါသူ ဒေါ်မြရွှေ လွင့်စဉ်ပြုတ်ကျ၍ ကတ္တရာလမ်းနှင့်ဦးခေါင်းရိုက်မိပြီး ပွဲချင်းပြီးသေဆုံးခဲ့သည်။

လူ့ဘဝမှာ အမှုမဲ့အမှတ်မဲ့သတိလက်လွတ်ရှိတာလေးတွေကြောင့် မသေသင့်ဘဲ လူ့အသက်ပေါင်းများစွာ သေဆုံးနေကြရသည်။ ယနေ့မြန်မာပြည်ဒေသတော်တော်များများလမ်းကြေးကောက်ခံတဲ့ဂိတ်မလှမ်းမကမ်းမှာ ကားလမ်းအနံလိုက်တစ်ပြေးညီ ၆ လက်မလောက်ဖုထစ်တွေလုပ်ထားတာတွေ့ရပါတယ်။ အန္တရာယ်တော့များလှပါတယ်။ တချို့နိမ့်တဲ့ကားတွေဆို သူတို့လုပ်ထားတဲ့ ဖုထစ်တွေနဲ့မလွတ်လို့ အခက်အခဲတော်တော်ဖြစ်ရတယ်။ ယနေ့ရန်ကုန်မြို့ကြီးအပါအဝင် လမ်း၊ ရေမြောင်းတွေထွက်လမ်းအဖြတ်မှာ အဖုအထစ်ကြီးတွေရှိတယ်။ ယခုဆိုင်ကယ်ပေါ်က လွင့်စဉ်ကျသေဆုံးတာက တံတားအဝင်အထွက်မှာဖြစ်ပါတယ်။ မြန်မာပြည်အရပ်ရပ်က တံတားနှင့်ဘေးလမ်းအဝင်အထွက်မှာ မြေချိုင့်ဝှမ်းဖြစ်ရင်ဖြစ် သို့မဟုတ် မြေထုဖြစ်နေတာတွေ့ရတယ်။ လမ်းမှာ တာဝန်ရှိလမ်းဗိုလ်ကြီးတွေ တံတားအဝင်အထွက်တွေမှာ ပေလမ်းနဲ့ တစ်ပြေးညီဖြစ်အောင် ကြိုးစားလုပ်ပေးဖို့ လမ်းခင်းတဲ့နေရာမှာလည်း ကား၊ ဆိုင်ကယ်အသွားအပြန် အဆင်ပြေဖို့ လမ်းခင်းလမ်းပြင်တဲ့အခါ လမ်းကိုပေအရှည်ကြီး တစ်ဖက်သတ်လမ်းမခင်းဘဲ ကိုက် ၂၀၀ ၃၀၀ ပေတိုလမ်းများပြုပြင်လမ်းခင်းမှ အသွားအပြန် ကားဆိုင်ကယ်တွေ အဆင်ပြေမှာဖြစ်ပါ တယ်။ အများသွားလာရေးလမ်းများ ပြုပြင် ခင်းကျင်းတဲ့အတွက် ကျေးဇူးတင်ဝမ်းသာပါတယ်။ တစ်ဖက်သတ်ပေအရှည်ကြီး လမ်းခင်းတဲ့အခါ အနောက်ကဝင်လာတဲ့ ကားတွေဝင်လာရင် အရှေ့ကလာတဲ့ ကားတွေရပ်စောင့်နေရတဲ့အချိန်တွေ ကြာမြင့်နေတာတွေ့ရလို့ ရေးတာပါ။ ပြစ်တင်ဝေဖန်မှုမဟုတ်ပါဘူး။ ကားတွေ ဆိုင်ကယ်တွေအနေဖြင့်လည်း လမ်းကြေးကောက်ခံနေရာတွေ မြို့လမ်းဖြတ်ရေမြောင်းတွေ တံတားအဝင်အထွက်တွေမှာ ဉာဏ်သတိလေးနဲ့ ဖြည်းဖြည်းမောင်းနှင်ကြဖို့လည်း သတိပေးရေးသားချင်ပါတယ်။ အထူးသဖြင့် ကားထက်ဆိုင်ကယ်တွေက အန္တရာယ်ပိုများပါတယ်။ ကားက လေးဘီးဆိုတော့ ကြုံတွေ့လာတဲ့အရှိန်ကို ထိန်းနိုင်ပါတယ်။ ဆိုင်ကယ်ကဖြစ်လာတဲ့အရှိန်ကို မထိန်းနိုင်ပါဘူး။ သေဖို့ပဲရှိပါတယ်။ ယနေ့ပဲကြည့်လေ ယင်းမာပင်မြို့နယ်၊ ကောင်းဆင့်တောပြင်က မအဲ(ခ)မမြရွှေက တံတားအဝင်မှာ ဆိုင်ကယ်ပေါ်ကလွင့်စဉ်ကျပြီး သေဆုံးခဲ့ရပြီး ကောင်းဆင့်ကျေးရွာက ဒေါ်ဌေးဌေးဝင်းက စေတနာနှင့်ဆိုင်ကယ်ဖြင့်လိုက်ပို့ပေမဲ့ ယခုတော့ ဒေါ်မြရွှေသေဆုံးမှုနဲ့ ယင်းမာပင်မြို့မရဲစခန်းမှာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၄-ကနဲ့ အရေးယူခံခဲ့ရလေပြီ။

သို့ပါ၍ လူ့ဘဝရဲ့ကံကြမ္မာအရွှေ့အပြောင်းမှာ အသိဉာဏ်လေးထား၍ ခရီးသွားလာကြပါဟု ရေးသားလိုက်ရပါတယ်။

မောင်မောင်စိုးနိုင်

## မိဘပြည်သူများသို့ အသိပေးကြေညာချက်

မှုခင်းသတင်းဂျာနယ်တိုက်မှ သတင်းထောက်မဟုတ်သောသူများသည် မှုခင်းသတင်းထောက်အသွင်ယူ၍ ပြည်သူများထံ လိုက်လံငွေတောင်းခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိပါသည်။ ထိုသတင်းအား မှန်ကန်မှု ရှိ/မရှိ မှုခင်းသတင်းဂျာနယ်တိုက်မှ တာဝန်ရှိသူများက လိုက်လံစုံစမ်းလျက်ရှိပါသည်။ ဂျာနယ်တိုက်အား ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်အောင်ပြုလုပ်သည့် သတင်းထောက် အတုအယောင်များအား သိရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ ထိုသတင်းအချက်အလက်များကို သေချာတိကျစွာသိရှိပါက ဖော်ပြပါ ဖုန်းနံပါတ် ၀၁-၂၄၅၃၆၀၊ ၀၁-၂၅၂၅၃၈၊ ၀၉-၉၇၅၀၀၀၁၈၂၊ ၀၉-၅၀၀၀၁၈၂ သို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

မှုခင်းသတင်းဂျာနယ် အယ်ဒီတာအဖွဲ့

www.free4reader.com



# သက်ငယ်မုဒိမ်း သေဒဏ်ပေးရေးအဆို လွှတ်တော်တွင် မဲခွဲရာ၌ ရှုံးနိမ့်ပြန်ခြင်း

ဇေယျမင်းမင်းဝင်း

မြန်မာနိုင်ငံမှာဖြစ်တဲ့ မှုခင်းအမျိုးအစားတွေအနက် မုဒိမ်းမှုတွေဟာ ထူးထူးခြားခြားတိုးတက်များပြားလာတာ တွေ့ရသလို ဒီအမှုတွေထဲမှာ သက်ငယ်မုဒိမ်းမှုတွေဟာလည်း တိုးတက်များပြားလာပါတယ်။ မုဒိမ်းမှုဆိုတာဟာ လူ့အသိုင်းအဝိုင်းမှာ မကောင်းရာမကောင်းကြောင်း ရှောင်လွှဲလို့မရတတ်တဲ့ အမှုဖြစ်သော်လည်း ကလေးသူငယ်တွေအပေါ် ကျူးလွန်တယ်ဆိုတာက လုံးဝမဖြစ်သင့်တဲ့အတွက် ပြည်သူတွေတော်တော် မခံမရပ်နိုင်ဖြစ်ပါတယ်။ ယခု လွှတ်တော်မတိုင်မီယခင် လွှတ်တော်သက်တမ်းတုန်းကလည်း သက်ငယ်မုဒိမ်းတွေ သေဒဏ်ပေးရေးအဆိုကို တင်သွင်းခဲ့တာ တွေ့ရပါတယ်၊ အဲဒီတုန်းကလည်းဒီအဆိုရှုံးခဲ့ဖူးပါတယ်။

ယခုအဆိုက ရသေ့တောင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေက တင်သွင်းခဲ့တဲ့ အဆိုပါ သက်ငယ်မုဒိမ်းမှုတွေဟာ တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်ကို ရောက်နေတဲ့အတွက် ထိရောက်ဟန့်တားနိုင်တဲ့ အထူးဥပဒေတစ်ရပ်ရေး ဆွဲရန်၊ ပြစ်ဒဏ်အပိုင်းမှာ သေဒဏ်ချမှတ်နိုင်တဲ့အထိ တိတိကျကျပြဋ္ဌာန်းပေးရန် အစိုးရကို တိုက်တွန်းဖို့ အဆိုပြုထားပါတယ်။ ဒီအဆိုကို ၁၈-၆-၂၀၁၈ နေ့က နေပြည်တော်မှာကျင်းပနေတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မဲခွဲဆုံးဖြတ်ကြတော့ ကိုယ်စားလှယ်(၃၈၅)ဦးအနက် ထောက်ခံမဲ(၁၄၁)မဲ ကြားနေမဲ(၄)မဲ ဆန့်ကျင်မဲ(၂၂၇)မဲပေးတဲ့အတွက် ဒီအဆိုကို မှတ်တမ်းအဖြစ်ပဲထားရှိဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ဒီအဆိုအတွက် အစိုးရပိုင်းကဌာနလေးခု တက်ရောက်ရှင်းလင်းရာမှာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်တို့ တက်ရောက်ခဲ့တယ်လို့ သိရတဲ့အပြင် ဒီလိုအစိုးရဌာနလေးခုက လာရောက် ရှင်းလင်းရတာဟာ လွှတ်တော်သက်တမ်း(၇)နှစ်ကျော်မှာ ပထမဆုံးလို့လည်း သိရပါတယ်ဗျာ။

သက်ငယ်မုဒိမ်းမှုတွေကို သေဒဏ်ပေးဖို့အထူးဥပဒေရေးဆွဲရေးအဆို လွှတ်တော်မှာ မဲခွဲရှုံးနိမ့်ခဲ့တဲ့အတွက် မခံမရပ်နိုင်ဖြစ်ပြီး ဒေါသနဲ့တုန့်ပြန်ကြတာတွေကို လူမှုကွန်ရက်မှာ တော်တော်များများတွေ့ရတယ်ဗျ။ အရပ်ထဲမှာလည်း တချို့လူတွေက စိတ်ပျက်လက်ပျက်နဲ့ ညည်းတွားကြသလို၊ တချို့ကလည်း "ဒီလိုရက်စက်ယုတ်မာတဲ့ အမှုမျိုးကျူးလွန်သူတွေကို ထိထိရောက်ရောက် အရေးယူဖို့ကောင်းလျက်နဲ့ တာဝန်ရှိသူတွေက ဘာကြောင့် နှောင့်နှေးနေတာလဲ၊ ဘာအကြောင်းကြောင့် ဒီလိုရာဇဝတ်ကောင်တွေကို ညှာတာနေတာလဲတင်တဲ့သူက အဆိုတွေတင်တိုင်း ပယ်ချနေတာဟာ သက်ငယ်မုဒိမ်းမှုတွေ လျော့ပါးသွားမှာ မလိုလားလို့လား၊ ကိုယ့်သားသမီးခံရတာ မဟုတ်လို့ ကိုယ်ချင်းမစာတာလား"ဆိုပြီး ရန်လုပ်နေကြတာကို ကြားနေမြင်နေရပါတယ်။

ဒီလိုကလေးငယ်လေးတွေကို မုဒိမ်းကျင့်တဲ့အမှုမျိုးကို သေဒဏ်ပေးဖို့ ဥပဒေရေးဆွဲရေးကိစ္စနဲ့ပတ်သက်ပြီး ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများက အကြီးအကဲတွေကိုယ်တိုင်လာပြီး ရှင်းလင်းတာမှာ ဥပဒေမပြင်သင့်သေးကြောင်းကို ရှင်းပြတယ်ဗျ၊ လက်ရှိဥပဒေမှာက မုဒိမ်းမှုကို တစ်သက်တစ်ကျွန်းဒဏ် (ထောင်အနှစ်နှစ်ဆယ်)အထိ ပြဋ္ဌာန်းထားလို့ ကြီးလေးတဲ့အပြစ်ဒဏ်ဖြစ်ကြောင်း၊ ဒီပြစ်ဒဏ်ရဲ့အထက်မှာ မုဒိမ်းကျင့်ရင်း လူသတ်မှုကျူးလွန်ရင် သေဒဏ်ချဖို့ သတ်မှတ်ထားတဲ့ ပြဋ္ဌာန်းချက်ရှိကြောင်း၊ သက်ငယ်မုဒိမ်းမှုကို သေဒဏ်ပေးဖို့ ပြဋ္ဌာန်းရင် လူသတ်မုဒိမ်းမှုနဲ့ ပြစ်ဒဏ်အတူတူဖြစ်သွားမည့်အတွက် မသတ်လည်းသေဒဏ်၊ သတ်လည်းသေဒဏ်ကျနိုင်သည့်အတူတူ အဓိကသက်သေဖြစ်တဲ့ကလေးကို သက်သေခံဖျောက်ဖျက်သည့် သဘောနဲ့ သတ်ဖြတ်တဲ့အမှုတွေ ဖြစ်လာနိုင်လို့ ကလေးတွေအတွက် အန္တရာယ်ပိုများလာနိုင်ကြောင်း ပြောသွားတယ်ဗျ။

သက်ငယ်မုဒိမ်းလို့ဆိုရာမှာ ဥပဒေထုတ်ရင် လက်ရှိဥပဒေမှာ (၁၆)နှစ်အောက်ကို အသက်အရပိုင်းခြားထားလို့ လူငယ်သမီးရည်းစားခြင်း လွန်လွန်ကျူးကျူးဖြစ်တာမျိုးမှာလည်း မိန်းကလေးက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ သေဒဏ်ပေးရမည့်အမှုထဲမှာ အကျုံးဝင်သွားနိုင်ကြောင်း၊ ကလေးသူငယ် အခွင့်အရေး ဥပဒေအရ အသက်(၁၈)နှစ်အောက်ကို ကလေးလို့ သတ်မှတ်ထားတာကြောင့် (၁၈)နှစ်အောက် ကာမစပ်ယှက်ရင် မုဒိမ်းမှုလို့သတ်မှတ်ဖွယ်ရာ ရှိကြောင်း တင်ပြသွားတာကိုလည်း တွေ့ရတော့ (၁၈)နှစ်အောက် မိန်းကလေးနဲ့ကျူးလွန်ရင် သဘောတူကျူးလွန်ရင်လည်း ကလေးမုဒိမ်းမှုဖြစ်သွားပြီး သေဒဏ်ချရမည့်ပြစ်မှုထဲ ဘောင်ဝင်သွားမယ်ဆိုတော့ တကယ့်မုဒိမ်းမှုမဟုတ်ဘဲ မလိုအပ်တဲ့နစ်နာမှုတွေဖြစ်လာနိုင်ပါတယ်။ ဒါလည်း လေးလေးနက်နက် စဉ်းစားဖို့လိုပါတယ်။ ဥပဒေတစ်ခုပြဋ္ဌာန်းပြီးမှ နစ်နာသူတွေ နစ်နာပြီးမှ ပြင်ဖို့အလျော်ပေးဖို့ မလွယ်ပါဘူး။

တာဝန်ရှိသူအားလုံးဟာ သက်ငယ်မုဒိမ်းမှုဖြစ်ပွားဖို့ အားပေးစရာအကြောင်းမရှိပါဘူး။ အသိဉာဏ်ရှိတဲ့ လူသားအားလုံး အားပေးမည့်သူမရှိပါဘူး။ တာဝန်ရှိလို့ လက်ထိလက်ရောက် အရေးယူဆောင်ရွက်ရသူ စီရင်ရသူတွေအနေနဲ့ သားကောင်ဖြစ်သွားရတဲ့ကလေးတွေအပေါ် ကရုဏာစိတ်၊ မိဘခြင်းကိုယ်ချင်းစာစိတ်ဟာ သာမန်ပြည်သူတွေထက် လျော့နည်းစရာအကြောင်း မရှိပါဘူး။ ခံရသူကလေးဘက်ကိုမငဲ့ဘဲ ကျူးလွန်တဲ့ တရားခံဘက်ကို အသနားပိုစရာအကြောင်းလည်းမရှိပါဘူး။ ဒီလိုပဲယုံကြည်ပါတယ်၊ ပြဿနာတစ်ခုကိုဖြေရှင်းဖို့ ဓမ္မဓိဋ္ဌာန်ကျကျလေ့လာတာ အကောင်းဆုံးနည်းပါ။

**ဦးတည်ချက်နှစ်ရပ်ပဲရှိနိုင်သည်**

ကလေးမုဒိမ်းမှုတွေကို လက်ရှိအမြင့်ဆုံးတစ်သက်တစ်ကျွန်း (ထောင်နှစ်နှစ်ဆယ်)သတ်မှတ်ရာကနေ သေဒဏ်သတ်မှတ်ဖို့ကိစ္စဟာ ဘာတွေအကျယ်ချဲ့ပြောပြော တိတိကျကျပြောမယ်ဆိုရင် "အခြေခံဦးတည်ချက်နှစ်ခုပဲ ရှိတယ်ဗျ၊ ပထမတစ်ခုက ကျူးလွန်ပြီးအမှုတွေကို သေဒဏ်အပြစ်ပေးခြင်းဖြင့် ထိုက်တန်တဲ့ လက်တုံ့ပြန်မှုကိုခံရသူအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်" ဒါကို မျှတမှုရှုထောင့်ကကြည့်ရင်တော့ မမျှတဘူးလို့ မဆိုနိုင်ပါဘူး။ သို့သော်လက်တွေ့မှာ ဒီဦးတည်ချက်နဲ့ တရားစီရင်ချင်ရင်တော့ လက်ရှိတရားစီရင်ရေး အခြေခံမှုတွေကို ပြင်မှရပါလိမ့်မယ်။ လက်ရှိအခြေခံမှုကတော့ တရားစီရင်ရေးမှာလက်စားချေတဲ့ သဘောမသက်ရောက်စေရဘူးလို့ ပြဋ္ဌာန်းထားပါတယ်။

"နောက်ဦးတည်ချက်တစ်ခုက ပြင်းထန်တဲ့အပြစ်ဒဏ်ပေးခြင်းဖြင့် နောက်ဖြစ်လာမည့်အမှုတွေကို တားဆီးကာကွယ်သလိုဖြစ်ပြီး သက်ငယ်မုဒိမ်းမှုတွေလျော့ပါးသွားစေရေးဖြစ်ပါတယ်" ဒါကတော့ နိုင်ငံတကာ ဥပဒေလောကမှာလည်း အငြင်းပွားဆဲယူဆချက်တစ်ရပ်ပါ။ နိုင်ငံတကာမှာ သေဒဏ်ပယ်ဖျက်ရေးကို အဆိုပြုလှုပ်ရှားနေကြတာတွေလည်း ရှိပါတယ်။ အင်တာနက်က (deathpenaltyprocon,org)ဆိုတဲ့ ဝက်ဘ်ဆိုက်က သေဒဏ်ဆက်ထားဖို့ ထောက်ခံတဲ့သူတွေနဲ့ ပယ်ဖျက်သင့်တယ်ဆိုတဲ့သူတွေရဲ့ Debate မှာ တင်ပြခဲ့တဲ့အချက် အချို့ကို ယူသုံးရရင် သေဒဏ်သည်ပြစ်မှုတစ်ခုကျူးလွန်ခြင်းကို တားနိုင်ခြင်းရှိ/မရှိ (deterrence) ဆိုတဲ့ကဏ္ဍမှာအေစီအယ်ယူ (ACLU-American CiviL Liberties Union) အဖွဲ့က အမေရိကန်မှာသုတေသနပြုလုပ်ချက်အရ သေဒဏ်ပေးလို့ ပြစ်မှုတွေလျော့ပါးသွားတဲ့ အထောက်အထားမရှိဘူး။ စာရင်းအင်းတွေအရ အမေရိကန်ပြည်ထောင်စုကတစ်ခုနဲ့တစ်ခု ဥပဒေမတူတဲ့ပြည်နယ် (၅၀)ရှိရာမှာ အမျိုးအစားလိုက် အမှုခြင်းယှဉ်ကြည့်ရင် သေဒဏ်ပေးတဲ့ ပြည်နယ်တွေမှာ သေဒဏ်မပေးတဲ့ ပြည်နယ်တွေထက် အမှုလျော့နည်းတယ်လို့ မတွေ့ရဘူးလို့ ဆိုပါတယ်။

ဒီတော့ "သေဒဏ်ပေးလိုက်ရင် သက်ငယ်မုဒိမ်းမှုတွေ လျော့သွားမယ်ဆိုတဲ့ အယူအဆကို အမှန်တရားကြီးတစ်ခုလို တရားသေဆုပ်ကိုင်ပြီး တောင်းဆိုရန် မသင့်ဘူးလို့ ယူဆပါတယ်" ဒါက စဉ်းစားဖို့တစ်ခုပါ။ နောက်တစ်ခုက ပြစ်မှု သုတေသနတွေအရ မုဒိမ်းမှုကျူးလွန်သူတွေဟာ ကျူးလွန်ခါနီးမှာ ကျရောက်နိုင်တဲ့ ဥပဒေအရ ပြစ်ဒဏ်အနည်းအများကို တွက်ချက်ချင့်ချိန်ပြီးမှ ကျူးလွန်တာမရှိဘူးလို့ ဆိုပါတယ်။ ပြစ်ဒဏ်ခံရမယ်ဆိုတာကို သတိရရင် ကျူးလွန်မှာတောင် မဟုတ်ပါဘူး။ ကျူးလွန်ချိန်မှာ တဏှာရာဂနဲ့ ဒေါသလွှန်ကဲပြီး လူ့စိတ်မရှိလို့ ကျူးလွန်ကြတာပါ၊ ဒါကြောင့် ပြစ်ဒဏ်တိုးလို့ ကျူးလွန်မှုတွေ နည်းသွားမယ်ဆိုတာ မရေရာတဲ့ ခန့်မှန်းချက်တစ်ခုလို့သာ ပြောနိုင်ပါတယ်။

**အထိုက်အလျောက်တားကောင်းတားနိုင်သော်လည်း**

အခု လူတွေစိတ်သန့်နေကြတဲ့ အနိမ့်ဆုံးက သေဒဏ်ပေးဖို့ပေါ့။ လူပုံအလယ်မှာ ယောက်ျားအင်္ဂါကို ဓားနဲ့ဖြတ်ဖို့တို့၊ သံချောင်းမီးဖုတ်ပြီး ကပ်ဖို့တို့ ဖေ့စ်ဘွတ်ခ်မှာ စိတ်တွေဆိုးပြီး အကြံတွေပြုတွေလိုက်ကြတာ အစုံပါပဲ။ ဒါပေမဲ့ ခေါင်းအေးအေးနဲ့ စဉ်းစားကြည့်ရင် ဒီနည်းတွေရော ဒီထက်ပိုကြမ်းတမ်းရက်စက်တဲ့ အပြစ်ပေးနည်းတွေရော လူ့သမိုင်းမှာသုံးခဲ့ကြပြီးပြီဗျ။ ဒါတွေဟာ လူ့လောကို အကျိုးမပြုဘူး။ လက်တွေ့ရေရှည်မှာ သုံးဖို့မကောင်းလို့ ဒီစီရင်နည်းတွေ ပျောက်ကွယ်ကုန်ပြီး ယဉ်ကျေးတဲ့ လူ့အသိုင်းအဝိုင်းမှာ ကျင့်သုံးတဲ့ဥပဒေတွေ ရေးဆွဲပြီးကျင့်သုံးလာတာပါ။ လူလည်ခေါင်းမှာ ရက်ရက်စက်စက် နောက်ဘယ်သူမှ မလုပ်ရဲအောင် စံပြအပြစ်ပေးတဲ့နည်းတွေဟာ အထိုက်အလျောက်တော့ အောင်မြင်နိုင်တယ်ဗျ။ ဂျပန်ခေတ်ကိုမီလိုက်တဲ့ လူကြီးတွေပြောတာ ကြားဖူးတယ်။ ဂျပန်က သူခိုး၊ ဓားပြဆို လူပုံအလယ်မှာ ကြိုးနဲ့တုတ်ပြီး လုံ့စွပ်ထိုးသတ်တာ သူခိုး၊ ဓားပြ မရှိဘူး။ ညဘက်အိမ်တံခါးဖွင့်အိပ်လို့ရတယ်တဲ့။

ရှုထောင့်တစ်ခုတည်းကကြည့်တော့ မှန်ပေမဲ့ ဂျပန်ခေတ်မှာ မှားသတ်ခံရတဲ့သူတွေ၊ ကင်ပေတိုင်က ခေါ်ပြီး လက်သည်းခွံခွာ ရေနွေးနဲ့လောင်းအစစ်ခံရသူတွေ၊ မယားလိုလို့ လင်ကိုသူလျှိုဆိုပြီး နှိပ်စက်ခေါင်းဖြတ်သတ်ခံရတာတွေလည်းရှိတော့ မူလရောဂါထက်ဆေးရဲ့ ဘေးထွက်ဆိုးကျိုးက ပိုကြောက်စရာကောင်းနေတဲ့စနစ်ဟာ ရေရှည်မှာမတည်တန့်နိုင်ပါဘူး။ ၂၀၁၅ တစ်နှစ်တည်းမှာ သေဒဏ်လူအယောက်(၉၀၀)ကျော် ချမှတ်ခဲ့တဲ့ အီရန်နိုင်ငံတို့၊ နှစ်စဉ်လူ(၁၀၀)ကျော် သေဒဏ်ပေးနေတဲ့ ဆော်ဒီအာရေးဗီးယားတို့လို နိုင်ငံတွေ ရှိပါသေးတယ်။ အစ္စလာမ်ရှာရီယာဥပဒေကျင့်သုံးတဲ့နိုင်ငံအားလုံး တချို့ဘာသာရေးကို မလေးမစားပြုတယ်ဆိုတဲ့အမှု သေးမျိုးတွေကို သေဒဏ်ကြိမ်ဒဏ်တွေ ပေးတုန်းပါ။ ယောက်ျားရော မိန်းမပါ ကြိမ်ဒဏ်ပေးပါတယ်။

ဒီနိုင်ငံတွေမှာ သေဒဏ်ပေးတာဟာ လူပုံအလယ် ခေါင်းဖြတ်တာလည်း ပါတယ်ဗျ၊ ခိုးမှုမိရင် လက်ဖြတ်ပါတယ်၊ ဒီလိုရက်စက်လို့ သူတို့ဆီမှာခိုးမှုမရှိဘူးထင်လား (သိပ်များပါတယ်) ရာဇဝတ်မှုတွေ လျော့နည်းကုန်ပြီထင်ပါသလား၊ သေဒဏ်ပေးရတဲ့ လူစာရင်းတစ်နှစ်တစ်နှစ် သိပ်မလျော့ပါဘူး။ ဒါကြောင့်ရက်စက်ပြရင် အထိုက်အလျောက် လျော့ကောင်းလျော့မယ်ထင်ရသော်လည်း ရေရှည်မှာ မအောင်မြင်တာ တွေ့ရပါတယ်။

**အဓိက ပြည်သူတွေလိုလားတာကဘာလဲ**

ကျွန်တော်ခန့်မှန်းတာကတော့ အဓိကပြည်သူတွေ သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီး အလိုလားဆုံးအရာက၊ ကျူးလွန်သူတွေကို ရက်ရက်စက်စက်အပြစ်ပေးချင်တာလည်း မဟုတ်ဘူး။ လက်စားချေချင်တာလည်း မဟုတ်ဘူး။ မခံနိုင်လွန်းလို့ စိတ်ဆိုးပြီး ပြောနေကြတာပါ။ တကယ်လိုနေတာက ဒီလိုအမှုမျိုးတွေ လျော့ပါးသွားပြီး တတ်နိုင်ရင် လုံးဝထပ်မဖြစ်စေချင်တာပါ။ ဒါဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒီလိုလျော့ပါးသွားစေချင်ရင် ဆေးနည်းတိုနဲ့မရဘူးဗျ၊ ဘက်ပေါင်းစုံပြုပြင် ပြောင်းလဲရေးအတွက် ရေရှည်စီမံချက်တစ်ခုခွဲပြီး တိုက်ဖျက်မှရမှာပါ။ အဓိကကျတာက တစ်မျိုးသားလုံး ပညာရည်မြင့်မားလာအောင်၊ လူနေမှုအဆင့်အတန်းမြင့်မားပြီး ဗဟုသုတကြွယ်ဝလာအောင် လိင်ပညာပေးစနစ်လက်တွေ့ အကောင်အထည်ဖော်နိုင်အောင် လုပ်ရမှာပါ။

**ဘာတွေစလုပ်မလဲ**

သက်ငယ်မုဒိမ်းဆန့်ကျင်ရေးအတွက် အချိန်ပေး တာဝန်ယူလုပ်နိုင်မည့် NGO တွေဖွဲ့ (ရုပ်ပြ စားကောင်းအောင်ဖွဲ့တဲ့အဖွဲ့ဆိုရင်တော့ မဖြစ်ဘူး)သုတေသနအဖွဲ့တွေဖွဲ့၊ စိုက်လိုက်မတ်တပ် ဖြေရှင်းရမယ်ဗျာ၊ ဒါတွေကကြိုတင်ကာကွယ်ရေးအပိုင်း (preventive measures)ဖြစ်ပြီး၊ ကုစားရေးအပိုင်း (ကျူးလွန်သူကို အပြစ်ပေးရေးနဲ့ ခံရသူကို ပြန်လည်ထူထောင်ရေးအပိုင်း) (remedial measures)ထက် ပိုအရေးကြီးပါတယ်။ မဖြစ်အောင် ကြိုတင်ကာကွယ်ထားဖို့က ပိုအရေးကြီးတယ်နော်၊ ဒါလုပ်မှ အမှုတွေလျော့မှာဗျ၊ ဖြစ်ပြီးမှ ကျူးလွန်တဲ့သူကို ဆင်နဲ့နင်းသတ်သတ်၊ အမှုန့်ကြိတ်စက်ထဲ တည့်ကြိတ်ကြိတ် နစ်နာမှုတွေသာ ထပ်တိုးလာမှာ ကာကွယ်နိုင်ဖို့က မသေချာတော့ဘူးလေ၊ ကာကွယ်ချင်ရင် ကာကွယ်မှုကို ဦးစားပေးရမှာပေါ့။ အခု ကာကွယ်ရေးအပိုင်း ဘယ်လိုတွေလုပ်မယ်လို့ တိတိကျကျစီမံတာ အဆိုပြုတာတွေ မတွေ့ရဘူးဗျာ။

ပြစ်ဒဏ်ပေးရေးအပိုင်းမှာ လက်ရှိထောင်ဒဏ်အနှစ်(၂၀)ဆိုတဲ့ အပြစ်ဒဏ်ဟာ မုဒိမ်းမှုအတွက် နိုင်ငံတကာနဲ့ယှဉ်ရင် မပေါ့ပါဘူး။ မုဒိမ်းမှုကို သေဒဏ်ပေးတဲ့ နိုင်ငံကကမ္ဘာမှာ အလွန်နည်းပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ ရာဇဝတ်ကောင်တွေ ပြစ်မှုကလွတ်ငြိမ်းချမ်းသာခွင့်ရပြီး ပြစ်ဒဏ်တစ်ဝက်တစ်ပျက်နဲ့ လွတ်လာတဲ့ကိစ္စမျိုးတွေဟာ ဥပဒေစိုးမိုးရေးအပိုင်း၊ တရားစီရင်ရေးအပိုင်းကို အကျည်းတန်စေပါတယ်။ ပြုပြင်ရင် သက်ငယ်မုဒိမ်းမှုစီရင်တဲ့အပိုင်းမှာ ဒီအပိုင်းကို ပြုပြင်သင့်ပါတယ်၊ ပြစ်မှုကျူးလွန်တတ်သူကို နောက်တစ်ကြိမ်ကျူးလွန်ဖို့ အခွင့်အရေးပေးသလိုဖြစ်နေလို့ ဒီအပိုင်းကို ပြုပြင်ဖို့ ကြိုးပမ်းသင့်ပါတယ်။

ဇေယျမင်းမင်းဝင်း

www.free4reader.com



# ဥပဒေဒိုင်ယာရီ (၂၉၃)

UTK (မဟာဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေ)

## ထိမ်းမြားခြင်းဆိုင်ရာမှုခင်းများ



မြန်မာဗုဒ္ဓဘာသာဝင်များရဲ့ အိမ်ထောင်ခန်းဥပဒေများကို ဗဟုသုတအဖြစ် တင်ပြနေပါတယ်။ **လင်မယားဖြစ်ခြင်းအကြောင်း** (ဥပဒေဒိုင်ယာရီ-၈)နဲ့ လင်ခန်း မယားခန်းပျက်ပြယ်ခြင်း (ဥပဒေဒိုင်ယာရီ-၉) တို့ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

**ဆက်လက်တင်ပြနေတာက လင်မယားအဖြစ်မရောက်မီကာလမှာ**

(က) ထိမ်းမြားလက်ထပ်ရန်ကတိပျက်၍ လျော်ကြေးရလိုမှု။

(ခ) ကတိပျက်လျော်ကြေးကို အရွယ်မရောက်သူ သမီးအတွက် မိဘက တရားစွဲနိုင်သလား။

(ဂ) မိဘများက ကတိပျက်ရင် ၎င်းတို့အပေါ် လျော်ကြေးရလိုမှု စွဲနိုင်သလားဆိုတဲ့အကြောင်းကို ပြီးခဲ့တဲ့ဆောင်းပါး (လက်ထပ်ကတိပျက်လျော်ကြေး) (ဥပဒေဒိုင်ယာရီ-၁၆၀)မှာ တင်ပြပြီးဖြစ်ပါတယ်။

**ဒါနဲ့ဆက်စပ်ပြီး သိသင့်တဲ့အကြောင်းအရာများက**

(က) လျော်ကြေးပမာဏဘယ်လောက်လဲ။

(ခ) စေ့စပ်ကြောင်းလမ်းစဉ်အခါက ပေးခဲ့တဲ့ပစ္စည်းပြန်ရခွင့် ရှိ/မရှိ။

(ဂ) မင်္ဂလာမဆောင်ခင်ပေးခဲ့တဲ့ ကတိပျက်ရင် တရားစွဲခွင့် ရှိ/မရှိ။

(ဃ) ထိုကတိပျက်ကွက်တဲ့ လင်အပေါ်တရားစွဲခွင့်ရှိ/မရှိ။

(င) ဖြစ်ပွားခဲ့တဲ့ လျော်ကြေးမှုများတို့ တင်ပြပါမယ်။

**(က) လျော်ကြေးပမာဏ ဘယ်လိုတိုင်းတာသလဲ။**

ထိမ်းမြားရန် ကတိပျက်ကွက်မှုအတွက် လျော်ကြေးပမာဏ မည်မျှပေးသင့်သည်ကို တွက်ချက်ရာမှာ မိန်းကလေးဖြစ်သူမှာ ဖြားယောင်းသွေးဆောင်ပြီး ပေါင်းသင်းစပ်ယှက်ခံရမှု၊ မိန်းကလေးရဲ့ အနာဂတ်အိမ်ထောင်ရေးအတွက် နစ်နာမှု၊ မိန်းကလေးရဲ့ စိတ်နှလုံးထိခိုက်မှုနဲ့ မိန်းကလေးရဲ့ လူနေမှုအဆင့်အတန်းတို့ကို ထောက်ထားတွက်ချက်ကြရပါတယ်။ (မောင်မှိုင်းနှင့် မဖွားမယ်)၊ (မငွေခိုင်နှင့်ထွန်းရ) စီရင်ထုံး။ ထို့ကြောင့် လျော်ကြေးပမာဏဟာ သက်ဆိုင်ရာ အမှုသည်များရဲ့ လူမှုအဆင့်အတန်းနဲ့ အမှုအဖြစ်အပျက် အကြောင်းခြင်းရာအပေါ် တည်နေပါတယ်။

**(ခ) စေ့စပ်ကြောင်းလမ်းစဉ်က ပေးသည့်ပစ္စည်း**

စေ့စပ်ကြောင်းလမ်းစဉ်က သတို့သားက သတို့သမီးအတွက် ပစ္စည်းများကြိုတင်ပြီး ပေးထားတတ်ပါတယ်။ (ငွေသား၊ ကား၊ လယ်မြေ၊ အိမ်၊ လက်ဝတ်ရတနာ၊ တိုက်ခန်း)စတာတွေ (တင်တောင်း)ထားတတ်ပါတယ်။ အကြောင်းကြောင်းကြောင့် စေ့စပ်ခြင်းပျက်သွားရင် မိန်းကလေးဘက်က သတို့သားကို ထိုပစ္စည်းများ ပြန်လည်ပေးအပ်ရမယ်လို့ (မောင်လော ဖြူနဲ့ မတော) စီရင်ထုံးမှာ ဆုံးဖြတ်ထားပါတယ်။

**(ဂ) မင်္ဂလာမဆောင်မီ ပေးခဲ့တဲ့ကတိပျက်ရင် တရားစွဲခွင့်ရှိ/မရှိ**

မင်္ဂလာမဆောင်မီ မိဘများက မင်္ဂလာဆောင်တဲ့အခါ ခန်းဝင်ပစ္စည်းအဖြစ် ဘာပစ္စည်းတွေ လက်ဖွဲ့ပါမယ်လို့ သတို့သား၊ သတို့သမီးနဲ့ လူကြီးစုံရာရှေ့မှာ ကတိပေးခဲ့ရင် ထိုကတိဟာ တည်မြဲနိုင်မာတယ်။

**ဥပမာ။**

(၁) မင်္ဂလာဆောင်ရင် သတို့သားဘက်က တိုက်တစ်လုံး ခန်းဝင်ပစ္စည်းအဖြစ် လက်ဖွဲ့ပါမယ်။

(၂) သတို့သမီးဘက်က လယ်(၁၀)ဧက လက်ဖွဲ့ပါမယ်။

(၃) သတို့သားအမေက စိန်တစ်ဆင်စာလက်ဖွဲ့ပါမယ်တဲ့။

(၄) သတို့သမီးအမေက ဆလွန်းကားတစ်စီးတဲ့။

(၅) သတို့သားအဖေက သိန်း(၁၀၀)တဲ့။

(၆) သတို့သမီးအဖေက မင်္ဂလာဈေး ဆိုင်ခန်းတစ်ခန်းတဲ့။

(၇) သတို့သားမိဘများက ကလေးတွေ ထိုင်းကို ဟန်းနီးမွန်းခရီးနဲ့ ရှော့ပင်းသွားဖို့ ဒေါ်လာငါးသောင်းတဲ့။

၁၉၀၂ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ (မောင်ဘနဲ့မအုပ်) (မအေးတင်နဲ့မဗျော) အမှုများမှာ ယောက်ျားလေးမိဘများက မိန်းကလေးဘက်ကို လယ်(၁၀)ဧက လက်ဖွဲ့မယ် ကတိပြုတယ်။ ထိမ်းမြားတဲ့အခါ ပေးထားတဲ့ကတိအတိုင်း လက်မဖွဲ့တဲ့အတွက် မိန်းကလေးက ယောက္ခမကို တရားစွဲတယ်။ မိန်းကလေး(ချွေးမ) အနိုင်ရသွားတယ်။ စီရင်ထုံးမှာ **"မင်္ဂလာမဆောင်မီက ပေးခဲ့သောကတိကို မပျက်မကွက်ဆောင်ရွက်ပေးရန် ယောက္ခမများကို တရားစွဲနိုင်သည်"** တဲ့။

**(ဃ) ထိုကတိပျက်ကွက်တဲ့ လင့်အပေါ်တရားစွဲဆိုခွင့်**

(၁) လက်မထပ်မီ သတို့သားအနေနဲ့ သတို့သမီးကို ပစ္စည်းတွေ (တင်)လက်ဖွဲ့ရန် ကတိတွေပေးတတ်ပါတယ်။ ထိုကတိ ပျက်ကွက်တဲ့လင်ကို မယားက "ကတိအတိုင်း ပစ္စည်းများပေးစေရန်" (မစောနွယ်နှင့် ဦးအောင်စိုး)အမှု ၁၉၃၉ ခုနှစ်က တရားစွဲခဲ့ဖူးတယ်။ အဲဒီအမှုမှာ **"မယားက လင်အား တရားမစွဲနိုင်ကြောင်း"** အကြောင်းမှာ လင်မယားနှစ်ဦးစလုံးဟာ တစ်ဦးရဲ့ပစ္စည်းကို ကျန်တစ်ဦးက ပိုင်ဆိုင်ခွင့်ရှိကြသောကြောင့် ဖြစ်သည်" လို့ တွေ့ရပါတယ်။

(၂) တရုတ်ဗုဒ္ဓဘာသာဝင်တစ်ဦးက မြန်မာဗုဒ္ဓဘာသာဝင် မိန်းကလေးတစ်ဦးကို ရာသက်ပန်လင်မယားအဖြစ် အတူနေရန်ပျက်ကွက်က ငွေကျပ် ၅၀၀၀ ပေးလျော်ရန် စာချုပ်ချုပ်ပြီး လင်မယားအဖြစ် လပေါင်းများစွာနေခဲ့သည်။ ထို့နောက် ထိုတရုတ်က မိန်းမအားစွန့်ပစ်သွား၍ မိန်းမက ကတိပျက်လျော်ကြေး ငွေကျပ် ၅၀၀၀ ရလိုမှုစွဲရာ တရားရုံးက လျော်ကြေး ငွေကျပ် ၂၀၀၀ ပေးစေရန် အမိန့်ချသည်။ (စိန်ကြည်နှင့် မအေး အမှု)

(၃) လင်က မယားကို မယားအသက်ထင်ရှားရှိစဉ် "နောက်မယား ငယ်မယူပါဘူး"လို့ ကတိပေးတယ်။ နောက်မှာ လင်က ကတိဖောက်ဖျက်တယ်။ မယားကလင်ကို လျော်ကြေးရလိုမှုစွဲတယ်။ "လင်ကို ဤကတိဖောက်ဖျက်မှုအတွက် မယားက တရားမစွဲနိုင်ဘူး"တဲ့။ အကြောင်းမှာ **ဤကဲ့သို့ကတိမျိုးဟာ တရားဥပဒေနဲ့ မညီညွတ်တဲ့အတွက် ပျက်ပြယ်တယ်တဲ့။** (ဦးကာဇံနှင့် ဟာရီဖြူ)

(၄) လင်က မယားကို စိန်နားကပ်ကြီးပန်ပေးမယ် ကတိပြုတယ်။ တကယ်လည်း မဟုတ်ဘူး။

(၅) လင်က မယားကို အိမ်တစ်ဆောင်၊ မီးတပြောင်ထားမယ်တဲ့။ အခု နေစရာမရှိဘူး။

(၆) ချွေးမ ကလေးမွေးစဉ်က ယောက္ခမများဟာ လာရောက်ပြီး မေးမြန်းခြင်း၊ ကြည့်ရှုခြင်း၊ အားပေးစကားပြောကြားခြင်း၊ ထောက်ပံ့ခြင်းများ မပြုခဲ့ဘူးတဲ့။ ဒါကြောင့် ချွေးမက ယောက္ခမနှစ်ဦးစလုံးအပေါ် နစ်နာကြေး သိန်း ၂၀၀ ရလိုမှုစွဲထားတယ်။

(၇) ယောက်ျားလေးနဲ့ မိန်းကလေးတို့ ချစ်ကြိုက်လို့ လိုက်ပြေးတယ်။ မိန်းကလေးကို ယောက်ျားလေး မိဘများက သူ့မိဘထံ ပြန်အပ်တယ်။ ဝါကျွတ်ရင် မင်္ဂလာအခမ်းအနားလုပ်ပေးပါမယ် ကတိပြုခဲ့တယ်။

(က) ကောင်လေးနဲ့ ကောင်မလေး စကားများရန်ဖြစ်ကြတယ်။ ကောင်လေးက ဒီမိန်းကလေးကို ဘယ်လိုမှ မယူချင်တော့ဘူး။ မြဝတီကတစ်ဆင့် ထိုင်းကို ထွက်သွားတယ်။ မိဘတွေမှာ မိန်းကလေးဘက်ကို သွားပြီး အကြိမ်ကြိမ်တောင်းပန်ထားရတယ်။ အခု မိန်းကလေးဘက်က ယောက်ျားလေးဘက်ကို လျော်ကြေးရလိုမှု စွဲပြီ။

(ခ) ကောင်လေးနဲ့ကောင်မလေး အချင်းချင်းပြေလည်ကြတယ်။ ဒါပေမဲ့ နှစ်ဖက်မိဘအကြားမှာ ပြဿနာတွေပေါ်နေတယ်။ မိန်းကလေးဘက်က မင်္ဂလာဆောင်မှာ ဝက်သားဟင်းကျွေးမယ်တဲ့။ ယောက်ျားလေးဘက်က ငါးခြောက်ချက်ပဲကျွေးချင်တယ်။ မိဘအချင်းချင်း ညှိလို့မရဘူး။ ရန်တွေဖြစ်ကုန်ပြီ။ ကလေးတွေကို ပေးစားတော့မှာ မဟုတ်ဘူး။ ဘယ်လိုလုပ်ကြမလဲ။

**ပုစ္ဆာ။**

သူဌေးလေး မောင်ကံဆိုးနဲ့ သူဆင်းရဲ မကံကောင်းတို့ဟာ မြင်လျှင်မြင်ချင်းပဲ မခွဲနိုင်မခွာရက်ဖြစ်ပြီး ကြိုက်သွားကြတယ်။ တရားရုံးကို တောက်လျှောက်သွားပြီး တရားသူကြီးရှေ့မှာ "ထိမ်းမြားလက်ထပ်" စာချုပ်ချုပ်ခဲ့ကြတယ်။ တရားရုံးက ပြန်အထွက်မှာ သူဌေးလေး မောင်ကံဆိုး ကားတိုက်ပြီး သေတယ်။

(က) မကံကောင်းနဲ့ မောင်ကံဆိုးဟာ တရားဝင်လင်မယား မြောက်/မမြောက်။

(ခ) မကံကောင်းဟာ မောင်ကံဆိုးပိုင်ပစ္စည်းများကို အမွေဆက်ခံခွင့်ရှိ/မရှိ။

(ဂ) မကံဆိုး အမွေရရှိရေးအတွက် ရှေ့နေငှားသင့်သလား။ တရားသူကြီးကိုပဲ အကူအညီတောင်းသင့်သလား။ အမှုပွဲစားများ ချဉ်းကပ်လာပါက ဘယ်လိုပြောဆိုသင့်ပါသလဲ။

ယုတိကေ (စိတ်၊ လိပ်၊ ဥ၊ တ)

www.free4reader.com



# သူကိုယ်သူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ရန်ကုန်တိုင်းတာဝန်ခံဟု

## လိမ်လည်ပြောဆိုတဲ့ အမျိုးသားကို ပြည်သူ့ ဝန်ထမ်းအယောင်ဆောင်မှုဖြင့် အမှုဖွင့်ဖမ်းဆီးလိုက်ပြီတဲ့

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ရန်ကုန်တိုင်းတာဝန်ခံဟု လိမ်လည်ပြောဆိုသူ အမျိုးသားတစ်ဦးကို ပြည်သူ့ဝန်ထမ်းအယောင်ဆောင်မှုဖြင့် မြောက်ဒဂုံမြို့မရဲစခန်းတွင် အမှုဖွင့်ထားပြီး အဆိုပါလိမ်လည်ပြောဆိုသူအား ဖမ်းဆီးရမိထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။**

အဆိုပါလိမ်လည်သူ အမျိုးသားသည် ၎င်းမှာ ရန်ကုန်တိုင်းဒေသကြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ တာဝန်ခံဖြစ်ကြောင်း၊ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌနှင့် ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ကိစ္စတစ်ခုဖြင့် စစ်ဆေးနေပြီး အမည်ပျက်စာရင်းသွင်းထားကြောင်း စသည်တို့ကို ယုံကြည်အောင် ပြောဆိုသည့်အပြင် မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းအဖွဲ့ဝင် တစ်ဦးထံမှ ဓာတ်မြေဩဇာအချို့ကို လိမ်လည်ရယူခဲ့ကြောင်း။ ယင်းကြောင့် မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းက ယခုနှစ် မေ ၂၅ ရက်တွင် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ထံသို့ အဆိုပါလိမ်လည်သူဆိုသူနှင့် ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ရန်ကုန်တိုင်းတာဝန်ခံ ဟုတ်/မဟုတ် စာပေးပို့မေးမြန်းရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က မေ ၈ ရက်တွင် ကော်မရှင်မှ ဝန်ထမ်းမဟုတ်ကြောင်း စာပြန်ခဲ့သဖြင့် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းက တရားလိုပြုလုပ်ကာ မေ ၂၀ ရက်တွင် မြောက်ဒဂုံမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့ကြောင်း မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး အသင်းထံမှ သိရသည်။

ယင်းကြောင့် မြောက်ဒဂုံမြို့မရဲစခန်းက (ပ)၁၀၀၀/၂၀၁၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၀ (ပြည်သူ့ဝန်ထမ်းအယောင်ဆောင်မှု) တို့ဖြင့် အမှုဖွင့်ပေးခဲ့ကြောင်း မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေး အသင်းထံမှ သိရသည်။

"မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းကနေ ကျွန်တော်တို့ရဲ့စခန်းမှာ ပြည်သူ့ဝန်ထမ်းအယောင်ဆောင်မှုနဲ့ အမှုဖွင့်ထားတာ ဟုတ်ပါတယ်။ အမှုဖွင့်ခံထားရသူကိုလည်း ဖမ်းမိထားပါပြီ"ဟု မြောက်ဒဂုံမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကနဦးတွင် အဆိုပါလိမ်လည်သူမှာ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့တွင် နေထိုင်သူတစ်ဦး ဖြစ်သည်ဟု သိရသည့်အတွက် ရွှေပေါက်ကံရဲစခန်းတွင် အမှုဖွင့်မည်ဖြစ်သော်လည်း နောက်ပိုင်းတွင် မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းတည်ရှိရာ မြောက်ဒဂုံမြို့နယ်တွင် အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

"မနေ့ညက သူကိုမိသွားတယ်လို့ ရွှေပေါက်ကံက ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဖုန်းလှမ်းဆက်တယ်။ သူက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ရန်ကုန်တိုင်းတာဝန်ခံလို့ လိမ်လည်ပြီးတော့ပြောတဲ့အတွက်ကြောင့် ဖွင့်ထားတာ။ သူက ၂၀၁၇ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာလောက်က ကျွန်တော်တို့ဆီကို အသင်းလာဝင်တယ်။ အသင်းဝင်ပြီးနောက်ကျတော့ သူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းရေးဝန်ထမ်းပုံစံ ပြောတာပေါ့။ နောက်အသင်းက တစ်ယောက်ဆီကိုလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဝန်ထမ်းပုံစံပြောတာပေါ့။ နောက်အသင်းက တစ်ယောက်ဆီကိုလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ရန်ကုန်တိုင်းတာဝန်ခံဆိုပြီး ယုံကြည်အောင်ပြောပြီးတော့ နယ်ရုံးခွဲက အသင်းဝင်တစ်ယောက်ရဲ့ အော်ဂဲနစ်မြေဩဇာတွေကို အကြွေးနဲ့ ဝယ်သွားတာပေါ့။ နောက်ပြီးတော့ အသင်းက ဒုဥက္ကဋ္ဌတစ်ယောက်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှာ ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီးတော့ Black List ဖြစ်နေတယ်လို့ ပြောတော့ ကျွန်တော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို လှမ်းမေးတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဟုတ်/မဟုတ် စိစစ်အကြောင်းပြန်ကြားပေးပါလို့ စာပို့လိုက်တယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က မေ ၁၈ ရက် ရက်စွဲနဲ့ ညွှန်ကြားရေးမှူးချုပ်ရဲ့ လက်မှတ်နဲ့ အကြောင်းပြန်တယ်။ ကော်မရှင်က ဝန်ထမ်းမဟုတ်ပါဘူး။ လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ပြောကြားပါသည်လို့ စာပြန်ပို့တဲ့အတွက် အမှုဖွင့်လိုက်တာပေါ့"ဟု မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

DE

# Myanmar I dol ပြိုင်ပွဲဝင်နေသူ နီလန်း၏ချစ်သူ ဘာကြောင့်မှန်းမသိ ကြိုးဆွဲချ သေဆုံး

**ဇွန် ၂၂ ရက်နေ့က နာမည်ကြီး Myanmar I dol ပြိုင်ပွဲဝင် နီလန်း၏ချစ်သူသည် ထိုနေ့ ညနေက ၎င်းငှားရမ်းနေထိုင်သည့် တိုက်ခန်းအတွင်း သူ့ကိုယ်သူ ကြိုးဆွဲချ သေဆုံးခဲ့ကြောင်း လှိုင်မြို့မရဲစခန်းမှ သိရ၏။**

ထိုသေဆုံးသူ ဆလိုင်းမန်ကျူးလျန် (၂၀)နှစ်သည် ဒဂုံတက္ကသိုလ်တွင် နိုင်ငံတကာဆက်ဆံရေး ဘာသာဖြင့် တတိယနှစ် တက်နေပြီး ၎င်းငှားရမ်းနေထိုင်သော လှိုင်မြို့နယ် (၁၆)ရပ်ကွက်အတွင်းရှိ အထပ်မြင့် တိုက်ခန်းတစ်ခုအတွင်း ကြိုးဆွဲချ သေဆုံးနေခြင်းဖြစ်၏။

သေဆုံးသူ၏ချစ်သူ နီလန်းသည် ယခုယှဉ်ပြိုင်နေဆဲ Myanmar I dol Season 3 တွင် ပါဝင်ယှဉ်ပြိုင်ပြီး ဇွန်လ ၂၂ ရက်က ဆန်ခါတင် ၁၀ ဦး ယှဉ်ပြိုင်ပြီး နှစ်ဦး ပြုတ်ကာ ဆက်လက်ယှဉ်ပြိုင်ရမည့် ရှစ်ဦးစာရင်းတွင် ပါဝင်နေသူဖြစ်၏။

၎င်းချစ်သူ သေဆုံးမှုအပေါ် နီလန်း၏ ဖေ့စ်ဘွတ်ခ်အကောင့် Nilen Parmawi တွင် "ဆုံးရှုံးမှုတွေထဲက အကြီးမားဆုံးသော ဆုံးရှုံးမှု။ (၁) ကိုယ်ရှူးမတက်ချစ်သော အချစ်ဆုံး ချစ်သူ၊ (၂) ကိုယ့်ကို သေမတတ်ချစ်သောသူ Nilen က နှစ်ခုစလုံးကို ဆုံးရှုံးလိုက်ပါပြီ"ဟု ရေးသားကာ ချစ်သူနှစ်ဦး၏ စုံတွဲဓာတ်ပုံများနှင့်တကွ ဖော်ပြထား၏။

ဇွန်လ ၂၃ ရက်တွင် လူမှုကွန်ရက်စာမျက်နှာရှိ Nilen Parmawi အကောင့်က ထိုသို့ရေးသားပြီး ခြောက်နာရီကျော်အကြာတွင် Like လုပ်သူ ၁၆၀၀၀ ကျော်ရှိကာ ပြန်လည်မျှဝေသူ ၂၉၀၀ ကျော်ရှိခဲ့သည်။

ဆလိုင်းမန်ကျူးလျန် ကြိုးဆွဲချသေဆုံးခဲ့မှုနှင့် ပတ်သက်ပြီး လှိုင်မြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနေကြောင်း သိရ၏။

သတင်းငှက်

# အဖေတူအမေကွဲအစ်ကိုကြောင့် သေပွဲဝင်ရတဲ့ညီ

ဇွန်လ ၂၈ ရက်နေ့ ည ၇ နာရီ ၄၅ မိနစ်က ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကျောက်ချောင်း ကြီးကျေးရွာတွင် အမေတူအဖေကွဲတော်စပ် သူ အစ်ကိုက အရက်သေစာ မူးယစ်သောက်စား၍ ရမ်းကားနေသည့် ညီဖြစ်သူအား ဓားဖြင့်ခုတ်သည့်အတွက် ညီဖြစ်သူသေဆုံး သွားမှုဖြစ်ပွားခဲ့ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ပုသိမ်မြို့နယ်၊ ကျောက်ချောင်းကြီးကျေးရွာနေ ကိုဝင်းစိုး(၃၉)နှစ်၊ ကျပန်းလုပ်ကိုင်သူသည် အရက်သေစာသောက်စားမူးယစ်၍ ရမ်းကားနေသဖြင့် အိမ်ချင်းကပ်လျက်နေထိုင်သူ ဝင်းကြိုင်(၅၂)နှစ်၊ ကျပန်းလုပ်ကိုင်သူမှ "မင်းသတ္တိရှိရင် ဆင်းလာခဲ့၊ မင်းမလာရင် ငါလာမယ်"ဟု ပြောကာ ကိုဝင်းစိုး၏ နေအိမ်သို့ သွားရောက်၍ နေအိမ်အပေါက်ဝတွင် ထိုင်နေသော ကိုဝင်းစိုးအား အရှိုးအသွား ၁၉ လက်မရှိ အိမ်သုံးဓားဖြင့်ခုတ်ရာ ကိုဝင်းစိုးတွင် ကျောကုန်းပြတ်ရှဒဏ်ရာ၊ ယာတံတောင်ပြတ်ရှဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး ခင်မောင်လတ်က ပြောသည်။

"သူတို့နှစ်ယောက်က အရင်တုန်းကလည်း အရက်မူးရင် ခဏခဏစကားများပြီး ရန်ဖြစ်ကြတာတွေရှိတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကိုဝင်းစိုး၏ ဇနီးဖြစ်သူ မချိုမာ၏ တိုင်ကြားချက်အရ ဝင်းကြိုင်အား သဘောင်းကျင်းနယ်မြေရဲစခန်းမှ (ပ)၁၄၂/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

DD

# လူကိုသေအောင်တိုက်ပြီး တာဝန်မဲ့စွာ ထွက်ပြေးသွားတဲ့ယာဉ်မောင်း

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ထုံးဘိုရဲစခန်းအပိုင်ဖြစ်သော ပုသိမ်-မုံရွာကားလမ်းမကြီး မိုင်တိုင်အမှတ် (၁၄၅/၅-၆) ကြား ရွာသာလှကျေးရွာအနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုအား ထုံးဘိုရဲစခန်းမှ ဒုရဲအုပ် ဇော်မင်းဦး၏ တိုင်တန်းချက်အရ ထုံးဘိုစခန်းမှ စခန်းမှူး ဇော်ဝင်းထွဋ်နှင့် နယ်ထိန်းအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိ/ရပ်ဖအဖွဲ့များနှင့် သွားရောက်စစ်ဆေးရာ ၁၉-၆-၂၀၁၈ ရက်နေ့ ည ၈ နာရီ အချိန်တွင် လက်ပံကျွန်းရွာနေ ချက်ကြီး (ခ)ကိုသန်းအေးအား မော်တော်ယာဉ်တစ်စီးမှ တိုက်၍ ထားခဲ့ကြောင်း သိရသည်။

တိုက်သည့်ယာဉ်မှာ ထွက်ပြေးသွားပြီး ကိုသန်းအေးမှာ နေရာတွင် ပွဲချင်းပြီး သေဆုံး၍ ထုံးဘိုတိုက်နယ်ဆေးရုံတွင် ဆေးစစ်ချက်များရယူဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကို ထုံးဘိုရဲစခန်းမှ ယာဉ်(ပ)၇/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၂၀၂ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောသားကြီး(ထုံးဘို)

# ရွှေထည် နိုင်ငံခြားငွေများနှင့်အတူ ထိုင်းနိုင်ငံမှ အလိုရှိနေသည့် တရားခံတစ်ဦးအား တာချီလိတ်၌ဖမ်းဆီး

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့(တွင်း)ရွာ၌ ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးအမှုတို့ဖြင့် ထိုင်းနိုင်ငံက အလိုရှိသော ထိုင်းနိုင်ငံသားတစ်ဦးအား ထိုင်းဘတ်ငွေ ၄၂ သိန်း၊ မြန်မာငွေကျပ်(ဂ၄)သိန်းကျော်၊ ရွှေ ထည်ပစ္စည်းများနှင့်အတူ မေ ၃၁ ရက် ည ၁၁ နာရီကျော်က ဖမ်းဆီးရမိခဲ့သည်။

မေ ၃၁ ရက် ည ၁၁ နာရီ ၁၀ မိနစ်တွင် မူးယစ်တပ်ဖွဲ့ခွဲ(၃၀) တာချီလိတ်မှ ရဲအုပ် သုမောင် ဦးစီးသောပူးပေါင်းအဖွဲ့သည် ထိုင်းနိုင်ငံမှငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးအမှုတို့ဖြင့်ကူညီစုံစမ်းဖမ်းဆီးပေးရန်အတွက် သတင်းဆက်သွယ်ပေးပို့ထားရှိသော ထိုင်းအလိုရှိ တရားခံ ထိုင်းနိုင်ငံသား မစ္စတာ ကျလွှန်(ခ)ဝိုင်(ခ)ကော့ကီတိဖွန်ဖာနိသည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရွာရှိ အမှတ်(တကက-၈၇)၊ အခန်းအမှတ်-၁ တွင် တည်းခိုနေကြောင်း သတင်းအရ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ ၎င်းအား အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ၎င်းထံမှ လက်ကိုင်ဖုန်းခုနစ်လုံး၊ ထိုင်းဘတ်ငွေ ၄၂ သိန်း၊ မြန်မာငွေကျပ်(၈၄၄၅၀၀၀)၊ ရွှေဟုယူဆရသည့် ကျောက်ပါလက်စွပ် ခြောက်ကွင်း၊ ဆွဲကြိုးတစ်ကုံး၊ ဟန်းချိန်းနှစ်ခု၊ လက်ကောက်တစ်ကွင်း၊ လိပ်ပုံရွှေပြားတစ်ပြား၊ အခန်းရှေ့ခြံဝင်းအတွင်းရပ်ထားသည့် ၎င်းပိုင်ဆိုင်သော အယ်လ်ဖတ်ယာဉ်တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိသည်။

ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံသားနှင့် အထောက်အထားမပါဘဲ အခန်းလက်ခံငှားရမ်းပေးခဲ့သူ လောတာ(အမျိုးသား)(၃၂)နှစ်၊ တာချီလိတ်မြို့နယ်နေသူတို့အား တာချီလိတ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

K2

# ဦးလေးဖြစ်သူက သားမယားပြုကျင့်မှု သထုံမြို့နယ် သိမ်ဆိပ်တွင်ဖြစ်ပွား

၁၀-၆-၂၀၁၈ ရက်နေ့ နံနက် ၉ နာရီခွဲအချိန် သထုံမြို့နယ်၊ ×××ရပ်ကွက်နေသူ ဦး×××(၄၅)နှစ်အား သိမ်ဆိပ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ ၎င်းအိမ်တွင်လာရောက်ခေါ်၍ သွားခဲ့ရာ သမီးဖြစ်သူ မ××× (၁၅)နှစ်၊ (ကျောင်းသူ)နှင့် အုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံပြီး ဖြစ်စဉ်အား မေးမြန်းကြည့်ရာ ဖခင်၏ ညီဖြစ်သူ ဦးလေးတော်စပ်သူ အောင်မျိုးမင်း(၄၁)နှစ်သည် လွန်ခဲ့သည့် (၄)လခန့်တွင် ဦးလေးတော်စပ်သူ အောင်မျိုးမင်းနှင့် အနီးကပ်ခြင်ထောင်ခြင်း ယှဉ်၍ အိပ်ခဲ့ရာ ၎င်း၏ခြင်ထောင်အတွင်း ဆွဲသွင်း၍ ချုပ်နှောင်ကာ ပါးစပ်ကိုပိတ်ကာ မအော်နဲ့ သတ်ပစ်မယ်၊ အခြားလူကိုလည်း သတ်ပစ်မယ်ပြောဆိုပြီး သားမယားအဖြစ် ပြုကျင့်ရာ ယခုထိ (၁၀)ကြိမ်ဖြစ်ကြောင်း ပြောပြသည်။

မ×××သည် ရန်ကုန်မြို့နေ အဒေါ်ဖြစ်သူ ဒေါ်×××နှင့် သွားရောက်နေထိုင်ပြီး ၉-၆-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မှ မိမိနေအိမ်သို့ပြန်ရောက်ပြီး ၁၀-၆-၂၀၁၈ ရက်နေ့ ညသန်းခေါင်အချိန် အဘွားဖြစ်သူနှင့်အတူ အိပ်နေစဉ် အောင်မျိုးမင်းမှ ခြေထောက်ကိုဆွဲသဖြင့် ရုန်းကန်ခဲ့ရာ နံနက်ပိုင်းတွင် အောင်မျိုးမင်းမှ လိုက်ရိုက်သဖြင့် ထွက်ပြေး၍ ယခုကဲ့သို့ အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်တိုင်တန်းကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ မ×××၏ ဖခင်မှ ဥပဒေအရ အရေးယူပေးပါရန် တရားလိုပြုလုပ်တိုင်တန်းသဖြင့် သိမ်ဆိပ်နယ်မြေရဲစခန်းမှ အောင်မျိုးမင်းအား ဖမ်းဆီးလျက် ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ အမှုဖွင့်ပြီး အမှုစစ် ဒုရဲမှူး သိန်းနိုင်မှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ညောင်ဦးဖီး

www.free4reader.com





►►►စာမျက်နှာ(၁၉)မှအဆက်

တယ်။ ဘဝမှာ တစ်ယောက်ဆိုတစ်ယောက်ပဲ ဖြစ်ချင်တယ်။ ကိုယ့်စိတ်နဲ့ထပ်တူကျမယ့်သူ၊ ကိုယ့်ကို နားလည်ပေးနိုင်မယ့်သူ၊ အချစ်စစ်နဲ့ ချစ်မယ့်သူကိုတော့ အခုချိန်ထိ မတွေ့သေးဘူး"လို့ ၎င်းက Voice က တစ်ဆင့် ပြောပြတာပါ။

(၄)

**ပွင့်ပွင့်လင်းလင်းပြောတတ်တဲ့ ရွှေအိမ်စည်ကတော့ သူ(၁၄)နှစ်သမီးတုန်းက ရည်းစားထားဖူးတယ်တဲ့**

မော်ဒယ်သရုပ်ဆောင် ရွှေအိမ်စည်နဲ့ တွေ့ဆုံခိုက်…

"အခုလက်ရှိအနုပညာလုပ်ရှားမှုက အိမ်စည်ရုပ်ရှင်ကားကြီးရိုက်ထားတယ်။ အခု commercial တွေ၊ TVC တွေ ရိုက်ဖို့ရှိတယ်။ ငယ်ငယ်တုန်းကပုံတွေ Facebook ပေါ်မှာ ပြန်တက်လာတာ ကိုးနှစ်ဆယ်နှစ်တုန်းကပုံတွေပါ။ အဲဒီတုန်းကတော့ မိတ်ကပ်လည်း မလိမ်းသေးဘူး။ ဘာမှလည်း မလုပ်တတ်တော့ ကလေးလိုပဲ ချစ်စရာလေးပေါ့။ အမေ့နောက်တစ်ကောက်ကောက်လိုက်နေတဲ့အရွယ်ပဲ ရှိသေးတယ်။ အိမ်စည်အသက်(၁၂)နှစ်က နိုင်ငံခြားကို စရောက်တာပါ။ အိမ်စည်အခြေအနေနဲ့ပြောရရင် မင်္ဂလာဒုံ to လန်ဒန်ဖြစ်သွားတာပေါ့။ အိမ်စည်က မင်္ဂလာဒုံမှာကြီးပြီး လန်ဒန်ကိုရောက်သွားတာ။ အဲဒီတုန်းက အင်္ဂလိပ်စကားတစ်ခွန်းမှ မပြောတတ်ဘူး။ မူကြိုကနေ ခြောက်တန်းလောက်ထိ အစိုးရကျောင်းမှာပဲ တက်သွားတော့ ရောက်ရောက်ချင်းမှာ သူများတွေပြောတာကို ငေးပြီးကြည့်ရတယ်။ နှစ်နှစ်လောက်နေတော့ နားလည်လာပြီး ပြန်မပြောတတ်သေးဘူး။ နည်းနည်းပဲပြောတတ်တယ်။ သုံးနှစ်လောက်ကြာမှ ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်သွားတာပေါ့။ ရောက်ရောက်ချင်းမှာ သိပ်တော့အဆင်မပြေခဲ့ဘူး။ အခက်အခဲရှိခဲ့တာပေါ့။

အိမ်စည်လန်ဒန်သွားတော့ အမေနဲ့ အတူနေရတာပါ။ ငယ်ငယ်တုန်းကတော့ အမေက ဟိုမသွားနဲ့ ဒီမသွားနဲ့ စာလုပ်တို့ ဘာတို့ ပြောတာပေါ့။ ဒါပေမဲ့ အသက်(၁၆)နှစ်ပြည့်ပြီး နောက်ပိုင်း ၁၀ တန်းပြီးတဲ့အချိန်မှာတော့ တခြား မိဘတွေထက်စာရင် အိမ်ကအိမ်စည်ကို လွတ်လပ်ခွင့်ပေးတယ်။ ကိုယ်လုပ်ချင်တာကိုပဲ ဦးစားပေးတယ်။ အရမ်းအဆင်ပြေမှဘဲ ကန့်ကွက်တော့တယ်။ တော်တော်များများက Modelling လုပ်မယ်ဆိုရင် ဒါကြီးလုပ်ချင်တာ သေချာလား၊ တခြားအလုပ်လုပ်လို့ ပြောကြမှာ သေချာတယ်။ ဒါပေမဲ့ အမေကတော့ အိမ်စည်သွားချင်တဲ့ လမ်းကြောင်းကိုသိတယ်။ အိမ်စည် စိတ်ပါတဲ့အလုပ်ကိုပဲ ရွေးချယ်ဖို့ တိုက်တွန်းပြီး အများကြီးအားပေးခဲ့တယ်။ ဝေဖန်မှုတွေနဲ့ပတ်သက်ရင်လည်း အိမ်စည့်အမေက တခြားအမေတွေက် ပိုပြီး strong ဖြစ်သလို ခံစားရတယ်။ အိမ်စည် strong ဖြစ်နေတာက အမေ့ဆီကရတဲ့ အမွေထင်တာပဲ။

အချစ်ရေးနဲ့ပတ်သက်လို့ကတော့ အိမ်စည်ကောင်လေးတစ်ယောက်ကို crush ဖူးတာ အသက်(၁၂)နှစ်လောက်ကပေါ့။ အဲဒီတုန်းကတော့ သူ့ကိုမရရင် ရှူးတော့မလိုဘဲ။ အိမ်မှာ ကိတ်မုန့်လုပ်ရင်တောင် သူ့နာမည်လေးထွင်းထားတာတို့၊ အိမ်စည်ရေးတဲ့ဒိုင်ယာရီမှာ သူ့အကြောင်း စာမျက်နှာ ၅၀ လောက်ချရေးထားတာတွေ ရှိတယ်။ တကယ်တမ်း boy friend စထားတာကတော့ အသက်(၁၄)နှစ်အရွယ်လောက်မှပါ။ အိမ်စည်က မိန်းကလေးကျောင်းတက်ပေမဲ့ မိန်းကလေးကျောင်းဘေးမှာယောကျ်ားလေးကျောင်းရှိတော့ အဲဒီကျောင်းက တစ်ယောက်နဲ့စပြီးတော့ ကြိုက်တာပေါ့။ ကိုယ်ကတော့ အဲဒီတုန်းက ကိုယ့်ကိုယ်ကိုယ် ကြီးနေပြီထင်တာ။ တကယ်တမ်းပြန်တွေးကြည့်တော့ ငယ်ငယ်လေးရယ်။ ကိုယ့်ကိုယ်ကိုယ် independent ဖြစ်ပြီလို့ ထင်တာပေါ့နော်။ ဒါပေမဲ့ အခုချိန်ထိတောင် အဲဒီလိုဖြစ်မလာသေးပါဘူး။

အသက်(၁၄)နှစ်လောက်တုန်းက မြန်မာပြည်တစ်ခေါက်ပြန်လာသေးတယ်။ အဲဒီတုန်းက အိမ်စည့်ကို အားလုံးက အချိုးတွေပြောင်းလာတယ်၊ ရည်းစားရပြီလားမေးတော့ ဟုတ်တယ်လို့ ဝန်ခံလိုက်တာ ဝိုင်းဝန်းကြသေးတယ်။ နောက်ပိုင်းကျမှ ဟိုနိုင်ငံတွေနဲ့ ဒီဘက်နဲ့ အသက်အရွယ်အပိုင်းအခြားအရ လုပ်နိုင်တာတွေဟာ ကွာခြားသေးတယ်ဆိုတာ သိလာရတယ်။ အခုဆိုရင် အိမ်စည်ပြောသင့်တာပြောတယ်။ မပြောသင့်တာတွေ မပြောပြတော့ဘူး"လို့ ပြောသွားခဲ့ကြောင်း အိုအေစစ်ထဲမှာ ဖတ်ရတာပါ။

(၅)

**အသက်ကြီးတဲ့ ကလေးအမေတွေဟာ လူငယ်ချစ်သူရည်းစားမရဘူးဆိုတာ မယုံနဲ့ ကျွန်မသက်သေပြမယ်ဆိုပြီး ချစ်သူတက်တူးထုတ်ပြလိုက်တဲ့ ဘလက်ချီနာ**

အမေရိကန်မော်ဒယ်နဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဘလက်ချီနာဟာ သူ့မှာကိုယ်ဝန်ရှိနေတယ်ဆိုတဲ့ ကောလာလဟာတွေကို မဟုတ်ကြောင်း ပြောကြားပြီးတဲ့နောက် သူ့ရဲ့ချစ်သူ YBN အောမိုက်တီးဂျေကို သူ့ကိုယ်ပေါ်က တက်တူးတွေကို လှစ်ဟပြရင်း သက်သေထူခဲ့ပါတယ်။ အသက်(၃၀)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကလေးနှစ်ယောက်မိခင် ချီနာဟာ အသက်(၁၈)နှစ်အရွယ်ရှိတဲ့ ဂျေနဲ့ ချစ်ကြိုးသွယ်နေတာဖြစ်ပြီး သူ့ရဲ့ကိုယ်ပေါ်မှာ ဂျေရဲ့နာမည်ကို မင်အနီရောင်နဲ့ ရေးထိုးထားတဲ့တာ ဖြစ်ပါတယ်။ ကဲ…ဒီအပတ်တော့ ဒီမျှနဲ့ နားပါရစေ။ မှခင်းသတင်းဖတ်သူတိုင်း အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေကြပါစေ။

အချစ်ရှေ့နေ





## မှုခင်းဟာသ

### အင်မတန် ကျေးဇူးတင်ပါသည်

ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲတစ်ခု။

အဆိုပါ ဟောပြောပွဲ၌ ဒေါက်တာ အာဘောသည် "အိပ်မပျော်သည့် အကြောင်းများ" ဟူသည့် ခေါင်းစဉ်ဖြင့် အကျယ်တဝင့် ဟောပြောလျက်ရှိ၏။ ထိုဟောပြောပွဲသို့ စိတ်ဝင်စားသူများ တက်ရောက် နားထောင်ကြ၏။ ဟောပြောပြီးဆုံးသည့်အခါ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြား၏။

သို့နှင့်ပင် ဒေါက်တာ အာဘော၏ ဟောပြောဆွေးနွေးပွဲကလည်း ပြီးဆုံးသွားလေ၏။ ပရိသတ်များ ပြန်သွားကြချိန်ဝယ် လူတစ်ယောက်သည် ဒေါက်တာ အာဘောထံ ရောက်လာကာ…

"ဆရာ…ဆရာသည်ကနေ့ ဟောပြောတဲ့ "အိပ်မပျော်သည့် အကြောင်းများ" ဟော ပြောချက်ကို နားထောင်ခွင့်ရလိုက်တဲ့အတွက် ပြောမပြနိုင်လောက်အောင် ဝမ်းမြောက် ကျေးဇူးတင်လိုက်တာ ဆရာရယ်…

ဟု နှုတ်ဆက်၏။ ဒေါက်တာ အာဘောလည်း အံ့အားသင့်ခြင်းနှင့်အတူ ကြည်နူးပီတိ ဖြစ်မိလေ၏။

"ဩော်…ဩော်…ခင်ဗျားက ကျုပ် ဟောပြောချက်တွေကို စိတ်ဝင်စားတယ်ပေါ့…ဟုတ်လား…"

"စိတ်မရှိပါနဲ့ ဆရာ…ကျွန်တော့်မှာ အိပ်မပျော်တဲ့ရောဂါ စွဲကပ်နေတာ ကြာပြီ ဆရာရဲ့၊ ခု…ဆရာလည်း စပြောရော အိပ်မပျော်ရောဂါ ပျောက်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလို့ပါပဲ ဆရာ…"

"ဗျာ…"

မြို့မေတ္တာခံယူမယ့်
ကိုရွှေတောသား

www.free4reader.com



# တရုတ်နိုင်ငံသားများ တရားမဝင် ဝင်ရောက်လာမှုကိစ္စ

ဇွန်လ ၁၃ ရက်နေ့ မွန်းတည့် ၁၂ နာရီအချိန်ခန့်တွင် လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ်၊ ကာလီမြို့ တာကော်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် နမ့်စန်မြို့ဘက်မှ ကျိုင်းတုံမြို့ဘက်သို့ ကျိုင်းတုံမြို့နယ်၊ ဝမ်ဝေ့ကျေးရွာနေ လောမူ(၃၆)နှစ်မောင်းနှင်လာသည့် Vigo ယာဉ်ကို စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ပေါ်တွင် လာအိုနိုင်ငံ၊ နမ့်ထမြို့နေ တရုတ် နိုင်ငံသား အားဖူ(၃၁)နှစ်ပါ ကျား(၃)ဦးအား တွေ့ရှိခဲ့သဖြင့် စစ်ဆေးရာ ၎င်းတို့သည် တရုတ်နိုင်ငံသားများဖြစ်ပြီး လက်ရှိ လာအိုနိုင်ငံတွင် နေထိုင်ကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသဖြင့် အရေးယူပေးပါရန် တိုင်ကြားခဲ့သဖြင့် ကာလီနယ်မြေရဲစခန်းမှ (ပ)၈/၂၀၁၈၊ လဝကအက်ဥပဒေပုဒ်မ ၁၃(၁)/၁၃(၂)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောင်မင်းညို

# စိတ်ဖောက်ပြန်သူက ကိုယ့်လည်ပင်းကိုယ် ဘလိတ်ဓားဖြင့် လှီးဖြတ်ကာ သေကြောင်း ကြံစည်

၁၇-၆-၂၀၁၈ ရက်နေ့ ည ၁၁ နာရီ ၅၀ မိနစ်အချိန်ခန့်တွင် ရဲအုပ် လင်းအောင် တာဝန်ဆောင်ရွက်နေစဉ် ခရမ်းမြို့နယ်၊ ကြာကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းမှ ကြာကန်ကျေးရွာအရှေ့ကွင်းနေ စိတ်ဖောက်ပြန်နေသော ဟန်အေးကို(၃၁)နှစ်သည် စိတ်ဖောက်ပြန်ပြီး မိမိလည်ပင်းအား ဘလိတ်ဓား(တစ်ဝက်ပိုင်း)ဖြင့် လှီးဖြတ်ရာ သွေးထွက်လွန်ပြီး သေဆုံးသွားကြောင်း ဖုန်းဆက်အကြောင်းကြား၍ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ခရမ်းမြို့ ကြာကန်ကျေးရွာ အရှေ့ကွင်းနေ ၎င်း၏ဖခင်ဖြစ်သူ ဦးလုကြိုင်၏ နေအိမ်ဘုရားခန်းတွင် ဟန်ကိုအေးအား လည်ပင်း၌ ပြတ်ရှဒဏ်ရာများဖြင့် သွေးများရွှဲကာ သေဆုံးနေသည်ကို တွေ့ရှိရ၏။

ထို့ကြောင့် ဖြစ်စဉ်အား စုံစမ်းမေးမြန်းရာ ဟန်ကိုအေးမှာ ငယ်စဉ်ကတည်းက စိတ်ကျန်းမာရေးမကောင်းသူဖြစ်ကြောင်း၊ လွန်ခဲ့သော (၂)နှစ်ခန့်မှစတင်ကာ ပိုမိုဆိုးရွားလာပြီး ဦးတည်ရာမရှိ ထွက်သွားနေသဖြင့် ဖခင် ဦးလုကြိုင်၊ မိခင် ဒေါ်ခင်တင့်နှင့် အစ်မဖြစ်သူ မဝင်းနိုင်တို့မှ အမြဲစောင့်ကြည့်နေစဉ် ၁၇-၆-၂၀၁၈ ရက်နေ့ညတွင် နေအိမ်တဲရှိ ဘုရားခန်းတွင် မိသားစုအတူ အိပ်နေကြစဉ် ဟန်ကိုအေးသည် ရုတ်တရက် ထထိုင်ကာ ဘလိတ်ဓား(တစ်ဝက်ပိုင်း)ဖြင့် ၎င်း၏ လည်ပင်းအား ၎င်းကိုယ်တိုင်လှီးဖြတ်ကာ အိပ်ရာပေါ်လဲကျသွားသည်ကို မိခင်ဖြစ်သူ ဒေါ်ခင်တင့်မှ တွေမြင်၍ လှမ်းဆွဲသော်လည်း မမီတော့ဘဲ လည်ပင်းမှ သွေးများထွက်နေသဖြင့် သွေးတိတ်စေရန် ဝိုင်းဝန်းပြုလုပ်ပေးနေစဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း ပြောပြ သိရှိရသည်ဟု ဆို၏။

အလောင်းအားခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့အပ်ခဲ့ရာ အလုပ်ကိုစ်ဆရာဝန်က လက်ခံစစ်ဆေးလျက်ရှိပြီး ဖြစ်စဉ်ကို ရဲအုပ် လင်းအောင်မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဘုရားပျံ့နယ်မြေရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၂/၂၀၁၈) ဖြင့် အမှုဖွင့်ပြီး အမှုစစ် နယ်မြေစခန်းမှူး ရဲအုပ် လင်းအောင်မှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တာနွယ်

# ဆိုင်ကယ်ကယ်ရီသမားကို ဓားထောက်ပြီး ဆိုင်ကယ်လုသူ ဝိုင်းဝန်းဖမ်းဆီးရမိ

၁၈-၆-၂၀၁၈ ရက်နေ့ ည ၈ နာရီခွဲအချိန်ခန့်တွင် ရဲထက်အောင်(၁၈)နှစ်၊ ဆိုင်ကယ်ကယ်ရီမောင်း၊ နဝဒေး(၂)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူသည် မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်ဈေးမှ နဝဒေးရပ်ရှင်ရုံသို့ ခရီးသည်(၂)ဦး သွားကြိုရန် ဆိုင်ကယ်မောင်းလာစဉ် မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ နဝဒေး(၄)လမ်းထိပ်အကျော်အရောက် ယခင်ကမကြာခဏ မြင်ဖူးသူ အမည်မသိ(စုံစမ်းဆဲ)၊ အသက်(၂၀)ကျော်ခန့် အမျိုးသားတစ်ဦးမှ ဆိုင်ကယ်အားတား၍ ရပ်တန့်ပေးစဉ် လက်ဖက်ရည်ဆိုင်ထိပ်သို့ လိုက်မည်ဟုပြောဆို၍ ဆိုင်ကယ်နောက်မှ တင်ဆောင်မောင်းနှင်လာစဉ် ဆိုင်ကယ်ပေါ် တက်တက်ချင်း ရဲထက်အောင်၏ ဝမ်းဗိုက်ရှေ့ဘက်အား သိုင်းဖက်လျက် လည်ပင်းအား ဓားဖြင့်ထောက်ကာ "မလှုပ်နဲ့ မအော်နဲ့ အော်ရင် သတ်ပစ်မယ်" ဟု ပြောဆိုကာ ခါးကြားတွင် ထိုးထားသော ဖုန်းအားလုယူ၍ နဝဒေး(၃)လမ်းဘက်သို့ မောင်းနိုင်းခဲ့၏။

၎င်းနေရာမှတစ်ဆင့် (၉)မိုင်၊ ပြည်လမ်းအတိုင်းမောင်းနှင်နိုင်းကာ လေဆိပ်လမ်းအတိုင်း မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကာ(၄)လမ်းအား ဖြတ်လျက် ခေမာသီလမ်းပေါ်အရောက် ဆက်လက်မောင်းနိုင်းပြီးမေတ္တာစီလမ်းဆုံအရောက်တွင် မေတ္တာစီလမ်းမကြီးဘက်သို့ မောင်းနိုင်းကာ လှည့်ကင်းဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များအားတွေ့စဉ် ရဲထက်အောင်၏ လည်ပင်းအား ဓားဖြင့်ဆက်လက်ထောက်ထားကာ ဆိုင်ကယ်အား အမြန်မောင်းနိုင်းသဖြင့် ရဲထက်အောင်မှ ဆိုင်ကယ်အရှိန်မြှင့်မောင်းနှင်ရာမှ (၈)ဈေးလမ်းဆုံအရောက် ရဲတပ်ဖွဲ့ဝင်များအား ထပ်မံတွေ့ရှိရသဖြင့် ရဲထက်အောင်မှ ဆိုင်ကယ်အား ယာဘက်သို့ ဆွဲချမှောက်ပစ်လိုက်ပြီး ဆိုင်ကယ်နှင့်လူ(၂)ဦးစလုံး လဲကျသွား၍ အနီးရှိ ဆိုင်ကယ်ကယ်ရီဆွဲသည့် လူ ၃/၄ ဦးခန့်နှင့် တပ်ဖွဲ့ဝင်များမှ ပြေးလာစဉ် ရဲထက်အောင်မှ ၎င်းအား ဓားထောက်ပြီး ဆိုင်ကယ်လုရန်ပြုလုပ်ကြောင်း အော်ဟစ်ပြောဆိုလိုက်ရာ ဆိုင်ကယ်နောက်မှလိုက်လာသူမှာ ကန်သာယာလမ်းဆုံဘက်သို့ ထွက်ပြေးသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ဆိုင်ကယ်ကယ်ရီမောင်းနှင်သူများ ဝိုင်းဝန်းဖမ်းဆီးရာမှ ဘုမ္မာလမ်းမကြီးနှင့် ဘုမ္မာ(၅)လမ်းထိပ်အရောက်တွင် ဖမ်းဆီးရမိခဲ့၏။

ဖမ်းဆီးရမိသူမှာ အောင်ထွေးနိုင်(၂၄)နှစ်၊ ရွှေနှင်းဆီ(၅)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူဖြစ်ကြောင်း သိရှိရပြီး ထိုသို့ထွက်ပြေးစဉ် ရဲထက်အောင်ထံမှ လုယူထားသည့် Mi Note -1 အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်း ၁ လုံး၊ တန်ဖိုးငွေကျပ်(၁၅၀၀၀၀)အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် အောင်ထွေးနိုင်အား အရေးယူပေးပါရန် ရဲထက်အောင်မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းမှ (ပ)၈၄၁/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး ညီမျိုးလွင်မှ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးမင်း

# ကုမ္ပဏီဝန်ထမ်းတစ်ဦး လုပ်ငန်းခွင်တွင် ဓာတ်လိုက်သေဆုံး

၁၈-၆-၂၀၁၈ ရက်နေ့ မွန်းလွဲ ၃ နာရီခွဲအချိန်ခန့်တွင် ဒုရဲအုပ် မျိုးမင်း တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မှုခင်းရဲဆေးစာဌာနမှ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်တွင် ဓာတ်လိုက်၍ သေဆုံးပြီး အမျိုးသားအလောင်းတစ်လောင်း ရောက်ရှိနေကြောင်း အကြောင်းကြားချက်အရ စခန်းမှူး ဒုရဲမှူး ခင်မောင်ဝင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ အေးချမ်းကို(၂၅)နှစ်၊ ဖော်ကျူးအင်တာနက်ကုမ္ပဏီဝန်ထမ်း၊ မြေပုံထုတ်တပ်ဟောင်းဝင်း၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်နေသူဖြစ်ပြီး အလောင်းအားစစ်ဆေးရာ ယာပါးဖူးရောင်၊ နဖူးယာဘက်ဖူးရောင်၊ ဝဲမျက်ခုံးအောက်ပွန်း၊ နှာခေါင်းစုတ်ပြဲ၊ ယာခြေခုံဘေးဓာတ်လိုက်ဒဏ်ရာ၊ နှာခေါင်းသွေးထွက်ဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရ၏။

အဆိုပါဖြစ်ရပ်ကြောင့် အခင်းဖြစ်စဉ်က သေဆုံးသူနှင့် အတူရှိနေသည့် စိုးထက်အောင်(၁၈)နှစ်၊ ဖော်ကျူးအင်တာနက်ကုမ္ပဏီဝန်ထမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူနှင့် ရဲထက်ထူးအောင်(၂၅)နှစ်၊ ဖော်ကျူးအင်တာနက်ကုမ္ပဏီဝန်ထမ်း၊ (၂)လမ်း၊ ပြည်တော်သာရပ်ကွက်၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်နေသူတို့အား မေးမြန်းခဲ့ရာ ၎င်းတို့သည် ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဥသျှစ်လမ်းသွယ်၊ ရွှေသံလွင်ကွန်ဒိုအနီး အဆောက်အအုံတစ်ခု၏ ခြံဝင်းအတွင်းရှိ လျှပ်စစ်ထရန်စဖော်မာအနီးရှိ တယ်လီဖုန်းတိုင်ပေါ်မှ အင်တာနက်ဖိုက်ဘာကြိုးအား ချည်ရန်အတွက် အဆောက်အအုံ၏ အုတ်တံတိုင်းပေါ်သို့ တက်ရောက်နေရာမှ ဓာတ်လိုက်၍ ပြုတ်ကျခဲ့ကြောင်း ပြောပြသိရှိရသဖြင့် ရဲဆေးစာပေးပို့ခဲ့ရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ PR-015 ဖြင့် လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကို ဒုရဲအုပ် မျိုးမင်းမှ တရားလိုပြုလုပ်တိုင်တန်း၍ ဗဟန်းမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၁၃/၂၀၁၈)ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး ခင်မောင်ဝင်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးမင်း



# နှစ်ကြော့ပြန် အခိုးခံရတဲ့ ကျောက်တန်းမြို့က ဖြစ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့ အေးစေတီလမ်း၊ ရွှေကုန်းရပ်ကွက်နေအိမ်၌ နှစ်ကြိမ်တိုင်တိုင် အခိုးခံရကြောင်း သတင်းရရှိသည်။



ဖြစ်စဉ်မှာ ၂၈-၅-၂၀၁၈ ရက်နေ့ ည ၉ နာရီအချိန်တွင် အေးစေတီလမ်းမကြီး၊ ရွှေကုန်းရပ်ကွက် ဦးဇင်မျိုးထွန်း နေအိမ်တွင် သားသမီးများနှင့်အတူ အိပ်ရာဝင်ခဲ့ပြီး နံနက် ၅ နာရီအချိန် အိပ်ရာမှနိုးထစဉ် နေအိမ်တံခါးမကြီးအားဖွင့်မည့်ပြုလုပ်ရာ တံခါးတွင်တပ်ဆင်ထားသည့် သံဆန်ခါပျက်စီးနေကြောင်း တွေ့ရှိ၍ နေအိမ်အဆောက်အဦအတွင်း စစ်ဆေးကြည့်ရာ TV စင်ပေါ်တွင် ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်၍တင်ထားသော ငွေကျပ်(၄၀၀၀၀၀)၊ ဧည့်ခန်းအတွင်း ကြမ်းပြင်ပေါ်တွင်ချထားသော ငွေကျပ်(၇၀၀၀၀)၊ ၀၉၂၅×××× ဆင်းကတ်ပါ Huawei အမျိုးအစား ဖုန်း (၁)လုံး၊ ပျောက်ဆုံးနေခဲ့ပြီး ရဲစခန်းသို့အကြောင်းမကြားဘဲ မိမိဘာသာ ပတ်ဝန်းကျင်အား စုံစမ်းနေခဲ့ကြ၏။

ထိုသို့စုံစမ်းနေစဉ် ၃၀-၅-၂၀၁၈ ရက်နေ့ ည ၉ နာရီအချိန်တွင် သားသမီးနှစ်ယောက်နှင့်အတူ အိပ်ရာဝင်ခဲ့ပြီး နံနက် ၁ နာရီခွဲ အချိန်ခန့်တွင် အိပ်ခန်းအပြင်မှ "ဒုန်း" ဆိုသော မသင်္ကာဖွယ်အသံကြားသဖြင့် ဇင်မျိုးထွန်းမှ အိပ်ခန်းနံရံကို သုံးချက်ပုတ်လိုက်ပြီး ခုတင်ပေါ်မှ ကြမ်းပြင်ကို ခြေနင်းသံပြင်းပြင်းဖြင့် အိပ်ခန်းမှအပြင်ထွက်ကြည့်ရာ နေအိမ်ပြတင်းပေါက် (၃) ပေါက်ပွင့်နေသည်ကို မြင်လိုက်သောအခါမှာ လူဝင်နေသည်ကို သိရှိရသဖြင့် ၎င်းမှ "သူခိုး သူခိုး" ဟု အော်ပြီး နေအိမ်ရှေ့တံခါးမကြီးကိုဖွင့်လိုက်ရာ နေအိမ်ခေါင်းရင်းမှ အမည် မသိလူ(၂)ယောက်မှနေအိမ်ရှေ့ခြံစည်းရိုးအုတ်တံတိုင်းပေါ်သို့ ပြိုင်တူကျော်တက် ထွက်ပြေးသွားပြီး ထို့နောက် (၃) စက္ကန့်အကြာတွင် နောက်တစ်ဦး ခြံစည်းရိုးအုတ်တံတိုင်းကိုကျော်၍ ထွက်ပြေးသွားသည်ကို တွေ့ရှိရသဖြင့် ချက်ချင်း ကျောက်တန်းမြို့မရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့ရာ နယ်ထိန်းအရာရှိ ရဲအုပ် ခိုင်ဝင်း ဦးဆောင်သော မီးတန်းကားရောက်ရှိလာခဲ့ပြီး ဖြစ်စဉ်များကိုပြောပြခဲ့သည်။

ထို့ကြောင့် နေအိမ်အတွင်း စစ်ဆေးကြည့်ရာ ၀၉-၅၄×××× ၊၀၉-၇၉×××× ဆင်းကတ် (၂)ကတ်ပါ HUAWEIအမျိုးအစား ဖုန်း(၁)လုံး၊ JDH အမျိုးအစား အနက်ရောင် TABLET (၁)လုံး၊ SAMSUNG အမျိုးအစား TABLET (၁) လုံး၊ အမျိုးအစားမသိ အဖြူရောင်ဒိုင်ခွက်ပါ လက်ပတ်နာရီ (၁)လုံးပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။

ထို့နောက် နေအိမ်ပတ်လည်ရှာကြည့်ရာတွင် နောက်ဖေးမီးဖိုဆောင်နားတွင် အော်ကတ္တီပါ(အနက်ရောင်)ဖိနပ်တစ်ရန်နှင့် Aerosoft ဖိနပ်တစ်ရန်ကျန်ရှိနေကြောင်း တွေ့ရှိရသည်။ နေအိမ်ရှေ့အုတ်တံတိုင်းခြံစည်းရိုးပေါ်ရှိ ဘလိတ်ဓားကြားတွင် ဆိုင် ကယ်သော့ညှပ်နေသည်ကို တွေ့ရှိရသဖြင့် အနီးပတ်ဝန်းကျင်နေရာတွင် ဆိုင်ကယ်ရှိရမည်ဟု လိုက်လံကြည့်ရှုခဲ့ရာ ၎င်း၏ နေအိမ်နှင့်ကပ်လျက် ဇိနန်မာရ်အောင်ဘုရား ဝန်းအတွင်းမုခ်ဦးဘေးတွင် နံပါတ်ပြားမပါ FEELING 110 အနက်ရောင်ဆိုင်ကယ်တစ်စီးအား တွေ့ရှိရသဖြင့် ထိုသော့ဖြင့် ဖွင့်ကြည့်ရာ ဆိုင်ကယ်မှာ သော့ပွင့်သွားပြီး နံပါတ်(၁)ဂီယာအသင့်ထိုးထားသည်ကို တွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ယင်းဖြစ်ကြောင့် နေအိမ်အားနှစ်ကြိမ်တိုင်တိုင်ဥပဒေမဲ့ ခိုးယူနေကြသော အမည်မသိလူ (၃)ယောက်တို့အား ဥပဒေအရ အရေးယူပေးပါရန် အေးစေတီလမ်းမကြီး၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့နေထိုင်သူ ဦးဇင်မျိုးထွန်းမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ကျောက်တန်းမြို့မရဲစခန်းမှ အမှုစစ် နယ်ထိန်းအရာရှိ ရဲအုပ် ခိုင်ဝင်းမှ အမည်မသိလူ(၃)ဦးအား (ပ)၂၀၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်အရေးယူထားပြီး ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံး ဖမ်းမိရေးနှင့် သက်သေခံပစ္စည်း သိမ်းဆည်းရမိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်တန်း)

www.free4reader.com



# ကိုယ်ပိုင်ကား တိမ်းမှောက်သဖြင့် သားဖြစ်သူယာဉ်မောင်း ဒဏ်ရာရ မိခင်သေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဇွန် ၁၇ ရက် ည ၁၀ နာရီခန့်က ကိုယ်ပိုင်ယာဉ်တစ်စီး တိမ်းမှောက်ရာမှ အမျိုးသမီးတစ်ဦး နေရာတွင် ပွဲချင်းပြီး သေဆုံးသွားကြောင်း မလယ်ရဲကင်းစခန်းမှ သိရ၏။

၎င်းဖြစ်စဉ်မှာ ကန့်ဘလူမြို့နယ် ချောင်းမကြီးကျေးရွာအနီး ဇီးကုန်း-မလယ်ကားလမ်းမိုင်တိုင်အမှတ် ၁၃/၁၄ ကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ မလယ်နယ်မြေရဲကင်းစခန်းမှူး ရဲအုပ်ကျော်သန်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ မိခင်ဖြစ်သူ ဒေါ်တင်ရှိ(၆၇)နှစ်၊ သမီးဖြစ်သူ ဒေါ်ညိုညိုခိုင်(၃၇)နှစ်နှင့် သားဖြစ်သူ ယာဉ်မောင်းချမ်းမိုးအောင်(၃၂)နှစ် တဲကြီးကုန်းကျေးရွာ ကောလင်းမြို့နယ်နေ သုံးဦးတို့သုံးဦး လိုက်ပါမောင်းနှင်လာသော (ခဲရောင်)ကိုယ်ပိုင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ထိုယာဉ်တိမ်းမှောက်မှုကြောင့် မိခင်ဖြစ်သူ ဒေါ်တင်ရှိ(၆၇)နှစ်မှာ ဦးခေါင်းတွင် ပေါက်ပြဲဒဏ်ရာ တစ်ချက်ဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ယာဉ်မောင်းချမ်းမိုးအောင်မှာ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာ တစ်ချက်(စိုးရိမ်ရ) ရရှိထားသဖြင့် ရွှေဘိုပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ အတွင်းလူနာအဖြစ် ကုသလျက်ရှိကြောင်း၊ ဒေါ်ညိုညိုခိုင်မှာ မည်သည့်ဒဏ်ရာမျှ ရရှိခြင်းမရှိကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ် မောင်း ချမ်းမိုးအောင်အား မလယ်နယ်မြေ ရဲကင်းစခန်းမှ ယာဉ်(ပ)၂/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၃၈/၃၀၄-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

စတာ




## ရှုခင်းသတင်း FaceBook ဒိုင်ယာရီ



### သေဆုံးခဲ့တဲ့ ဝိညာဉ်က ကားပေါ်ပါလာတဲ့ ကိစ္စ

ဒီနေ့ လူမှုကွန်ရက်ဖေ့စ်ဘွတ်စာမျက်နှာသို့ ရောက်ရှိလာသည့်အကြောင်းအရာများအနက် ကားကြိတ်ခံရ၍ သေဆုံးခဲ့သူက ကားပေါ်တွင် ပါလာသည့်ဆိုသည့် ဗီဒီယိုအကြောင်းနှင့် မြန်မာပလာဇာတွင် ဖွင့်လှစ်ထားသည့် ဖုန်းဆိုင်တစ်ဆိုင်မှ နမူနာပြထားသည့် iphone X ကို ခိုးယူခံရသည့်အကြောင်းတို့ကို ဖော်ပြလိုက်ပါသည်။

ကားကြိတ်ခံရ၍ သေဆုံးခဲ့သည့် မောင်ထိန်လင်းအောင်ဆိုသူက ကားပေါ်တွင် လိုက်ပါလာသောကြောင့်ဟုဆိုကာ ၎င်းတို့ကြုံတွေ့ရသည့်အကြောင်း ဗီဒီယိုဖိုင်ကို Ashin Sanda Zawti အမည်ဖြင့် ဖေ့စ်ဘွတ်ခ်အသုံးပြုသူက ဖော်ပြရာ ကြည့်ရှုသူ နှစ်သန်းကျော်အထိရှိပြီး Like လုပ်သူ တစ်သောင်းခွဲခန့်သာရှိသော်လည်း ပြန်လည်ဝေမျှသူ တစ်သိန်းခန့်ရှိခဲ့သည်။

အဆိုပါဗီဒီယိုဖိုင်တွင် ယာဉ်မောင်းတစ်ဦးတည်းကသာ ကားပေါ်တွင်လိုက်ပါလာသည်ဟုဆိုသည့် သေဆုံးသူနှင့်အဆက်အသွယ်ရပြီး သံဃာတော်များက လိုက်ပါလာသူကို အမျှအတန်းပေးဝေမည်ဟုဆိုကာ သက်န်းလှူခြင်းစသဖြင့် အလှူအတန်းများပြုလုပ်ပေးခဲ့သည်။

အဆိုပါဗီဒီယိုဖိုင်ကို ကြည့်ရှု၍ ဖေ့စ်ဘွတ်ခ်အသုံးပြုသူများက ယင်းကဲ့သို့ ကိစ္စမျိုးကြုံတွေ့ဖူးကြောင်း မှတ်ချက်ရေးသားသူများရှိသလို အချို့ကလည်း မဖြစ်နိုင်ကြောင်း မှတ်ချက်များ ရေးသားထားသည်။ “ပြောလည်းပြောချင်တယ်။ ပြောလည်း ပြောရဲဘူး။ Hallucination or bipolar ဖြစ်တယ်ထင်တာပဲ။ ညဘက်လူနာတင်ကားတစ်ယောက်တည်းမောင်းရတော့ ကိုယ့်စိတ်ကိုယ့်ပြန်ခြောက်ရင်း အမှန်လို့ထင်သွားတတ်တာမျိုး”ဟု Hsu Hninn Htike အမည်ဖြင့် ဖေ့စ်ဘွတ်ခ်အသုံးပြုသူက မှတ်ချက်ပြုသည်။

မြန်မာပလာဇာတွင် ဖွင့်လှစ်ထားသည့် Wind Mobile World ဆိုင်တွင် စုံတွဲတစ်တွဲက နမူနာပြသထားသည့် i Phone X ကို ခိုးယူသည့် အကြောင်း စီစီတီဗီမှတ်တမ်းတွင် တွေ့ရှိရသည့်ဓာတ်ပုံနှင့်အတူ Win Mobile World ၏ ဖေ့စ်ဘွတ်ခ် စာမျက်နှာတွင် ဖော်ပြရာ Like လုပ်သူ ခြောက်ထောင်ကျော်နှင့် ပြန်လည်ဝေမျှသူ သုံးထောင်ကျော်ရှိခဲ့သည်။

စီစီတီဗီမှတ်တမ်းတွင် ၎င်းတို့နှစ်ဦး၏ လှုပ်ရှားမှုများကို သေသေချာချာမြင်တွေ့ရပြီး ဖုန်းကိုဖြုတ်၍ ခိုးယူသူသည် မိန်းကလေးဖြစ်နေသောကြောင့် ၎င်း၏ဂုဏ်သိက္ခာကို ထောက်ထားသောအားဖြင့် တင်ထားသည့် ဓာတ်ပုံတွင် မျက်နှာကိုဖျက်ထားပေးကာ ၎င်းတို့ထံသို့ ၃ ရက်အတွင်း ပြန်လည်ဆက်သွယ်၍ ပေးအပ်ရန်နှင့် မပေးအပ်ပါက သက်ဆိုင်ရာမှ အရေးယူမည်ဖြစ်ကြောင်း ရေးသားထားသည်။

အဆိုပါအကြောင်းအရာအပေါ် ဖေ့စ်ဘွတ်ခ်အသုံးပြုသူများက ဖုန်းခိုးသူများကို သက်ဆိုင်ရာသို့ တိုင်တန်းခြင်းမပြုသည့်အပေါ် မေးခွန်းများမေးမြန်းထားပြီး ဖုန်းဖြုတ်ချိန်တွင် Alarm မမြည်သည်မှာလည်း ဆိုင်၏ အားနည်းချက်ဖြစ်ကြောင်း ထောက်ပြထားသည်။ “သူခိုးဆိုပေမဲ့ သူ့အမှားအတွက် ပြန်လည်ပြင်ဆင်ဖို့ အခွင့်အရေးပေးတာ လေးစားတယ်။ ပေးတဲ့အခွင့်အရေးကို လက်လွတ်ခံလိုက်ရင်တော့ သူတို့နှစ်ယောက်ရဲ့ဘဝ တစ်သက်လုံး သေဆုံးပြီပဲ”ဟု Minlay La အမည်ဖြင့် ဖေ့စ်ဘွတ်ခ်အသုံးပြုက မှတ်ချက်ရေးသားထားသည်။

FB



# လှိုင်သာယာမြို့နယ်ရှိ ဆိပ်ကမ်းတွင် ရပ်တန့်ထားသော သင်္ဘောများပေါ်မှ ဖုန်းလိုက်ခိုးသူ အမှု(၄)မှုနဲ့ အရေးယူခံရ

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးတို့မှ နယ်မြေအတွင်း ခိုးမှု၊ လုယက်မှုများနှင့် လူဆိုး၊ လူမိုက်ဂိုဏ်းအဖွဲ့ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး၊ ထိရောက်ကြိုး/ကာများ ဖမ်းဆီးရမိရေး၊ ပြေး(၄)ပြေးများ ရာနှုန်းပြည့်မိစွာ ဖမ်းဆီးရမိရေးဆောင်ရွက်ရန် “လင်းယုန်စီမံချက်-၂ အကောင်အထည် ဖော်ဆောင်ရွက်သွားရန်” ဟု ညွှန်ကြားခဲ့သည်။

အဆိုပါညွှန်ကြားချက်အရ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မှုခင်းနှိမ်နင်းရေးဌာနစုမှ ဌာနစုမှူး ဒုရဲမှူး ဝင်းနိုင် ဦးစီး၍ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ ဒုရဲအုပ် ဇေယျာပြည့်၊ ရဲတပ်ကြပ် ဇေကိုဦး၊ ရဲတပ်ကြပ် ခင်မောင်သန်းတို့အဖွဲ့သည် သက်သေ ဦးမောင်မောင်လတ်၊ ဦးလှထွန်းတို့နှင့်အတူ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၆)၊ ဦးထွန်းညိုလမ်းမပေါ်တွင် နယ်မြေသတင်းစုံစမ်းနေစဉ် ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိသူ နိုင်လင်းဇော်(ခ)ကိုနိုင်နှင့် အေးမြတ်မွန်တို့ (၂)ဦးမှာ Huawei G-6 Coo အမျိုးအစား အနက်ရောင်လက်ကိုင် ဖုန်း (၁)လုံးအား လိုက်လံရောင်းချနေစဉ် စစ်ဆေးရာဖွေရာ ၎င်းတို့ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ မပြသနိုင်သဖြင့် လှိုင်သာယာမြို့မရဲစခန်းမှ (ပ)၁၉၁၆/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀/၅၄ အမှုဖြင့် အရေးယူဆောင်ရွက်ခဲ့၏။

ထပ်မံစစ်ဆေးရာ ၎င်းတို့သည် လွန်ခဲ့သော ၂၀၁၈ ခုနှစ် မတ်လအတွင်း ရက်မ မှတ်မိနေ့ နံနက် ၁ နာရီအချိန်ခန့်တွင် လှိုင်သာယာမြို့နယ်၊ ဒိုင်စုကျေးရွာ၊ ဆိပ်ကမ်းသာလမ်း၊ အဏ္ဏဝါလွှမ်းကုမ္ပဏီဆိပ်ကမ်းတွင် ရပ်တန့်ထားသော ငါးဖမ်းသင်္ဘောပေါ်မှ Oppo အနက်ရောင်လက်ကိုင်ဖုန်း (၁)လုံးအား ခိုးယူရရှိခဲ့ပြီးနောက် ဒိုင်စုကျေးရွာ၊ ပိတောက်ရွှေဝါ(၂)လမ်းနေ ဝင်းမင်းထွေး(ခ)အဖိုးကြီးထံတွင် ငွေကျပ်(၄၅၀၀၀)ဖြင့် ရောင်းချခဲ့ကြောင်း၊ လွန်ခဲ့သော ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရက်မမှတ်မိ ည ၁၁ နာရီအချိန်ခန့်တွင် လှိုင်သာယာမြို့နယ်၊ ဒိုင်စုကျေးရွာ၊ စစ်မှုထမ်းဟောင်း ကုန်တင်ကုန်ချဆိပ်ကမ်းတွင် ရပ်တန့်ထားသော ငါးဖမ်းသင်္ဘောပေါ်မှ AADRA အနက်ရောင် Keypad လက်ကိုင်ဖုန်း (၁)လုံးအား ခိုးယူရရှိခဲ့ပြီးနောက် ဒိုင်စုကျေးရွာ၊ ဂေါက်ကွင်းပတ်လမ်း (ကျူး)နေ ဝင်းမောင်ထံတွင် အပ်နှံထားကြောင်း၊ ထို့ပြင် လွန်ခဲ့သော ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ရက်မမှတ်မိ ည ၁၁ နာရီ ၄၀ မိနစ်အချိန်ခန့်တွင် လှိုင်သာယာမြို့နယ်၊ ဒိုင်စုကျေးရွာ၊ ဆိပ်ကမ်းသာလမ်း၊ အဏ္ဏဝါလွှမ်းကုမ္ပဏီဆိပ်ကမ်းတွင် ရပ်တန့်ထားသော ငါးဖမ်းသင်္ဘောပေါ်မှ HONOR အနက်ရောင် လက်ကိုင်ဖုန်း (၁)လုံးအား ခိုးယူရရှိခဲ့ပြီးနောက် အေးမြတ်မွန်၏ နေအိမ်တွင် သိမ်းဆည်းထားကြောင်း အသီးသီးစစ်ဆေးပေါ်ပေါက်ပြီး နိုင်လင်းဇော်(ခ)ကိုနိုင်နှင့် အေးမြတ်မွန်တို့ (၂)ဦးမှ လိုက်လံပြသသဖြင့် သက်သေခံပစ္စည်းများအား သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး သက်ဆိုင်ရာ ရဲစခန်းများမှ အရေးယူဆောင်ရွက်ခဲ့သည်။

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ ဌာနစုမှူး ဒုရဲမှူး ဝင်းနိုင်ဦးစီးတပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ နေအိမ်များအတွင်းမှ ဖုန်းများအား ခိုးယူခဲ့သူ နိုင်လင်းဇော်(ခ)ကိုနိုင်(၁၉)နှစ်၊ ဂေါက်ကွင်းပတ်လမ်း၊ ဒိုင်စုကျေးရွာ၊ လှိုင်သာယာမြို့နယ်နေသူနှင့် အေးမြတ်မွန်(၁၆)နှစ်၊ (လိပ်စာတူ)တို့ နှစ်ဦးအား စစ်ဆေးခဲ့ရာ ဖုန်းခိုးမှု (၄)မှု ကျူးလွန်ခဲ့မှု စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သတင်းရရှိသည်။

အတာ(မှုခင်း)

# သုံးခွမြို့နယ် မော်ဝန်းချောင်းအတွင်း အမျိုးသားတစ်ဦးရေနစ်သေဆုံး

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မော်ဝန်းချောင်းအတွင်း၌ ၁၆-၆-၂၀၁၈ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်က လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းရရှိသဖြင့် သုံးခွမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ တင့်ဇော်(၅၀)နှစ်၊ ကျပန်းအလုပ် လုပ်ကိုင်သူဖြစ်ပြီး သပြေလမ်း(၁၂)ရပ်ကွက် သုံးခွမြို့နေသူဖြစ်ကြောင်း သိရှိရသည်။

၎င်းသည် ၁၄-၆-၂၀၁၈ ရက်နေ့ ည ၁၀ နာရီခန့်က ရပ်ကွက်အတွင်း အရက်သေစာ သောက်စားမူးယစ်သဖြင့် ပတ်ဝန်းကျင်မှ တိုင်တန်း၍ ရဲတပ်ဖွဲ့ဝင်များနှင့် (၁၂)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစန်းအောင်မရောက်မီ နေအိမ်အနောက်ဘက်ရှိ မော်ဝန်းချောင်းအတွင်း ထွက်ပြေးတိမ်းရှောင်ရာမှ ပျောက်ဆုံးသွားကြောင်း သိရှိရသည်။

၎င်းမှာ ယခင်ကလည်း အရက်သေစာ သောက်စား၍ ရပ်ကွက်အတွင်း အကြိမ်ကြိမ်ရမ်းကားလေ့ရှိကြောင်း၊ ရဲတပ်ဖွဲ့ဝင်များလာမည်ပြောပါက မော်ဝန်းချောင်းအတွင်း အကြိမ်ကြိမ်ထွက်ပြေးတိမ်းရှောင်လေ့ရှိကြောင်း သိရှိရပြီး ယခုအကြိမ်တွင် ချောင်းအတွင်း ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရှိရဘဲ ရေနစ်သည့်လက္ခဏာဖြင့် သေဆုံးကြောင်း စစ်ဆေးတွေ့ရှိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် သိရှိနိုင်ရန် သုံးခွမြို့မရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် (၁၀/၂၀၁၈)ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကိုကျော်(သုံးခွ)

www.free4reader.com






# သန် လျင် မြို့ နယ် တွင် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချသူအား ဖမ်း ဆီး အ ရေး ယူ

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသူအား ဖမ်းဆီးအရေးယူထားကြောင်း သတင်းရရှိသည်။**

ဖြစ်စဉ်မှာ ၉-၆-၂၀၁၈ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲအချိန်ခန့်တွင် သန်လျင်မြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် မျိုးအောင်နှင့်အဖွဲ့၊ သက်သေ ဦးဝင်းသိန်း (ရပ်ကွက်အုပ်ချုပ်ရေးမှူး)၊ ဦးအုန်းသန်းတို့နှင့်အတူ မူးယစ်ဆေးဝါး သတင်းအရ မူးယစ်ဆေးဝါးရှာဖွေခွင့်ဝရမ်း အမှတ် (၁၀/၂၀၁၈)ဖြင့် သန်လျင်မြို့ မြို့ ပေါင်းရပ်ကွက်၊ ဦးဖိုးသိမ်းလမ်းသွယ်(၅) ရှိ ဦးလှစိုး(ခ)မှုဆာ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းခန်းတွင် ဦးလှစိုး(ခ)မှုဆာနှင့်အတူ ဦးကျော်မောင်ထူးတို့နှစ်ဦးအား တွေ့ရှိပြီး စစ်ဆေးရှာဖွေရာ ၎င်းတို့ထိုင်နေသည့် ရှေ့တွင် Red Ruby စီးကရက်ဘူးခွံအတွင်း အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား (၂၀၃)ပြား ကာလတန်ဖိုးငွေကျပ်(၅၀၇၅၀၀)ခန့်၊ အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများ (၂)ပြား၊ ကာလတန်ဖိုးငွေကျပ်(၅၀၀၀)ခန့် ငွေကျပ်(၈၂၅၀၀)၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ Huawei G 730 ဆင်းကတ်နှစ်ခုပါ အနက်ရောင်လက်ကိုင်ဖုန်း (၁)လုံး၊ အရှီးအသွား ၁၄ လက်မခန့် သံဓားအိမ်ပါ စတီးဓားချွန်တစ်ချောင်းတို့အား ရှာဖွေတွေ့ရှိသဖြင့် သက်သေများ၏ ရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ ဦးလှစိုး(ခ)မှုဆာ(၅၂)နှစ်၊ ဦးဖိုးသိမ်းလမ်းသွယ် (၅)၊ မြို့ပေါင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နေသူနှင့် ဦးကျော်မောင်ထူး(၃၆)နှစ်၊ ဦးဖိုးသိမ်းလမ်းသွယ်(၅)၊ မြို့ပေါင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်နေသူတို့အား ဥပဒေအရ အရေးယူပေးပါရန် သန်လျင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် မျိုးအောင်မှ တရားလိုပြုလုပ်တိုင်ကြားလာသဖြင့် သန်လျင်မြို့မရဲစခန်းမှ အမှုစစ် ဒုရဲအုပ် အောင်မြတ်ထွန်းမှ မယ(ပ)၁၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁/၂၂(ခ)ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ကျော်ကျော်(သန်လျင်)

မောင် ယဉ် ကျော် ရဲ့ သ တင်း ထ မင်း ဝိုင်း မှ အ ဆက်

## ရဲတိုက်ပါတဲ့ကားတွေ ရွှေတိဂုံအောင်မြေမှာ ကန်တော့ပွဲသွားပေးလိုက်သတဲ့

ရဲတိုက်၊ ဒေါင်း၊ ရွှေထူးနှင့် ဝတ်မှုန်ရွှေရည်တို့ အဓိကပါဝင်သရုပ်ဆောင်မည့် 'ဒဏ္ဍာရီမိုး'ဟု အမည်ပေးထားသည့် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးသည့် အခမ်းအနားကို ဇွန် ၂၀ ရက်က ရွှေတိဂုံစေတီတော် အောင်မြေနေရာ၌ ပြုလုပ်ခဲ့သည်။ အဆိုပါကန်တော့ပွဲပေးသည့်အခမ်းအနားသို့ ဇာတ်ကားတွင် ပါဝင်ကြမည့် အနုပညာရှင်များ စုံလင်စွာ တက်ရောက်ခဲ့ကြသည်။



"ဒီဇာတ်ကားအတွက် ကျွန်တော်တို့ ဇာတ်လမ်းစတည်ကတည်းက အကောင်းဆုံးဖြစ်အောင် သေချာပြင်ဆင်ကြိုးစားထားပါတယ်။ ရုပ်ရှင်ရုံပေါ်မှာ ပရိသတ်တွေကြည့်ရတဲ့အခါ သူတို့စိတ်ကျေနပ်မှု အပြည့်အဝရရှိတဲ့ ဇာတ်ကားတစ်ကားဖြစ်စေဖို့အတွက် ကျွန်တော်တို့ လုပ်နိုင်သမျှ အကောင်းဆုံးကြိုးစားပြင်ဆင်ပါတယ်။ ရိုက်ကူးတဲ့အခါမှာလည်း အကောင်းဆုံး ကြိုးစားရိုက်ကူးသွားမှာပါ"ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ဆိုသည်။

'ဒဏ္ဍာရီမိုး'ရုပ်ရှင်ဇာတ်ကားသည် မိုးနီလွင်၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ဝင်းလွင်ထက်က ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းလေးကို စပြီးကြားရကတည်းက ကစ်အနေနဲ့ ရိုက်ကူးချင်တဲ့စိတ်ဖြစ်ခဲ့တာပါ။ ကိုယ်ဘယ်လို လုပ်မယ်ဆိုတာထက် အဓိက,ကတော့ ဒီဇာတ်လမ်းအတွက် ဘယ်လိုတွေက အကောင်းဆုံးဖြစ်မလဲဆိုတာကို ကစ်တို့တွေ သေချာညှိနှိုင်းပြီး စီစဉ်ကြတာပါ"ဟု အကယ်ဒမီဝတ်မှုန်ရွှေရည်က ဆိုသည်။

ဇွန်လ ၂၃ ရက်တွင် ရန်ကုန်မြို့၌ စတင်ရိုက်ကူးသွားမည့် 'ဒဏ္ဍာရီမိုး'ဇာတ်ကားသည် ရွှေထူး၏ တတိယမြောက်ရုပ်ရှင်ဖြစ်ပြီး ပါဝင်ကြသည့် အဓိကဇာတ်ဆောင်လေးဦးသည် ယခုဇာတ်ကားတွင်းမှ ပထမဆုံးအကြိမ် တွဲဖက်သရုပ်ဆောင်ကြမည့်သူများဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းလေးက တကယ်ကိုကောင်းတဲ့ ဇာတ်လမ်းလေးပါ။ ကျွန်တော်ရဲ့ ဇာတ်ကောင်စရိုက်က သူဌေးသားတဇွတ် ထိုးလုပ်တတ်တဲ့ကောင်လေးပေါ့။ ကိုယ့်အတွက်ဆိုတာထက် ကျွန်တော်တို့တွေအားလုံး စုပေါင်းအားနဲ့ ဇာတ်ကားကောင်းတစ်ကားဖြစ်အောင် ကြိုးစားကြဖို့ပဲ ပြင်ဆင်စိတ်နှစ်ထားပါတယ်"ဟု ဒေါင်းက ဆိုသည်။

'ဒဏ္ဍာရီမိုး'ရုပ်ရှင်ဇာတ်ကားတွင် ရဲတိုက်၊ ဒေါင်း၊ ရွှေထူးနှင့် ဝတ်မှုန်ရွှေရည်တို့နှင့် အခြားအနုပညာရှင်များလည်း ပါဝင်မည်ဟု သိရသည်။

## ကျုပ်တို့ဆီက မင်းသားမင်းသမီးတွေ ဒီလူလို လိုက်မလုပ်ကြပါနဲ့

ကျုပ်က စာအစုံဖတ်တော့ ကျုပ်တို့ဆီက လူငယ်တွေ သရုပ်ဆောင်တွေကို ကျုပ်ဖတ်ရတဲ့ အကြောင်းတွေ တွေးပြီးပူမိတာ အမှန်ပါ။ ဒါကဘာလဲဆိုတော့ ဒီသရုပ်ဆောင်လုပ်ပုံပါ . . .

**ဒိုင်ယာလော့ဂ်များကို အလွတ်မကျက်ဘဲ နားကြပ်အကူအညီယူခဲ့ဟု ဂျော်နီဒပ်စွပ်စွဲခံရ**



ဟောလိဝုဒ်နာမည်ကြီးမင်းသား ဂျော်နီဒပ်သည် ဇာတ်ဝင်ခန်းစကားပြော ဒိုင်ယာလော့ဂ်များကို အလွတ်မကျက်ဘဲ နားကြပ်အကူအညီကို ယူခဲ့သည်ဟု စွပ်စွဲခံရကြောင်း ဇွန် ၂၂ ရက် Contactmusic သတင်းက ဆိုသည်။

ဂျော်နီဒပ်၏ စီမံခန့်ခွဲမှုကုမ္ပဏီဟောင်း The Management Group (TMG) က ဂျော်နီဒပ်သည် ဇာတ်ညွှန်းကို ဘယ်သောအခါမှ လေ့လာသူမဟုတ်ကြောင်း အသံအင်ဂျင်နီယာများသည် ဂျော်နီဒပ် သရုပ်ဆောင်စဉ်တွင် နားကြပ်မှတစ်ဆင့် ဒိုင်ယာလော့ဂ်များ ပြောပေးခဲ့ကြောင်း ယခုနှစ်တရားရုံးဖိုင်တွဲများတွင် စွပ်စွဲပြောကြားခဲ့ကြသည်။

အဆိုပါစွပ်စွဲချက်များကို ယခုအခါ ဂျော်နီဒပ်က ပြန်လည်တုံ့ပြန်ပြောကြားလိုက်သည်။ ဒိုင်ယာလော့ဂ်များ အလွတ်မကျက်ခြင်းကို အတည်ပြုမပြောကြားသော်လည်း ဂျော်နီဒပ်က နားကြပ်သည် မိမိ၏ သရုပ်ဆောင်အရည်အသွေးကို အကူအညီပေးရန်ဖြစ်ကြောင်း၊ မျက်လုံးအမူအရာနှင့်သာ သရုပ်ဆောင်ရာတွင် နားကြပ်က အကူအညီပေးကြောင်း၊ မိမိလေးစားသော သရုပ်ဆောင်များထဲတွင် အသံတိတ်ရုပ်ရှင်ခေတ်မှ သရုပ်ဆောင်များပါဝင်ကြောင်း ရှင်းလင်းပြောကြားသည်။

သရုပ်ဆောင်ရာတွင် မျက်လုံးသည် အလွန်အရေးကြီးကြောင်း၊ မျက်လုံးဖြင့် သရုပ်ဆောင်ရာတွင် အသက်မပါပါက ဒိုင်ယာလော့ဂ်များသည် အလကားသာဖြစ်ကြောင်း၊ ဂျော်နီဒပ်က ပြောသည်။

ဂျော်နီဒပ်က မိမိ၏ငွေများကို လွဲမှားစွာ စီမံခန့်ခွဲမှုဖြင့် TMG ကုမ္ပဏီကို တရားစွဲခဲ့သည်။ TMG ကုမ္ပဏီကလည်း တုံ့ပြန်တရားစွဲရာတွင် ဂျော်နီဒပ်ကို အပုပ်ချရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ဂျော်နီဒပ်သည် အသုံးအစွဲမဆင်ခြင်သောကြောင့် ငွေရေး၊ ကြေးရေး ကျပ်တည်းနေကြောင်း သိရသည်။

❖ ❖ ❖

## သမ္မတကတော်ဝတ်ထားတဲ့ အင်္ကျီပေါ်က စာသားက ငါတကယ်ဂရုမစိုက်ဘူး မင်းကောဆိုတဲ့စာကိစ္စ

အင်္ဂလိပ်စာမျိုးစုံနဲ့ အင်္ကျီတွေပေါ်မှာ ပါတဲ့ စာသားတွေ အဓိပ္ပာယ် ဘာမှန်းမသိဝတ်ကြတဲ့သူတွေအတွက် ဒီဖြစ်ရပ်လေးက သတိထားစရာပါ။

အမေရိကန်-မက္ကဆီကိုနယ်စပ် တက္ကဆက်ပြည်နယ်ရှိ ရွှေ့ပြောင်းနေထိုင်သူကလေးငယ်များထံ သွားရောက်သည့် ခရီးစဉ်အတွင်း အမေရိကန်သမ္မတကတော် မီလန်နီယာထရန့်ဝတ်ဆင်ထားသည့် ဂျာကင်၌ ပါဝင်သော စာသားကြောင့် အွန်လိုင်းတွင် ဝေဖန်မှုများ ထွက်ပေါ်နေသည်။

တရားမဝင် ဝင်ရောက်လာသော ရွှေ့ပြောင်းနေထိုင်သူများနှင့် သားသမီးကလေးငယ်များကို ခွဲထားသည့် လုပ်ရပ်နှင့်ပတ်သက်၍ နိုင်ငံတကာ၏ ဒေါသပြေလျော့စေရန် အိမ်ဖြူတော်က ခက်ခက်ခဲခဲကြိုးပမ်းနေစဉ် ယင်းခရီးစဉ်တွင် မီလန်နီယာထရန့်၏ ဂျာကင်ပေါ်၌ "ငါတကယ်ဂရုမစိုက်ဘူး။ မင်းကော"ဟု ရေးထားသောစာသားကြောင့် ယခုကဲ့သို့ အွန်လိုင်းတွင် အုတ်အော်သောင်းတင်း ဖြစ်နေသည်။

Daily Mail သတင်းဌာန၏ ဖော်ပြချက်အရ ၃၉ ဒေါ်လာတန်ဖိုးရှိသည်ဟု သိရသော ယင်းသံလွင်စိမ်းရောင်ဂျာကင်ကို ၎င်းဝတ်ဆင်ရသည့်အကြောင်းရင်း နောက်ကွယ်၌ ကွယ်ဝှက်ထားသော သတင်းစကားများ မရှိဟု ပြောရေးဆိုခွင့်ရှိ အမျိုးသမီး စတီဖန်နီဂရစ်ရှံဟမ်က ပြောသည်။

ဇနီးဝတ်ဆင်ခဲ့သော ဂျာကင်နှင့်ပတ်သက်၍ တွစ်တာပေါ်တွင် သတင်းအတုမီဒီယာများကို ရည်ညွှန်းကြောင်း ဒေါ်နယ်ထရန့်က ပြောသည်။

မီလန်နီယာသည် တက္ကဆက်ပြည်နယ် မက်ဒယ်လန်မြို့သို့ ရောက်ချိန်တွင် ယင်းအငြင်းပွားဖွယ် ဂျာကင်အစား ဆာဖရီပုံစံဂျာကင်တစ်ထည်ကို ပြောင်းလဲဝတ်ဆင်ခဲ့သည်။




သို့သော် အိမ်ဖြူတော်သို့ ပြန်လာစဉ် ဝါရှင်တန်ဒေသ၌ ပူပြီးစိုထိုင်းမှုရှိသော်လည်း ၎င်းကို ယင်းအငြင်းပွားဖွယ် ဂျာနယ်နှင့် တွေ့မြင်ခဲ့ရသည်။

ယခုကဲ့သို့ အဝတ်အစားရွေးချယ်ပုံကြောင့် လူအများကို မီလန်နီယာက အံ့အားသင့်စေခဲ့သည်မှာ ပထမအကြိမ်မဟုတ်ဘဲ ယမန်နှစ်ကလည်း ဟာရီကိန်းမုန်တိုင်းဟာဗေးကြောင့် ထိခိုက်ပျက်စီးမှုများကို သွားရောက်ကြည့်ရှုစဉ် ဒေါက်ဖိနပ်စီးခဲ့သဖြင့် ဝေဖန်ခံခဲ့ရသည်။

www.free4reader.com

# ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အဆုံးသတ်လိုက်တဲ့ အမေရိကန်နှင့် တောင်ကိုရီးယား

**အမေရိကန်နှင့် တောင်ကိုရီးယားတို့ စစ်ရေးလေ့ကျင့်မှုနှာပြီ**

အမေရိကန်နဲ့ မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ ရလဒ်များကို စတင်အကောင်အထည်ဖော်တဲ့အနေနဲ့ တောင်ကိုရီးယားနှင့်ပူးတွဲ စစ်ရေးလေ့ကျင့်မှုများကို ရပ်ဆိုင်းထားလိုက်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်ကနေ ကြေညာလိုက်ပါတယ်။ နောက်သုံးလအကြာမှာ ပြုလုပ်ဖို့ ရှိနေတဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်တော့မှာမဟုတ်ပါဘူး။ ပြီးခဲ့တဲ့နှစ်က ပြုလုပ်ခဲ့ကြတဲ့ 'ဖရီးဒမ်းဂါဒီယံ' ပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ အမေရိကန်စစ်သည် ၁၇၅၀၀ နဲ့ တောင်ကိုရီးယားစစ်သည် ၅၀၀၀ ခန့် ပါဝင်ခဲ့ကြပါတယ်။ ဒါကလည်း မြောက်ကိုရီးယားရဲ့ ရန်စခြိမ်းခြောက်မှုကို လက်တုံ့ပြန်တဲ့ စစ်အင်အားပြတာလည်း ဖြစ်ပါတယ်။ အခုတော့ ကိုရီးယားကျွန်းဆွယ်မှာ စစ်မက်အရိပ်ရောင်တွေ ကင်းမဲ့သလို နျူကလီယားလက်နက်တွေလည်း ကင်းစင်တော့မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ ခေါင်းဆောင်တွေရဲ့ လက်ထဲမှာ စိတ်ထဲမှာပဲရှိကြောင်းကို မြောက်ကိုရီးယားတောင်ကိုရီးယားနဲ့ အမေရိကန်ခေါင်းဆောင်တွေက လက်တွေ့ပြသလိုက်တာ ဖြစ်ပါတယ်။ တကယ်ငြိမ်းချမ်းချင်ရင်တော့ အနီးလေးပါပဲ။ မငြိမ်းချမ်းချင်သေးလို့သာ ခရီးဝေးနေကြတာ ဖြစ်ပါတယ်။

ဒီလိုဖြစ်ရပ်မျိုးတွေ ဖြစ်တည်လာစေဖို့ ကန်နဲ့မြောက် သမိုင်းဝင်တွေ့ဆုံကြဖို့ စင်ကာပူနိုင်ငံက ငွေကြေးအကုန်ကျခံပြီး လက်ခံကျင်းပစေခဲ့တာ ဖြစ်ပါတယ်။ ထရမ့်နဲ့ ကင်ဂျုံအန်းတို့ တွေ့ဆုံကြဖို့အတွက် လုံခြုံရေးပိုင်းဆိုင်ရာမှာ စိတ်ချလုံခြုံဖို့ အမေရိကန်ဒေါ်လာ ၁၂ သန်းခန့် သုံးစွဲခဲ့ရတယ်လို့ စင်ကာပူအစိုးရက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ထရမ့်နဲ့ ကင်တို့ဟာ စင်ကာပူမှာ တွေ့ဆုံပြီး ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးအတွက် သမိုင်းမျက်နှာစာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ကြပါတယ်။

**ပုသိမ်က ငွေစက္ကူအတုနဲ့ တရုတ်ယွမ်အခြေအနေ**

ဇွန်လ ၂၂ ရက်နေ့မှာ တစ်သောင်းတန်နဲ့ ငါးထောင်တန် ငွေစက္ကူအတုများ ထုတ်လုပ်ဖြန့်ဖြူးနေသူတွေကို ဖမ်းဆီးလိုက်ပါတယ်။ သတင်းအရ ပုသိမ်ရဲစခန်းမှ တာဝန်ရှိသူများဟာ အသွင်ယူတဲ့အနေနဲ့ ငွေစက္ကူအတုများ လာရောက်လဲလှယ်ဖို့ စားသောက်ဆိုင်တစ်ခုဆီ ချိန်းဆိုလိုက်ပါတယ်။ တရားခံတွေကလည်း ရောက်လာကြပါတယ်။ အသီးသက်သေတွေရှေ့မှာပဲ ငါးထောင်တန် ငွေစက္ကူ ၉၉ ရွက်နဲ့ တစ်သောင်းတန်ငွေစက္ကူ ၁၂ ရွက်တို့ကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့ပါတယ်။ ဖမ်းမိသူနှစ်ဦးကို ဆက်လက်စစ်ဆေးဖော်ထုတ်ရာမှာ ငွေစက္ကူအတုများကို ပုသိမ်၊ အမှတ်(၁)ရပ်ကွက်နေ လင်မယားနှစ်ဦးထံမှ ရရှိကြောင်း သိရှိရသဖြင့် ၎င်းတရားခံအားလုံးကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။ သမာအာဇီဝနဲ့ ရှာဖွေစားသောက်နေကြတဲ့ ပြည်သူအများ ငွေစက္ကူအတုဘေးမှ ကင်းဝေးနိုင်ကြပါစေ…။

တရုတ်-မြန်မာ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် တရုတ်ယွမ်ငွေကို နိုင်ငံတကာကုန်သွယ်မှု ငွေကြေးအဖြစ် မကြာမီကျင့်သုံးသွားဖို့ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေ သိရပါတယ်။ လက်ရှိ အချိန်မှာတော့ အမေရိကန်ဒေါ်လာ ယူရိုငွေကြေး၊ စင်ကာပူဒေါ်လာ သုံးမျိုးကိုသာ နိုင်ငံတကာ ကုန်သွယ်ရေးအတွက် ခွင့်ပြုထားတာ ဖြစ်ပါတယ်။ တရုတ်ယွမ်ငွေကိုပါ ချဲ့ထွင်သုံးစွဲဖို့ ပြင်ဆင်လာတာပါ။ တရုတ်ငွေကြေးကို နိုင်ငံတကာ ကုန်သွယ်မှုငွေကြေးအဖြစ် ပြောင်းလဲအသုံးပြုခြင်းအားဖြင့် နယ်စပ်ကုန်သွယ်ရေးမှာ မြန်မာနိုင်ငံရဲ့ ကုန်ပစ္စည်းတင်ပို့မှုအပေါ် တရုတ်နိုင်ငံက သတ်မှတ်ထားတဲ့ ခွဲတမ်းထက် ကျော်လွန်ကာ တင်ပို့နိုင်မှာဖြစ်တယ်လို့ သတင်းတွေက ဆိုပါတယ်။

**ထောင်ငါးနှစ်ကျသွားတဲ့ ကက်သလစ်ဘုန်းတော်ကြီး**

အသက်တစ်ရာပြည့်အောင် မနေရပေမဲ့ လူတိုင်းမှာ အမှုတစ်ရာ ပွေ့ရတတ်တယ်ဆိုတဲ့ ရှေးရိုးစကား ရှိပါတယ်။ တကယ်တော့ လောကကြီးက ရှုပ်ထွေးပွေလီလွန်းတာ မဟုတ်ပါဘူး။ လူတွေ မာယာများလွန်းနေတာကြောင့် လောကကြီး မငြိမ်းချမ်းဖြစ်နေရတဲ့သဘောပါပဲ။ အခုဖော်ပြမယ့် သတင်းကလည်း ရှုပ်ထွေးပွေလီလွန်းတဲ့ လောကကြီးထဲက စိတ်မသက်သာစရာ သတင်းတစ်ပုဒ်ပဲ ဖြစ်ပါတယ်။ သံတမန်ဟောင်းလည်း ဖြစ်၊ ကက်သလစ်ဘုန်းတော်ကြီး တစ်ပါးလည်းဖြစ်သူကို ဇွန်လ ၂၃ ရက်နေ့မှာ ဗာတီကန်တရားရုံး ကနေ ထောင်ဒဏ် ငါးနှစ်ချမှတ်လိုက် ပါတယ်။ ဘုန်းတော်ကြီးဟာ ဘာကြောင့် များ ပြစ်ဒဏ်ကျခံရပါလိမ့်။ ဘုန်းတော်ကြီး ဟာ အမေရိကန်မှာ သံတမန်တစ်ဦးအနေနဲ့ တာဝန်ထမ်းဆောင်ချိန်မှာ ညစ်ညမ်းတဲ့ အရွယ်မမယ်ကလေးပုံတွေကို လက်ဝယ်ထားရှိခဲ့တယ်ဆိုပြီး တရားရုံးက ဆုံးဖြတ်ခဲ့တာပါ။

ဝါရှင်တန် ဗာတီကန်သံရုံးမှာ တာဝန်ထမ်းဆောင်နေတဲ့ သံတမန်အဖွဲ့ဝင်တစ်ဦးဟာ ညစ်ညမ်းတဲ့ ကလေးပုံတွေကို လက်ဝယ်ထားရှိခြင်းဟာ ဥပဒေချိုးဖောက်တာဖြစ်တယ်လို့ ၂၀၁၇၊ ဇွန်လမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဗာတီကန်ဆီ အကြောင်းကြားခဲ့ပါတယ်။ ဒါကြောင့်ပဲ ဗာတီကန်ကနေ အမှုဖွင့် စုံစမ်းစစ်ဆေးခဲ့တာပါ။ အခုအတိုင်းသာဆိုရင် ဘုန်းတော်ကြီးဟာ ဗာတီကန်ရဲ့ အကျဉ်းထောင်တစ်ခုမှာ ပြစ်ဒဏ်ကျခံရဖို့ သေချာသလောက်ဖြစ်နေပါပြီ။

**သယံဇာတကျိန်စာသင့်နေတဲ့ ဖားကန့်**

ဖားကန့်ဟာ သယံဇာတကျိန်စာသင့်နေတာတော့ အမှန်ပါပဲ။ ဖားကန့်ဟာ ကျောက်စိမ်းထွက်ဒေသပါ။ စည်းမဲ့ကမ်းမဲ့ လက်ဝါးကြီးအုပ် တူးဖော်မှုတွေကြောင့်ပဲ ဖားကန့်မြေဟာ နာလန်မထူနိုင်တော့ပါဘူး။ အခုလည်း ဇွန်လ ၂၃ ရက် သတင်းတွေအရတော့ မိုးရွာလို့ မြေတွေပြိုပြီး လူ(၇)ဦးလောက် သေဆုံးသွားတယ်လို့ ကြားသိရပါတယ်။ ဒီလိုဖြစ်ရတာဟာ ကျောက်စိမ်းတူးဖော်မှုကြောင့်ပဲ ရေကြီးပြီးမြေပြိုတာတွေ ဆက်တိုက်ဖြစ်ပေါ်နေပါတယ်။

ဘယ်လောက်တောင် စည်းမဲ့ကမ်းမဲ့ တူးနေကြသလဲဆိုရင် ၂၀၀၇ ခုနှစ်ကနေ ၂၀၁၈ ခုနှစ် ဆယ်နှစ်တာကာလအတွင်းမှာ တောင်အလုံးပေါင်း ၅၀ လောက် ပျောက်ဆုံးသွားပြီး မြစ်ချောင်း ၂၃ ခုလောက် သုံးမရအောင် ကောသွားခဲ့တယ်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများရဲ့ မှတ်တမ်းပြုစုချက်များအရ သိရပါတယ်။

မြေမျက်နှာပြင်အနေအထား ပြောင်းလဲသွားတဲ့အတွက် မိုးရွာတဲ့အခါ ရေတွေဟာ စီးဆင်းစရာ လမ်းကြောင်းမရှိတော့ဘဲ ဦးတည်ရာမဲ့ စီးဆင်းလို့ လူနေ ရပ်ကွက်တွေမှာ ရေကြီးရေလျှံမှုတွေလည်း ဖြစ်ပေါ်နေရပါတယ်။ ရေစီးကြောင်း ပြောင်းသွားလို့ တောင်စောင်းတွေ တိုက်စားခံရပြီး မြေပြိုသလို၊ မိုင်းခွဲလို့ ဖြစ်ရတဲ့ မြေကြီးအက်ကြောင်းတွေထဲ ရေစိမ့်ဝင်ကာ တောင်တွေ ပြိုကျနေတာ ဖြစ်ပါတယ်။

ဘာကြောင့်များ ဖားကန့်မှာ တရားလက်မဲ့ ဖြစ်နေရပါသလဲ။ စနစ်တကျထိန်းချုပ်ဖို့ အခက်အခဲများစွာ ရှိနေဆဲပါပဲ။ ဖားကန့်မှာတော့ လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံက ကြီးစိုးနေကြလို့ တရားဥပဒေစိုးမိုးမှု မှေးမှိန်ပျောက်ဆုံးနေတာတော့ အမှန်ပါပဲ။

**ယောက်ျားရဲ့ ဆွေမျိုးတွေကို အဆိပ်ခတ်သတ်တဲ့ အမျိုးသမီး**

ဇွန်လ ၂၄ ရက်နေ့မှာ ဖတ်မိလိုက်တဲ့ သတင်းတစ်ပုဒ်ကလည်း အတော်လေး ထူးဆန်းအံ့ဩစရာပါပဲ။ အမျိုးသမီးတစ်ဦးဟာ ဟင်းတွေထဲမှာ အဆိပ်ခတ်ခဲ့တာကြောင့် လူငါးဦးသေဆုံးမှု ဖြစ်ပွားခဲ့ပါတယ်။ အဲဒီသေဆုံးသူတွေထဲမှာ လေးဦးဟာ ကလေးသူငယ်တွေပါ။ အဆိပ်ခတ်သူ အမျိုးသမီးကို ဇွန်လ ၂၂ ရက်နေ့မှာ ရိုင်ဂတ်ခရိုင်မှာပဲ ဖမ်းမိခဲ့ပါတယ်။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတော့ တရားခံ အမျိုးသမီးဟာ သူ့ရဲ့ အသားရောင်မည်းမှုနဲ့ ဟင်းချက်မတော်တာတွေကို ယောက်ျားရဲ့ ဆွေမျိုးတွေက အမြဲတစေလှောင်ခြင်း ခံရတာကြောင့် စားစရာတွေထဲမှာ ပိုးသတ်ဆေးတွေထည့်ပြီး လက်တုံ့ပြန်ခဲ့တာပဲ ဖြစ်ပါတယ်။ လူငါးဦးသေဆုံးပြီး အချို့ကလည်း ဆေးရုံတက်ရောက်ကုသခြင်း ခံခဲ့ရပါတယ်။ ဒီလို ဖြစ်ရခြင်း တရားခံဟာ အမျိုးသမီးများအပေါ် နှိမ့်ချဆက်ဆံခြင်းနဲ့ စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုတွေကြောင့်ပဲ ဖြစ်ပါတယ်။ အသားမည်းခြင်းဟာ အိန္ဒိယလူ့အဖွဲ့အစည်းအတွက် ပြဿနာဖြစ်နေပြီး အိန္ဒိယနိုင်ငံမှာ အသားဖြူဆေးဟာ အတော်အရောင်းသွက်နေပါတယ်။

နောက်သတင်းကလည်း အမျိုးသမီး အခွင့်အရေးနဲ့ သက်ဆိုင်ပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံရဲ့ သတင်းပါ။ သူတို့နိုင်ငံရဲ့ ဓလေ့ထုံးစံအရ အမျိုးသမီးတွေရဲ့ အခွင့်အရေးကို ကန့်သတ်ထားပါတယ်။ ဆော်ဒီနိုင်ငံမှာတော့ အမျိုးသမီးများ ကားမောင်းခြင်းကို ပိတ်ပင်ထားပါတယ်။ ဒီကန့်သတ်မှုဟာ ကမ္ဘာပေါ်မှာ တစ်ခုတည်းရှိတဲ့ နိုင်ငံဖြစ်နေပါတယ်။ ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်ရဲ့ ပြုပြင်ပြောင်းလဲမှုများကြောင့် အရာရာဟာ ပြောင်းလဲခဲ့ပါတယ်။ အခုလည်း အမျိုးသမီးများ ကားမောင်းခွင့် ပိတ်ပင်ထားမှုမှာ ဇွန် ၂၄ ရက်နေ့မှာ တရားဝင်ပြီးဆုံးသွားခဲ့ပြီ ဆော်ဒီနိုင်ငံမှာ အမျိုးသမီးများ ကားမောင်းခွင့်ရရှိသွားပြီဖြစ်ပါတယ်။

မောင်ဝေအေး







